www.burmeseclassic.com



# ဝေမှုံးသွင်

# ကြာပန်းလေးနဲ့ပြန်မခေါ်ကြေး

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၀၁၈၀၉၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၀၂၇၁၀၁၀ |
| စီစဉ်သူ | - | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | အောက်တိုဘာလ၊ ၂၀၁၀ ခုနှစ် |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | - | သားကျော် |
| အဖုံးဖလင် | - | EMPIRE |
| အတွင်းဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် မျက်နှာဖုံးပုံနှိပ် | - | ဒေါ်ကြည်ပြာသွယ် (၀၉၁၇၂) ဝင်းတိုးအောင်ပုံနှိပ်တိုက် အမှတ် ၁၈၁၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဦးစန်းမွန်အောင် (ငါတို့စာပေ) အမှတ် ၇၅-ဒီ ၊ ဖိုးစိန်လမ်း။ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ဝေမှူးသွင်

ကြာပန်းလေးနဲ့ ပြန်မခေါ်ကြေး / ဝေမှူးသွင် - ရန်ကုန်။ ငါတို့စာပေ၊ ၂၀၁၀။

၁၆၆ - စ၊ ၁၂ စင်တီမီတာ x ၁၈ စင်တီမီတာ။


www.burmeseclassic.com

www.burmeseclassic.com

# (၁)

“ဟာ . . . ဟော့ကောင် တမသ (သမ္မတ) မလာသေးဘူးလား”

“အေး . . . မလာသေးဘူးကွ၊ ဒီကောင့် ဖုန်းကိုလည်း ငါခေါ်ကြည့်တာ ငါးခါလောက်ရှိပြီ၊ အခုထိမရဘူး”

မျိုးဝင်းက အောင်ပြည့်ဘေးမှာ ဝင်ထိုင်ရင်း ဆိုင်ထဲသို့ ဝေ့ရမ်း၍ကြည့်မိ၏။ သမ္မတဖွင့်ထားသော Internet Cafe ဆိုင်မှာ မဆိုးလှဟု သူက ကောက်ချက်ချလိုက်ပါသည်။ ပြီးတော့ ဘာကြောင့်မှန်းမသိဘဲ စိတ်တွေက အလိုလို တိုလာပြန်သည်။ နောက်မှ ငါ့နေ့



www.burmeseclassic.com

www.burmeseclassic.com



ပွဲသည် သမ္မတ (ခေါ်) ညီညီထွန်း ဒကာခံပေးမည့် ပွဲဖြစ်ကြောင်း တွေးမိကာ မျိုးဝင်းက အနည်းငယ် အားနာလို့သွားသည်။ သူ့ဆိုင်မှာထိုင်ပြီး သူကျွေးမွေးမည့်ပွဲကို မျှော်နေမိမှတော့ မျိုးဝင်းလည်း ညီညီထွန်း၏ အောင်မြင်မှုတွေအတွက် မုဒိတာပွားပေးရန် ကြိတ်မှိတ်ကြိုးစားရတော့သည်။

ဝင်လာကတည်းက သူမေးသည့် မေးခွန်းတစ်ခွန်းကို ပြန်ဖြေသည်မှအပ တကုပ်ကုပ်နှင့် ဘာတွေအလုပ်ရှုပ်မှန်းမသိ ရှုပ်နေသော အောင်ပြည့်သည် အခုမှ သူ့ဘက်သို့ တစ်ခါပြန်လှည့်ကြည့်၍ အဟီးဆိုပြီး ရယ်ပြ၏။ မျိုးဝင်းလည်း စကားပြောရတော့မည်ဟု တွေးကာ ပါးစပ်လေးဟရုံရှိသေးသည်။ အောင်ပြည့်က ချက်ချင်းကြီး မျက်နှာပြန်လွှဲသွားသဖြင့် ဘာမှမပြောလိုက်ရပေ။ သူက အောင်ပြည့်ကို မျက်စောင်းတစ်ချက်ထိုးပြီး ဆိုင်ထဲမှာ ငြိမ်သက်စွာ ထိုင်နေကြသော Customer တွေဆီ အကြည့်ကို ရွှေ့လိုက်ပါသည်။

ထိုစဉ် သူတို့အရွယ် လူတစ်ယောက်က ဆိုင်ထောင့်စွန်းတစ်နေရာမှ သူ့ကို လက်လှမ်းပြကာ စပ်ဖြီးဖြီးရယ်ပြသဖြင့် မျိုးဝင်းမှာ ကြောင်စီစီဖြစ်သွားရှာသည်။ မြင်ဖူးသလိုလိုပေမယ့် ဘယ်သူမှန်းကို သူသေချာဝေခွဲမရချေ။ ထိုငနဲ့က ထိုင်ရာမှထ၍ သူထိုင်နေသော ကောင်တာဆီ လျှောက်လာတော့မှ မျိုးဝင်းလည်း ထိုငတကို အားပါးတရ ဆဲရေးပစ်လိုက်သည်။ တကယ်တော့ သူတော်တော်လေး ပျော်သွားမိပါသည်။ ငနဲသားမှာ အရင်တုန်းကနှင့် လုံးဝမတူ။



www.burmeseclassic.com

www.burmeseclassic.com



အတော်သားနားနေသဖြင့် သူ ရုတ်တရက် မမှတ်မိလိုက်ခြင်းဖြစ်၏။

"တတောင်းစား အောင်လွင်ဦး၊ ငါ မင်းကို မြင်မြင်ချင်း ဘယ်ကကောင်လဲဆိုပြီး ကြောင်နေတာ၊ ဘယ်နှယ့်လဲ . . . တော် တော်တားနားနေပါလား၊ အင်္ကျီတွေ ဘောင်းဘီတွေ ဝတ်လို့ အမယ် . . . ခါးမှာလည်း ဟန်းဖုန်းကြီးနဲ့၊ ဟာဟ . . ."

အောင်လွင်ဦးသည် သွားကြီးဖြီးကာ တဟဲဟဲရယ်ရင်း မျိုးဝင်း ဘေးမှာ ဝင်ထိုင်လိုက်သည်။ စာရင်းတွေလုပ်နေသော အောင်ပြည့် ထံမှ အသံထွက်လာပြန်၏။

"အေးကွ၊ ငါလည်း ဒီကောင်ဝင်လာကာစက မမှတ်မိဘူး လေ၊ ဒီကောင့်မျက်နှာက အရင်လို အမွေးအမျှင်တွေလည်း မရှိ တော့ဘူး၊ နောက်ပြီး ဝတ်ထားစားထားတာကလည်း ကြည့်ဦးလေ၊ လူလိုသူလိုဖြစ်နေတော့ လူမှားတာပေါ့ကွ၊ အောင်လွင်ဦးလို့ ဘယ် ထင်မှာလဲ"

"မင်းတို့ပြောပုံကလည်းကွာ၊ ငါ့များ ရစရာကို မရှိတော့ဘူး . . . ဟွန်း"

အောင်လွင်ဦးမှာ နှုတ်ခမ်းကြီးစူနေ၏။ မျိုးဝင်းက အသံ သိပ်မကျယ်အောင် ထိန်းပြီးရယ်နေလိုက်သည်။ အောင်ပြည့်ကလည်း သူ့အလုပ်တွေ လက်စသတ်လျက် သူငယ်ချင်းတွေနှင့် စကားပြော ဖို့ ဟန်ပြင်လိုက်လေသည်။ မျိုးဝင်းက . . .

"ငါက မင်းမရောက်သေးဘူး ထင်နေတာ၊ ဒါနဲ့ နေပါဦး၊



www.burmeseclassic.com

www.burmeseclassic.com



မင်းက Internet ဝင်ပြီး ဘာတွေတွေ့သွားကလိနေတာလဲ၊ ပေါက်တတ်ကရ ဝက်ဘ်ဆိုက်တွေ လျှောက်ဝင်မကြည့်နဲ့နော်၊ ဟိုကောင် တမသ (သမ္မတ) ဒုက္ခရောက်နေဦးမယ်"

"အေးပါကွာ၊ ငါသိပါတယ်၊ တမသ (သမ္မတ) ဒုက္ခရောက်အောင် မလုပ်ပါဘူး ပေကောက်ရာ . . . ဟဲဟဲ"

အောင်လွင်ဦးသည် မျိုးဝင်းစကားမပီတာကို လိုက်လံတုပနောက်ပြောင်နေသည့်အပြင် မျိုးဝင်း၏နာမည်ပြောင်ကိုပါ ခေါ်လိုက်သဖြင့် အောင်ပြည့်က တခွိခွိထရယ်သည်။ မျိုးဝင်းက သိပ်မကြည့်သော်လည်း ဘာမှပြန်မပြောဘဲ သူ့ဟန်းဖုန်းကိုထုတ်၍ သမ္မတ (ခေါ်) ညီညီထွန်းထံ ဖုန်းဆက်ကြည့်နေ၏။ ဖုန်းက မထင်မှတ်ဘဲ ဝင်သွားလေ၏။

"အေး . . . ငါက မင်းဆိုင်မှာ၊ ဟိုကောင် အောင်လွင်ဦးလည်း ရောက်နေပြီ၊ ငါတို့ သွားနှင့်ရမှာလား၊ အေး . . . အေး . . . အဲဒါဆို ပြီးရော . . . ပြီးရော"

မျိုးဝင်းက လိုရင်းကိုသာ မြန်မြန်ပြော၍ သူ့ဖုန်းကို အိတ်ထဲပြန်ထည့်လိုက်၏။ ပြီးတော့ ဟိုနှစ်ကောင်ဘာမှမမေးရသေးခင်၊ သူတို့သိချင်တာကို အလိုက်သိသိ ပြောပြလိုက်ပါသည်။

"ကဲ . . . သွားကြမယ်၊ ဒီကောင်က နည်းနည်းကြာဦးမှာတဲ့၊ ငါတို့ အရင်သွားနှင့်တဲ့၊ အောင်ပြည့် . . . မင်းကိုလည်း ငါတို့နဲ့ တစ်ခါတည်းလိုက်ခဲ့ဖို့ မှာသွားတယ်၊ ဆိုင်မှာ ဟိုချာတိတ်ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com


ပျောက်လားတဲ့၊ ဘယ်သူ အဲဒီကောင်လေး"

ဒီလောက်ဆို အောင်ပြည့်က သဘောပေါက်လိုက်ပြီ။ မျိုးဝင်း နာမည်မေ့နေသည့် ဆိုင်အကူသူငယ်လေးကို အောင်ပြည့်က လှမ်းခေါ်ပြီး အကျိုးအကြောင်းပြောကာ လိုအပ်တာတွေ မှာကြားနေ၏။

"ကဲ . . . အဲဒါဆို ငါစိတ်ချမယ်နော် ဝင်းထွဋ်၊ ငါတို့သွားမယ် သိလား"

ဝင်းထွဋ်ဆိုသော ချာတိတ်လေးက ခေါင်းလေးညိတ်လျက် ကျန်ရစ်ခဲ့၏။ အောင်လွင်ဦးက သူမောင်းနေသည့် တက္ကစီကို ယူလာသဖြင့် မျိုးဝင်း (ခေါ်) ပေကောက်မှာ စိတ်ချမ်းသာနေသည်။ အမှန်တော့ "ပေကောက်" ဆိုတာ တရုတ်လူမျိုးဖြစ်သော မျိုးဝင်းတို့ အဖေ၏ နာမည်ဖြစ်သည်။ သူက ပေကောက်ဟူသော နာမည်ထက် ပေသီးခေါက်ဆိုသည့် အမည်နှင့် ပိုမိုသင့်တော်လှသည်။ သူ တက္ကစီခ မကုန်တော့မှန်း နားလည်လိုက်သဖြင့် မျိုးဝင်းသည် အောင်လွင်ဦး၏ ဆိုးဝါးညံ့ဖျင်းလွန်းသော ဥပဓိရုပ်ကို ဒီနေ့အဖို့ ရယ်စရာမလုပ်တော့ရန် တစ်ခါထဲ ဆုံးဖြတ်ထားလိုက်၏။ သူငယ်ချင်းအချင်းချင်း ပေါင်းသင်းဆက်ဆံရေး၌ပင် မျိုးဝင်းသည် ထိုသို့စီးပွားရေးအမြင်ရှိသူ ဖြစ်ပါသည်။

* * * *


www.burmeseclassic.com

www.burmeseclassic.com

(၂)

သမ္မတစောင့်ခိုင်းထားသော Morning Star ဆိုင်ထဲမှာ သူတို့သုံးယောက် ထိုင်နေကြရာ နာရီဝက်ခန့်ကြာသွားသည်အထိ အလှူရှင်က ရောက်မလာသေးပေ။ အောင်ပြည့်တစ်ယောက်သာ အေးအေးဆေးဆေးရှိနေပြီး ကျန်နှစ်ယောက်မှာ တလှုပ်လှုပ် တရွရွ ဖြစ်နေကြ၏။ အောင်လွင်ဦးက . . .

"ဟေ့ကောင် . . . အောင်ပြည့်၊ မင်းကောင်ကို ဖုန်းဆက်ကြည့်ပါဦးကွ"

"မင်းဆက်ပါလား၊ မင်းမှာလည်း ဖုန်းပါလာတယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား"

"အဲ . . . အဲဒါက . . ."

"ဘာလဲ . . . မင်းအဖိုးကြီးဖုန်းကို အလစ်မှာ 'မ' လာတာလား၊ မင်းကွာ . . အခုထိ ငယ်ငယ်က အကျင့်ကို မဖျောက်သေးဘူး"

အကြောင်းသိဖြစ်သော အောင်ပြည့်၏ စကားကြောင့် အောင်လွင်ဦးမှာ တွန့်ကနဲ ဖြစ်သွားပြီး ဘာမှစကားထပ်မဟတော့ပေ။ သူ့အဖေအကြောင်း သူသိသည်။ ဖုန်းယူလာတာပင် လွန်လှပြီ။ သူ့အဖေဦးအီဗရာဟင် ရေချိုးခန်းထဲဝင်နေတုန်း အောင်ပြည့်ပြောသလို အောင်လွင်ဦးက ဖုန်းကို အလစ်သုတ်လာခြင်း ဖြစ်ပါသည်။ ညီညီထွန်း၏ အင်တာနက်ဆိုင်သို့ မရောက်မီ ဦးအီဗရာဟင်က သူ့ကို အိမ်ဖုန်းနှင့်လှမ်းဆက်၍ အကြီးအကျယ် ဆူဆဲပြောဆိုကာ တစ် call မျှ အသုံးမပြုရဟု အပိန့်ထုတ်လိုက်ပြီးသား ဖြစ်၏။ တစ် call လောက်ခေါ် ဆိုတာကို သိသွားသည်နှင့် အောင်လွင်ဦးကို မွေးသဖခင်ဦးအီဗရာဟင်က တကယ်ပဲ အိမ်မှနှင်ထုတ်ပေလိမ့်မည်။ ဒီအကြောင်းတွေ သူငယ်ချင်းများ သိလျှင်လည်း ဒင်းတို့လှောင်တာနှင့် သူအရှက်ကွဲမှာ သေချာလှသည်။

"ဟေ့ကောင် အောင်လွင်ဦး၊ ဘယ်သူ့ဖုန်းဖြစ်ဖြစ် ဆက်လိုက်စမ်းလေကွာ၊ မျက်လုံးကြီးပြူးပြီး ဘာငိုင်နေတာလဲ၊ ဖုန်းတစ် call လောက်နဲ့ သေမသွားပါဘူးဟ"

ထိုသို့ မျိုးဝင်းက ထပ်ကွန့်လိုက်တော့ အောင်လွင်ဦးမှာ



www.burmeseclassic.com

www.burmeseclassic.com



ပိုတွန့်သွားရှာ၏။ အောင်လွင်ဦးသည် ရှုးသလိုပေါ၊ လို အမူအရာဖြင့် တဟီးဟီးရယ်လျက် အုန်းဆီများ ရွှဲစိုပြောင်လက်နေသော သူ့ဆံပင်ကို ပုံမပျက်အောင် ခပ်ဖွဖွကုတ်ကာ . . .

"ဟီးဟီး . . . ဖုန်းက . . . ဖုန်းက သိပ်ဟိုဒင်းမဖြစ်ဘူးကွ၊ နေပါစေကွာ ဆက်မနေပါနဲ့၊ သူ့ကိုစွပြီးတာနဲ့ လာမှာပေါ့၊ နောက်ပြီး သူမလာခင် ငါတို့ဘာသာ မှာစားထားလည်းရတာပဲ၊ တော်သေးတယ်နော် အောင်ပြည့်၊ သမ္မတက ငါတို့ကို Morning Star လိုဆိုင်မျိုးမှာ စောင့်ခိုင်းထားပေလို့၊ တော်ကြာ လမ်းဘေးက ခေါက်ဆွဲသုပ်ဆိုင်တို့ ဘာတို့သာဆို သေပြီ၊ ကပ်စီးနဲက ဒီတစ်ခါ နည်းနည်းသဘောကောင်းနေတယ် . . . ဟဲဟဲ"

သူစကားလမ်းကြောင်းလွှဲတာ အောင်မြင်သွားသည်ဟု ဆိုရမည်။ အောင်ပြည့်က ခေါင်းညိတ်၍ နှစ်နှစ်ခြိုက်ခြိုက်ပြုံးသည်။ မျိုးဝင်းက နှုတ်ခမ်းကိုမဲ့ကာ ညီညီထွန်း၏ ချစ်တီးကျပုံများအကြောင်း ပြောမည်ပြုပြီးမှ သူ့ဘက်ပြန်လည်လာမည့်အရေးကို ရုတ်တရက်တွေးမိသွား၏။ အကယ်၍ သူများကပ်စီးနည်းကြောင်း ပြောမိလျှင် သူ့အနေနှင့် မတရားရာကျမည်။ မျိုးဝင်းကိုယ်တိုင်လည်း လူသိရှင်ကြား ပေသီးခေါက်ဆရာတစ်ဦးပဲ မဟုတ်ပါလား။

"ဒါကတော့ 'တူ့' စေတနာပေါ့ကွာ၊ ဘယ်လိုပဲဖြစ်ဖြစ် ကောင်းပါတယ်၊ ဒါနဲ့ လီလီရော မလာသေးဘူးလား၊ အောင်ပြည့် မင်းညီမဆီ ဖုန်းမဆက်ဘူးလား၊ ညီညီကတော့ လီလီကိုမခေါ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မနေလောက်ပါဘူး၊ နောက်ပြီး လီလီကလည်း ညီညီ ဒီနေ့ပွဲလုပ်မှာကို မသိဘဲမနေဘူး၊ ဒါမှမဟုတ် ညီညီက လီလီကို တစ်ပါတည်း ခေါ်ခဲ့နေတာဖြစ်မယ်၊ အင်း . . . ပြောသာပြောရတယ်၊ သူတို့နှစ်ယောက် အဆင်ရောပြေရဲ့လား မသိပါဘူး၊ ခက်တာပဲ . . . လီလီနဲ့ ညီညီနဲ့က သမီးရည်းစားတွေသာဆိုတယ်၊ အမြဲတမ်း တကျက်ကျက်ပဲ၊ ဒါပေမယ့် ညီညီက လီလီကို ချစ်တော့ချစ်ပါတယ်"

"ဟာ . . . တော်ပါတော့ ပေကောက်ရာ၊ မင်းစကားမှာ လီလီတွေ ညီညီတွေနဲ့ချည်းကို မိုးမွှန်ပြီး ရှုပ်နေတာပဲ"

အောင်ပြည့်က ဟန့်လိုက်သဖြင့် မျိုးဝင်းလည်း ဆက်မပြောတော့ချေ။ သူ့ညီမတစ်ဝမ်းကွဲလီလီသည် သူငယ်ချင်းညီညီထွန်းနှင့် ရည်းစားဖြစ်နေတာကို အောင်ပြည့်သိပြီးသား . . .။ သို့သော်လည်း အခြားသူငယ်ချင်းတွေ ရှေ့မှာဆိုတော့ သူ့ခမျာ မျက်နှာပူရှာမှာပေါ့။ အောင်လွင်ဦးကတော့ မျိုးဝင်းလို တွေးဟန်မတူပါ။ အောင်ပြည့်ကို လီလီအကြောင်းတွေ ထပ်ပြီးပြောနေပြန်၏။

"အေးကွ၊ တို့ရဲ့လီလီ ဝါးတား(water)လီလီကလည်း အရင်လိုပဲ၊ နည်းနည်းမှကို မပြောင်းလဲသေးဘူး၊ ဟိုကောင် ညီညီထွန်းက ကပ်စီးနည်းသလောက် သူက လက်ဖွာပြီး အသုံးကြမ်းတုန်း၊ တွေ့လိုက်တိုင်း လီလီမှာ ပိုက်ဆံအမြဲတမ်းလိုနေတာချည်းပဲ၊ အဲဒီကောင်မလေးနဲ့တော့ ခက်ပါတယ်ကွာ"

ထိုအခါ အောင်ပြည့်လည်း မနေသာတော့ဘဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆီကို မနေ့ကပဲ လီလီက အကြွေးငါးသောင်းလာဆပ်သွားတယ်၊ အဲဒါတစ်လကျော်နေပြီ၊ ခက်တယ်ကွာ၊ ငါလည်း ဟိုကောင်ညီညီနဲ့ သူ့အကြားမှာ တစ်ခါတစ်လေ ရှုံချင်တယ်၊ ငါက အလည်မှာ ပုဏ္ဏားတိုင်ဖြစ်နေတာ၊ သူတို့နှစ်ယောက် တစ်ခုခုထက္ခိုင်ပြီဆိုရင် ငါ့နားတွေ ပူပြီပဲ၊ ညီညီကလည်း ငါ့ကို လီလီအစ်ကိုဆိုပြီး တိုင်တယ်၊ လီလီကလည်း ကိုကို့သူငယ်ချင်းက ဘယ်လိုဘာညာနဲ့ သူမကျေနပ်သမျှကို ပြောတော့တာ . . . မင်းတို့ပဲ စဉ်းစားကြည့်"

"ဟော . . . ပြောရင်းဆိုရင်း တေခဲဦးမယ်၊ ဟိုမှာ လီလီ မဟုတ်လား၊ တက္ကစီပေါ်က ဆင်းလာတာ"

မျိုးဝင်းက လီလီကိုမြင်သွားပြီး မေးနေသော သူ့မျက်လုံးတွေပင် ပြူးထွက်လာသကဲ့သို့ စိတ်လှုပ်ရှားစွာဖြင့် အော်ပြောလိုက်၏။ နောက်မှ အစ်ကိုဖြစ်သူ အောင်ပြည့်ရိပ်မိသွားမှာစိုး၍ သူ့ကိုယ်သူ ကိုယ်ရှိန်သတ်ကာ ဣန္ဒြေဆည်လိုက်ရသည်။

သူတို့အားလုံးက မျိုးဝင်း၏အမူအရာကို ဂရုမစိုက်မိကြချေ။ မျိုးဝင်းလည်း သက်ပြင်းကို ခိုးရှိုက်ကာ လီလီလမ်းလျှောက်လာပုံလေးကို ငေးကြည့်နေမိသည်။ ထိုအခိုက်အတန့်လေးမှာ မျိုးဝင်းသည် မကျေနပ်သည့်စိတ်တွေ ပြန်လည်လှုပ်ခတ်လာပြီး သူကျွေးမှာကိုလည်း မစားချင်တော့သလို ဖြစ်သွားမိသည်။ သို့ရာတွင် သူ ဒီလိုတော့ မလုပ်နိုင်ပေ။ ကပ်စီးချင်းအတူတူ ဒီနေ့က သူဝိုင်းရမည့်နေ့။ ညီညီထွန်းက ပိုက်ဆံကုန်မည့်သူ မဟုတ်ပါလား။ ဒါသည်ကပင်



www.burmeseclassic.com

www.burmeseclassic.com



သီသီထွန်းကို ပုံစံတစ်မျိုးနှင့် ကလဲ့စားချေရာ ရောက်သည်ဟုတွေး၍ မျိုးဝင်းက သူ့စိတ်သူ နှစ်သိမ့်လိုက်ပါသည်။ အခုဆို လီလီက ညီညီနှင့် လက်ထပ်ဖို့တောင် သေချာသလောက်ရှိနေလေပြီ။ ဝိုင်းထဲသို့ လီလီရောက်လာသည်နှင့် . . .

"အမလေး . . အိုက်လိုက်တာ၊ ရေသန့်လေးတစ်ဗူးလောက်မှာပေးပါလား ကိုမျိုးဝင်းရယ်၊ ကိုကို . . . မနေ့က ငါးသောင်း လီလီကို ခဏပြန်ပေးဦး၊ ပါတယ် မဟုတ်လား၊ ညကျရင် လီလီချက်ချင်းပြန်ပေးမယ်၊ ညီညီမလာခင် လုပ်စမ်းပါ မြန်မြန်လေး၊ ညီညီနဲ့ မလိုအပ်ဘဲ စကားအပိုတွေ မပြောချင်ဘူး၊ စိတ်ညစ်တယ် တကယ်ပဲ၊ ကိုကိုရာ . . . ငူမနေစမ်းပါနဲ့၊ ပြန်ပေးပါ့မယ်ဆိုမှ သူက တစ်မျိုး"

အောင်ပြည့်က . . .

"ရောက်ရောက်ချင်း ဒီအသံကြားရလိမ့်မယ်လို့ ထင်မထားမိတာတော့ အမှန်ပဲ လီလီ၊ နားတောင်မနားဘူး ပိုက်ဆံတန်းတောင်းတော့တာပဲ၊ ရော့ဟာရော့ . . . မပေးလို့လည်း ရမှာမှ မဟုတ်တာ၊ နင်ဟာလေ တကယ့်ကို ငါးတားလီလီပဲ သိလား၊ အမြဲတမ်း ရေလိုနေတာ၊ နင်နဲ့ အဲဒီနာမည်နဲ့ လုံးဝကွက်တိပဲ"

"ဩော် . . . ဘာဖြစ်လဲ၊ ကိုကိုကလည်း ငါးတားလီလီဆိုတော့ ကြာပန်းမဟုတ်လား၊ ကောင်းတဲ့နာမည်ပဲ ဥစ္စာ၊ ပြီးတော့ လီလီကလည်း ကြာပန်းလေးလိုပဲ လှတယ်လေ ဟဲဟဲ၊ ဟယ် . . . ကိုကို ပိုက်ဆံက ငါးထောင်တောင်လိုနေတယ်၊ စစ်ကြည့်ဦး"



www.burmeseclassic.com

www.burmeseclassic.com



အောင်ပြည့်က လီလီကို စိတ်ပျက်စွာဖြင့်ကြည့်လျက် သူ့ဆီပြန်ပေးလာသည့် ပိုက်ဆံကို လက်နှင့်ကာ၍ . . .

"အေး . . . ဟုတ်တယ်၊ ငါမေ့သွားလို့ပေါ့၊ ငါ အဲဒီထဲက ငါးထောင်ထုတ်သုံးထားမိတယ်၊ ဟော့ကောင် . . . အောင်လွင်ဦး၊ မင်းမှာပါရင် ခဏပေးလိုက်စမ်းပါ၊ ဆိုင်ကျ ငါပြန်ပေးမယ်"

အောင်လွင်ဦးမှာ မငြင်းဘဲ ပိုက်ဆံငါးထောင်ထုတ်ပေးလိုက်သဖြင့် မျိုးဝင်းက တံတွေးမျိုချမိ၏။ ဒါဆို သူ့ဘက်မလှည့်တော့တာ သေချာသွားပြီ။ မျိုးဝင်းသည် လီလီကို မသိမသာငေးရင်း ညီညီထွန်းတစ်ယောက် လီလီအချစ်ကို ရသွားခြင်းမှာ တစ်နည်းအားဖြင့် သူကံကောင်းသွားတာပဲဟုတွေးပြီး ပြုံးလိုက်၏။ လီလီ့ကို သူကြိတ်ချစ်ခဲ့သမျှ သူငယ်ချင်းတွေ မသိအောင် ယနေ့ထိ အောင်မြင်စွာ ဖုံးဖိထားနိုင်ဆဲ ဖြစ်ပါသည်။ သူငယ်ချင်းဖြစ်သူ ညီညီထွန်းရည်စားမှန်းသိသိကြီးနှင့် လီလီကို အခုထိ ရင်ခုန်နေတော့ သူ့ကိုယ်သူ အံ့ဩမိသည်။ သို့သော် သူစိတ်ကူးယဉ်ထားသည့်ထဲမှာ လီလီ့ကို ပိုက်ဆံချေးရမည့် ကိစ္စတော့ လုံးဝမပါဝင်တာ သေချာလှ၏။

"နေပါဦး၊ နင် . . . ဟိုကောင် ညီညီနဲ့ မတွေ့ခဲ့ဘူးလား၊ ငါတို့စောင့်နေတာ ကြာလှပြီ၊ အခုထိ မရောက်သေးဘူး"

"လာလိမ့်မယ်၊ သူနဲ့ စကားပြောရတာ အချိုးမပြေလို့ လီလီက အရင်တက္ကစီငှားပြီး ထွက်လာတာ၊ ကိုကို့သူငယ်ချင်းညီညီက အရမ်းပဲ လွန်ကိုလွန်လွန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲကဲ . . . တော်တော့၊ ဘာတွေမှန်းမသိဘူး၊ နင်တို့ကိစ္စ နင်တို့ဘာသာရှင်းကြ၊ အဲ . . . နောက်မှရှင်းကြ၊ ဟိုမှာ ဟိုကောင် ညီညီလာနေပြီ၊ နင် ထပ်ပြီး ဘာမှလျှာမရှည်နဲ့တော့၊ ငါတို့ ကြားထဲက နားပူမခံနိုင်ဘူး"

အောင်ပြည့်က သူ့ညီမကို စိတ်မရှည်တော့သလို ခပ်ဆတ်ဆတ်လေး ပြောလိုက်ပါ၏။ လီလီလည်း နှုတ်ခမ်းစူ၍ အသံတိတ်သွားရှာသည်။ ဒါတောင် ကားပေါ်မှဆင်းလာသည့် ညီညီထွန်းကို ကြည့်ကာ မျက်စောင်းတွေထိုးပြီး ချစ်တီးဟု မကြားတကြား ရေရွတ်လိုက်သေးသည်။ ညီညီထွန်းက . . .

"ဆောရီးကွာ၊ အလုပ်ရှုပ်ပါတယ်ဆိုမှ၊ ဟိုမှာလေ ဒေါ်လီလီပေါ့၊ သူ့ကိစ္စကို ရှင်းရသေးတယ်၊ ဘယ်လိုမိန်းကလေးမှန်း မသိဘူး၊ လီလီ . . . နင် ငါ့စကားကို ဘယ်တော့မှ နားမထောင်ဘူးနော်၊ ပြီးတော့ သူကပဲပြန်ပြီး စိတ်ကောက်သေးတယ်"

"စိတ်လည်း မကောက်ဘူး၊ ညီညီ့ပိုက်ဆံကိုလည်း လီမယူပါဘူး၊ ရော့ . . . ပြန်ယူ၊ ပိုက်ဆံလေးငါးသောင်းလောက်နဲ့ ဥစ္စာခြောက်မနေနဲ့"

အောင်ပြည့်လည်း ကြားဝင်ရပြန်ပါသည်။

"ဟာ . . . လီလီ တော်စမ်း၊ ညီညီ . . . မင်းလည်း မပြောနဲ့တော့ကွာ၊ သူ့အကြောင်းလည်း သိနေတာပဲဥစ္စာ၊ တော်တော့ ရော်ဖို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . မပြောလို့မရဘူး အောင်ပြည့်၊ အခုဟာက လွန်နေပြီ၊ ငါ သူ့ကို မလုပ်ပါနဲ့တော့လို့ ခဏခဏ တောင်းပန်နေတဲ့ကြားကကွာ၊ သိတယ် မဟုတ်လား၊ မနေ့ညက ချန်ပီယံလိဂ်ဆိုလား၊ အဲဒီမှာ သွားပြီး အလှူပေးတာလေ"

လီလီ ဘောလုံးပွဲဝါသနာပါမှန်း သိထားသော်လည်း အနေအထားက ရယ်ချင်စရာမို့ အောင်ပြည့်ရော မျိုးဝင်းတို့ပါ အသံထွက်ရယ်မိကြပါတော့သည်။ လီလီကတော့ ကောက်ချိတ်ချိတ်လေး လုပ်နေ၏။ သူမ ပေးလိုက်သည့် စားပွဲပေါ်က ပိုက်ဆံအုပ်ကို ကောက်ယူရေတွက်နေသော ညီညီထွန်းမှာ အနည်းငယ် ပြုံးစပြုလာ၏။ မင်းတို့ ဘာမှာဦးမလဲ၊ မှာကြလေဟုလည်း လောကွက်ပြု၏။ ဒီနေ့လီလီ့အတွက် သူစိုက်ထားသော ဘောလုံးပွဲဖိုး ငါးသောင်းကို အလွယ်တကူ ပြန်ရသဖြင့် ညီညီထွန်းမှာ ဝမ်းမြောက်ဝမ်းသာဖြစ်နေပုံရလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၃)

ဒေါ်မို့မို့ဝင်းသည် သူမ၏သားတော်မောင် ညီညီထွန်းတစ်ယောက် စိတ်မချမ်းမသာ ဖြစ်နေတာကိုကြည့်ပြီး ဘယ်လိုရှာကြံဖြေသိမ့်ပေးရမှန်း မသိဖြစ်နေရှာသည်။ သူမသည် သား၏စိတ်သဘောထားကို မခြွင်းမချန် သိနေသကဲ့သို့ သားချစ်သူ လီလီစရိုက်ကိုလည်း ကောင်းကောင်းနားလည်ထား၏။ ညီညီထွန်းကား ဒရင်းဘက်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ကာ ဘယ်သူ့ကိုမှ စကားမပြောဘဲ ငြိမ်သက်နေသည်။ အိမ်ပြန်ရောက်ကတည်းက လီလီအကြောင်းများကိုသာ ပြောဆိုညည်းညူနေခဲ့သည်။ အခုတော့ သားလည်း ပြောနိုင်လွန်း



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မောသွားပြီထင်သည်။ ဒေါ်မို့မို့ဝင်းမှာ ကြိတ်ပြုံးမိ၏။ ညီညီ ထွန်းအိမ်ကို ပြန်မရောက်ခင်ကပင် လီလီသည် သူမဆီ ဖုန်းဆက်၍ ဖြစ်ကြောင်းကုန်စင် လှမ်းတိုင်ပြီးနေပြီ။

"ကဲပါ . . . သားရယ်၊ လီလီလေးက ကလေးစိတ်မကုန် သေးလို့ပဲ ဥစ္စာ၊ နေစမ်းပါဦး . . . သားက ဒီနေ့ ဘာအထိမ်းအမှတ် နဲ့ သူငယ်ချင်းတွေကို လိုက်ပြုစုရတာလဲ"

"သူတို့က သားကို ကားဝယ်စီးနိုင်တဲ့ အထိမ်းအမှတ်ဆိုပြီး ဝိုင်းညှင်းကြတာပါ မေမေရာ၊ အမှန်တော့ အဲဒါလည်း လီလီပဲ စလမ်းကြောင်းပေးတာပဲ၊ သူငယ်ချင်းတွေက ဘာမှမပြောလို့ ငွေကုန် သက်သာပြီဟဆိုပြီး မှိန်းနေရုံရှိသေးတယ်၊ သူက အရင်စဖောက် တယ်လေ၊ ဒါပေမယ့် သားက Internet ဆိုင်ဖွင့်တုန်းထဲက ကျွေး မယ်ပြောထားတာလည်းရှိတော့ နှစ်ပွဲစာရောပြီး လုပ်ပေးလိုက်တဲ့ သဘောပါ။ နို့မဟုတ်ရင်တော့ သားက မကျွေးသေးဘူး၊ ကားဝယ် စီးတာပဲ ဘာကိုစွ မုန့်ဝယ်ကျွေးရမှာလဲ၊ သားစီးချင်ရင် အစောကြီး ထဲက ဝယ်စီးလို့ရမှန်း သူတို့သိပါတယ်၊ နောက်ပြီး အခု ကားဝယ် တယ်ဆိုတာက သားတွက်ကိန်းနဲ့သား ဝယ်လိုက်တာ၊ လိုအပ်လာပြီ ထင်လို့၊ တကယ်က ကားဆိုတာ ဖိနပ်ခံပစ္စည်းလည်းမဟုတ်၊ ကြွား စရာလည်း မဟုတ်ပါဘူး၊ အထိမ်းအမှတ် လုပ်နေရလောက်အောင် ထူးခြားတာလည်း မဟုတ်ဘဲနဲ့၊ အဲဒီကောင်မလေးကိုက လူတွေစုံ တိုင်းလျှာရှည်တာလေ၊ ပြောကိုမပြောချင်ပါဘူး မေမေရာ ပြောမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆို ပြောစရာတွေချည်းပဲ၊ လီလီတစ်ယောက်ဆိုတာ"

ဒေါ်မို့မို့ဝင်းက ခပ်တိုးတိုးရယ်လိုက်ပါ၏။ ညီညီထွန်းသည် မအေဖြစ်သူရယ်သံကြောင့် မလုံမလဲ မျက်လုံးတွေနှင့် တစ်ချက်လှမ်းကြည့်လိုက်မိသည်။ သူကလည်း မနေနိုင်လွန်း၍သာ မေမေ့ကို ပြောနေရခြင်းဖြစ်၏။ အမှန်မှာတော့ မေမေနှင့် လီလီတို့က တစ်ဂိုဏ်းထဲသားတွေမှန်း ညီညီထွန်းသိပါသည်။ မေမေက သူကချွေးမလောင်းလေး လီလီကို သဘောကျသည်။ အကြောင်းတိုက်ဆိုင်တိုင်း မေမေက လီလီကို ချီးမွမ်းခန်းဖွင့်နေတတ်သေးသည်။ ကောင်မလေးက စိတ်ထားဖြူစင်သတဲ့။ အပေးအကမ်း ရက်ရောသတဲ့။ အဲ . . . ဘောလုံးပွဲဝါသနာပါတာ၊ ဂဏန်းတွက်ဝါသနာပါတာတွေကျတော့လည်း မေမေက သူမနှင့်အကြိုက်ချင်းတူသဖြင့် တစ်ခါမှ အပြစ်မတင်သည့်အပြင် ပြဿနာဖြစ်တိုင်း လီလီဖက်ကပဲ ရပ်တည်ပေးလေ့ရှိ၏။ ဒေါ်မို့မို့ဝင်းက ဘောလုံးပွဲကို ဒီလောက်ကြီး ဝါသနာမပါလှပေမယ့် ဂဏန်းတွက်ရသော အပေါင်းအနုတ်ဇယားတွေ၊ သေချာပေါက်ဖော်မြူလာတွေကိုကျ အလွန်နှစ်သက်သူဖြစ်၏။

"မရယ်နဲ့ မေမေ၊ မေမေက လီလီ့ကိုဆို ဘယ်တော့မှ အပြစ်မတင်ဘူး၊ အဲဒါကြောင့်လည်း ဟိုက တစ်နေ့တစ်ခြား ပိုပိုဆိုးနေတာ . . . ၊ မတော်ရသေးတဲ့ ယောက္ခမကလည်း ငါနဲ့ ဝါသနာတူတယ်ဆိုပြီး ဂုဏ်ယူနေတဲ့ပုံပါပဲ"

"အလိုတော်၊ ကျုပ်ကိုတော့ ဆွဲမထည့်ပါနဲ့၊ ကျုပ်ကတော့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တော်လေးတို့ အားကိုးနဲ့ တစ်ခါတစ်လေ ရေစင်ဖိုးလေးရအောင် ရှာတာပါ၊ သားက သူ့ကိုချည်း အပြစ်မြင်နေလို့ မေမေက ဝင်ဖြန် ဖြေတာမျိုးပဲ ရှိတယ်၊ ပြီးတော့ သားတို့နှစ်ယောက်က ဖြတ်နိုင်ကြတာ လည်း မဟုတ်ဘူး၊ တကျက်ကျက်နဲ့ ရန်တွေဖြစ်ကြ၊ စိတ်တွေကောက် ကြနဲ့ . . . အဲဒါကောင်းသလား၊ လီလီကိုချည်း ပြောနေလို့မရဘူး၊ သားကိုယ်သားလည်း ပြင်ဖို့ ကြိုးစားဦး၊ မေမေက ငွေနဲ့ပတ်သက်လို့ သားစည်းစနစ်ကြီးတာကို သဘောကျပါတယ်၊ ဒါပေမယ့် သားက တစ်ခါတစ်လေ အစွန်းရောက်ချင်တယ်၊ တကယ်ဆို လီလီက ဒီလောက်ဆိုးဆိုးဝါးဝါးကြီး သုံးဖြုန်းနေတာမျိုးမှ မဟုတ်တာ . . . သားရယ်"

"မေမေက သားကို ကပ်စီးနည်းပြီး ချစ်တီးကျတယ်လို့ ပြော ချင်တာ မဟုတ်လား၊ သူ့ချွေးမလေးကျတော့ ဘယ်တော့မှ အပြစ် မမြင်ဘူး၊ အံ့သြတယ်၊ သားကတော့ ကပ်စီးနည်းတယ်ပြောလည်း ခံမှာပဲ၊ ဒီအခြေအနေရောက်အောင် သားကြိုးစားလာခဲ့ရတာ မေမေ လည်း သိရဲ့သားနဲ့၊ ဖေဖေ့လက်ထက်မှာ စအရှိန်ရလာတဲ့ စီးပွားရေး လုပ်ငန်းတွေကို သားကိုယ်တိုင် စိစစ်ကျပ်မတ်ခဲ့လို့ ဒီလိုတိုးတက်လာ တယ်ဆိုတာ မေမေအသိဆုံးပါ"

"ဪ . . . သားရယ်၊ ဒါကို မေမေ နားလည်ပါတယ်၊ သားကိုလည်း ချီးကျူးပါတယ်၊ မေမေ ပြောခဲ့ပြီးပါပကော၊ လီလီနဲ့ သားနဲ့ကို ညှိလို့ရအောင်သာ မေမေက ဝင်ဖြန်ဖြေပေးတာပါကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကဲ . . . သား ရေချိုးတော့၊ မေမေလည်း အပေါ်ထပ်မှာ ဘုရား ပန်း၊ နတ်ပန်းတွေ ရေလဲရဦးမယ်၊ ပြီးရင် တို့သားအမိတွေ ထမင်း စားကြမယ်၊ ဟုတ်ပြီလား"

ဒေါ်မိုမို့ဝင်း အပေါ်တက်သွားသည်အထိ ညီညီထွန်းထိုင် ရာမှ မထသေး။ လီလီအကြောင်းတွေကိုတွေးရင်း ရယ်လည်းရယ် ချင် စိတ်ခါတ်လည်းကျဆိုသလို ဖြစ်နေမိသည်။ ဒီနေ့ လီလီစိတ် ကောက်သွားမှန်း သူသိပါ၏။ Morning Star မှ အပြန်တွင် သူ့ ကားနှင့် မလိုက်ဘဲ သူမဘာသာ တက္ကစီငှား၍ ပြန်သွားခဲ့သည်။ လီလီ့ဆီ ဖုန်းလေးတော့ ဆက်ဦးမှပါလေဟုတွေးကာ သူက ဒရင်း ဘတ်ပေါ်မှ ထလိုက်သည်။ မြန်မြန်ချော့လိုက်ပြီး စောစောစီးစီး စိတ်ကောက်ပြေသွားလျှင် သူသက်သာမည်။ နောက်ကျမှချော့လျှင် အချိန်တွေ ပိုကြာပြီး ပိုလည်း ခက်ခဲသွားလိမ့်မည်။ လက်ဆောင် တွေဝယ်ရ၊ အာခေါင်ခြောက်အောင် ပြောရနှင့်မို့ နောက်ဆုံးမှာ ငွေ ကုန်လူပန်း ဖြစ်ရမည်ဆိုတာ အတွေ့အကြုံအရ သူက သိပြီးသား ဖြစ်ပါသည်။ ရည်းစားက ကိုယ့်ထက် သုံးနှစ်ကျော်ငယ်တာဆိုတော့ လည်း ဒီလောက်တော့ ရှိမှာပေါ့ဟု တွေးလိုက်ရင်း ညီညီထွန်းက ပြုံးမိ၏။ တကယ်တော့ လီလီသည် သူ့အချစ်ဦး၊ အချစ်ဆုံး။ တစ်ဦး တည်းသော ချစ်သူမလေးလည်း ဖြစ်သည်။

"ဟဲလို . . . လီလီ၊ ဘာတွေလုပ်နေလဲ၊ သတိရလို့ ဆက် လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေ လျှောက်ပြောမနေနဲ့၊ အခု လီလီတို့လမ်းထိပ်ကို ထွက်လာခဲ့၊ အိမ်မှာ အန်တီရှိလား"

"မေမေလား ရှိတယ်၊ ဒါနဲ့ လီလီက ဘာ . . . ဘာတွေ ဖြစ်နေတာလဲ၊ အသံကလည်း တစ်မျိုးဖြစ်နေသလိုပဲ၊ နေမကောင်း ဘူးလား၊ ခုနက ကိုယ့်ကို လီလီဘာပြောလိုက်တာလဲဟင်၊ လမ်းထိပ် ကို ဘာဖြစ်တယ်"

"ဟာ . . . လီလီတို့လမ်းထိပ်ကို ထွက်လာခဲ့ပါဆို၊ လီလီကို လာခေါ် . . .၊ ထွက်စောင့်နေမယ်၊ ဆယ့်ငါးမိနစ်အတွင်းနော်"

"လီလီကို လာခေါ်ရမယ် . . . ဟုတ်လား၊ ဪ . . . အေး အေး လာခဲ့မယ် . . . လာခဲ့မယ်၊ လီလီ ဘာတွေဘယ်လိုဖြစ် . . ."

"ဟာကွာ . . . ပြီးမှမေး၊ ဒီမှာ စိတ်တွေတစ်အားတိုနေတာ နော်၊ အခု မြန်မြန်လာ . . . ဒါပဲ"

ညီညီထွန်းသည် ဖုန်းကိုကိုင်ထားရင်း မျက်မှောင်ကြုတ်၍ စဉ်းစားနေရာမှ တဖြည်းဖြည်း ပြုံးလာ၏။ သူက အဖြေမှန်ကို တွေး ဆလိုက်မိဟန်ရှိသည်။ ဒါပဲဖြစ်မည်။ ဟုတ်ပါတယ် . . . သေချာ လောက်ပါတယ်။

"မေမေရေ . . . သား အပြင်ခဏသွားလိုက်ဦးမယ်၊ လီလီ လှမ်းခေါ်လို့၊ သူတို့လမ်းထိပ်တင် . . ."

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၄)

လီလီနှင့်တွေ့တော့ ပြဿနာက သူထင်ထားသည့်အတိုင်း ဖြစ်နေ၍ ညီညီထွန်းလည်း ပြုံးမိသွား၏။ ဒါကို သူမအား လှောင်ပြောင်နေသည်ဟု အထင်ရောက်သွားသော လီလီက ဒေါ်မှိုမှိုဝင်းကို တိုင်တန်းလျက်ရှိသည်။

"တွေ့လား အန်တီ၊ အန်တီ့သားက ဘယ်လောက်အကျင့်ပုပ်သလဲဆိုတာ ကြည့်ပါလား၊ သူတိုင်ပြောလို့ ဖေဖေသိပြီး သမီးကို ဆူတာ၊ အခုလည်း သမီး ဖေဖေနဲ့ စကားများပြီး ဆင်းလာတာကို သူက အရမ်းပျော်နေတာ တွေ့လား၊ တော်ပြီ . . . ညီညီတို့အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမအိပ်ဘူး၊ စုစုမင်းတို့အိမ်မှာ သွားအိပ်မယ်"

"ဟဲ့ ဟဲ့ . . . သမီးလေး၊ ဩော် . . . မသွားရပါဘူး၊ လာခဲ့ . . . ဒီမှာ ပြန်ထိုင်၊ သူ့ကို အရေးစိုက်မနေနဲ့၊ ညီညီ . . . သားက လည်း သားပဲ၊ ဘာကိစ္စ အဲဒီမင်းမျက်နှာက ပြောင်ချော်ချော်ဖြစ်နေ ရတာလဲ၊ လီလီက မိန်းကလေးနော်၊ သားတိုင်ပြောလို့လည်း ဖအေ လုပ်သူရဲ့ အဆူအဆဲခံရပြီးပြီ၊ အခု ကိုယ့်အိမ်ကို ရောက်လာပြန် တော့လည်း သားက ထပ်စနေတော့ ကလေးက ဝမ်းနည်းတာပေါ့ကွ မစနဲ့ . . . မေမေမကြိုက်ဘူး၊ သားနဲ့မေမေ စကားမများချင်ဘူးနော် . . . ဒါပဲ၊ ဘယ့်နှယ် ဒီပိုက်ဆံလေးငါးသောင်းလောက်နဲ့ ဖအေကို ပြဿနာဖြစ်အောင် သွားတိုင်ရသလား၊ ဒီကလေးမဟာ သူစိမ်းလား၊ နောက်ပြီး ပြန်လည်းပေးတာပဲ၊ အို . . . ပြန်မပေးတော့ရော ဒီလို တိုင်စရာလား၊ နောက်ကို ဘာဖြစ်ဖြစ် သမီး သူ့ကိုသွားမပြောနဲ့၊ အန်တီ့ဆီလာပြော ကြားလား၊ သမီးလေး တိတ် တိတ် မငိုနဲ့"

ညီညီထွန်းလည်း မပြုံးနိုင်တော့ချေ။ သူ့အမေဒေါ်မို့မို့ဝင်း ၏ တဗျစ်တောက်တောက် ဆူသံများကြောင့် စိတ်တွေပိန်သွားရှာ သည်။ ဒေါ်မို့မို့ဝင်းက သားဖြစ်သူကို မျက်စောင်းခဲလျက် သွားမည် တကဲကဲလုပ်နေသော လီလီ့လက်ကို အတင်းဆုပ်ကိုင်ထား၏။ လီလီ ကလည်း သူ့ကို မျက်စောင်းတွေ ထိုးလို့နေလေသည်။ မျက်ရည်တွေ ကို လက်ခုံဖြင့်သုတ်ကာ နှပ်တရှုံ့ရှုံ့ဖြင့် ငိုနေသဖြင့် သူက ချစ်သူ အတွက် စိတ်မကောင်းဖြစ်သွားမိ၏။ သို့သော် သိပ်ကြာကြာတော့



www.burmeseclassic.com

www.burmeseclassic.com



ခိတ်မကောင်းမဖြစ်လိုက်ရပေ။ လီလီက ရုတ်တရက် ထဟောက်ပြန်သဖြင့် သူ အလံဖြူထောင်ရတော့မည်ဆိုတာ နားလည်လိုက်ပါသည်။

"ဘာကြည့်နေတာလဲ အဲဒါက၊ အန်တီ တွေ့လား၊ အန်တီသားက သမီးကို ကြည့်နေပြန်ပြီ"

"ဟာ . . . ဒုက္ခပဲ လီလီရယ်၊ ကြည့်တော့လည်း ကြည့်လို့တဲ့၊ မကြည့်ရင် မကြည့်လို့ဆိုပြီး ကွိုင်ရှာဦးမယ်၊ မေမေ့မျက်စိရှေ့မှာတင်နေ့ာ်၊ သား သူ့ကို ဘာမှမစဘူး၊ ဟာ . . . လုံးဝကျွတ်ဆင်ပဲ"

"ဘာကျွတ်ဆင်လဲ၊ ဘာမှကျွတ်တွေ မျှော့တွေ လာလုပ်မနေနဲ့၊ ကွိုင်စရှာတာ ခင်ဗျားရှာတာလေ၊ ဘာဖြစ်လို့ ဒီဘောလုံးပွဲကိစ္စတွေ ဖေဖေ့ကို သွားပြောသလဲ၊ ခင်ဗျားပိုက်ဆံကိုလည်း ပြန်ပေးပြီးပြီပဲဥစ္စာ၊ အရမ်းမုန်းဖို့ကောင်းတယ် သိလား၊ ဖေဖေကလည်းသူ့စကားဆို အကုန်လုံးယုံ၊ အကုန်လုံးထောက်ခံတာ . . . ၊ ပြီးတော့ နဂိုကမှ ကျွန်တော့်ကို ဖေဖေက ကြည့်ရတာမဟုတ်ဘူး၊ ခင်ဗျားရော ဖေဖေရော အတူတူပဲ၊ ပိုက်ဆံလေးနည်းနည်းပါးပါး ပေးရပြီဆိုရင် ပြောလိုက်ကြတာ တစ်လေသံတည်း၊ သွား . . . ခင်ဗျား ဖေဖေနဲ့ သွားနေ၊ ကျွန်တော်က အန်တီနဲ့ ဒီမှာနေမယ်၊ အီး ဟီး ဟီး . . . အန်တီ၊ သမီး ရေချိုးချင်တယ်၊ သမီးအိမ်မှာ ရေတောင်မချိုးခဲ့ရဘူး၊ အိမ်ကိုပြန်ရောက်ရုံပဲ ရှိသေးတယ်၊ ညှော့ခန်းမှာတင် ဖေဖေက တန်းဆီးပြီး ဆူတာ၊ အဲဒီလူကြီးက ဂုံးတိုက်ထားတာလေ"

လီလီ၏ ပြောဆိုတိုင်တန်းနေပုံလေးကို နားထောင်ရင်း သူ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ ပြုံးပျော်လာမိသည်။ သူမ စိတ်ဆိုးလာလျှင် သုံးနှုန်းနေကြ 'ခင်ဗျား၊ ကျွန်တော်' ဟူသော လေသံနှင့် အသုံးအနှုန်းလေးသည် သူ့ရင်ထဲမှာ အချစ်စိတ်များကို ပိုမိုလင်းမြလာစေသည်။ နောက်ဆုံး . . . သူက လက်နှစ်ဘက်ကိုမြှောက်ပြီး ဧည့်ခန်းထဲမှ အပြင်သို့ ထွက်လာခဲ့ရတော့၏။ အရှုံးပေးတာ ကြောက်လို့ဟုဆိုလျှင် အရှုံးနှင့် အကြောက်တရားကြားတွင် အချစ်များစွာရှိနိုင်သည်။ အချစ်ဆိုတာ တကယ်တော့ သူရဲဘောကြောင်ခြင်းတစ်မျိုးပဲ မဟုတ်ပါလား။

* * * *

သူက အိမ်ရှေ့ဝင်းခြံထဲမှာ ငြိမ်သက်စွာထိုင်၍ တောင်တောင်အီအီတွေ လျှောက်တွေးနေမိပါသည်။ တိုးချဲ့ထားသည့် လုပ်ငန်းတချို့နှင့် နောက်ထပ် တိုးချဲ့ရမည့် အလုပ်ကိစ္စတွေ၊ နောက်ပြီး Internet Cafe။ သူ အဲဒီအလုပ်ကို စလုပ်ခဲ့စဉ်က ဒီလောက်ကြီး စိတ်ဝင်စားခဲ့သည် မဟုတ်ချေ။ သူငယ်ချင်းလည်းဖြစ်၊ ယောက်ဖလည်း တော်ရမည့် အောင်ပြည့်ကို ယုံကြည်တာကြောင့် ဒီ Internet ဆိုင်ကို ဖွင့်ဖြစ်သွားခြင်းပင် ဖြစ်သည်။ အောင်ပြည့်က ကွန်ပျူတာ ကျွမ်းကျင်သူတစ်ယောက် . . . ။ သူ့ထက်စာလျှင် Internet နှင့် အကျွမ်းတဝင်ရှိသူဖြစ်ပြီး အောင်ပြည့်က သူကိုယ်တိုင် တာဝန်ယူ ထိုင်ပေးမည်ဆိုသဖြင့် အရင်းအနှီးထုတ်ပေးကာ စမ်းသပ်ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူကိုယ်တိုင် Internet ကို စိတ်ဝင်တစား ထိတွေ့ဖြစ်လာခဲ့သည်။ မထိတွေ့လို့လည်း မရသည့်ခေတ် ဖြစ်နေပြီပဲ။ အစက သူ့အနေဖြင့် ကွန်ပျူတာကို အသုံးပြုတတ်သည်ဆိုရုံမျှပင် . . . ။ Chatting ဝင်တာတွေ gmail၊ facebook နှင့် တခြားဘာဘာညာညာတွေအတွက် အချိန်မပေးမိခဲ့ပေ။

နောက်ပိုင်းမှာ ဒီ Internet ပေါ်တွင် ကိုယ့်အတွက် အကျိုးထူးနိုင်သည့်ကိစ္စတွေ အများကြီးရှိနေမှန်း ညီညီထွန်းသိရှိလာတော့၏။ ထိုအခိုက် ခြေသံခပ်ကျယ်ကျယ်နှင့်အတူ လီလီ၏ ဆူဆူအောင့်အောင့်အသံက သူ့နောက်ကျောမှ ရုတ်တရက် ပေါ်လာသည်။

"ဟော့လူ . . . ထမင်းစားမယ်တဲ့၊ ခင်ဗျားကို အန်တီခေါ်နေတယ်"

သူက အသာအယာလှည့်ပြီး လီလီ့ကို ကြည့်လိုက်မိသည်။ နှုတ်ခမ်းလေးကိုထော်အောင် စူထားသော လီလီ၊ သနပ်ခါးပါးကွက်ကြားလေးဖြင့် လီလီ၊ မေမေ့ ဘလောက်အကျီကြီးကို ဖရိုဖရဲဝတ်ကာ ထဘီမညီမညာလေးနှင့် ချစ်စဖွယ်လီလီ၊ သူ၏ ချစ်လှစွာသောဝါးတားလီလီ။ ထိုလီလီမှာ သူ့ကိုကြည့်မနေပါ။ သူကြည့်နေမှန်းသိသဖြင့် ပဲနည်းနည်းပေးချင်သည်က တစ်ကြောင်း၊ သူနှင့်မျက်လုံးချင်းမဆုံချင်သည်က တစ်ကြောင်းတို့ကြောင့် လီလီမျက်လုံးလက်လက်လေးများမှာ မိုးသွားတွေဆီမော့လျက် ရှိနေခဲ့သည်။ လီလီ့လက်လေးကို သူက အသာဆွဲကိုင်မိတော့ ဆတ်ကနဲ ပြန်ရုန်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ . . . လူကိုများ လက်လာကိုင်ရဲသေးတယ်နော်၊ ဟွန်း . . . ခင်ဗျားကို အန်တီနဲ့ ပြန်တိုင်ပြောဦးမယ်၊ ကြည့်နေ"

"တိုင်တစ်လုံးတစ်မတ်၊ ဟဲဟဲ . . . ကိုက ချစ်လို့စတာပါကွာ၊ လီလီ ကြာကြာစိတ်မဆိုးတတ်တာ ကိုယ်သိပါတယ်၊ စိတ်မဆိုးပါနဲ့တော့ လီလီရယ်၊ နော် . . . ကို တောင်းပန်တယ်၊ လီလီကျေနပ်အောင် ဘယ်လိုလုပ်ပေးရမလဲ . . . ပြော၊ ညီ . . . လုပ်ပေးမယ်ဟုတ်ပြီလား၊ လီလီက လိမ္မာပါတယ်"

လီလီက အတင်းရုန်းသော်လည်း သူ့မလက်လေးတွေကို ညီညီထွန်းက မလွှတ်တော့ချေ။ မျက်ဝန်းလက်လက်လေးက ပထမဆုံးအကြိမ်အဖြစ် သူ့မျက်နှာတည့်တည့်ဆီ ရောက်လာသည်။

"ကဲ . . . ဘယ်လိုဖြစ်နေတာလဲ၊ လွှတ်ပါဆို၊ အခုမှ အပိုတွေ လာလုပ်မနေနဲ့ ဟော့လူ၊ ခင်ဗျား ကျွန်တော့်ကို အဲဒီလို တိုင်တိုင်ပြောတာ ဘယ်နှစ်ခါရှိပြီလဲ၊ ဒီလထဲမှာတင် ဖေဖေနဲ့စိတ်ဆိုးပြီး အန်တီနဲ့ လာလာအိပ်ရတာ သုံးခါရှိသွားပြီ၊ ခင်ဗျားဟာလေ ယောကျ်ားကြီးတန်မယ့် ကပ်စီးနည်းတဲ့အပြင် အတိုင်အတောကလည်း ထူသေးတယ်၊ မုန်းလိုက်တာ အရမ်းပဲ၊ အခုတောင် အန်တီ့ကို အားနာလို့ ထမင်းစားလာခေါ်တာ၊ ခင်ဗျားကို လုံးဝမကျေနပ်ဘူး၊ ကဲ . . . လွှတ်လို့ပြောနေတယ်နော်၊ ဒီမှာ ဗိုက်ဆာလို့သေတော့မယ်၊ ခင်ဗျားမလိုက်ချင်လည်း နေခဲ့၊ ကျွန်တော့်ဘာသာ သွားစားတော့မယ် . . . ဖယ်"



www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ ညီညီထွန်းကလည်း နောက်ရွတ်ရွတ်နှင့် . . .

"ခင်ဗျားကလည်းဗျာ၊ ကျွန်တော်လည်း ဆာတာပေါ့ဗျာ၊ ခင်ဗျားနဲ့အတူတူ စားချင်လို့ လာခေါ်တာကို စောင့်နေတဲ့လူပါဗျာ၊ ခင်ဗျားကြီးကလည်းဗျာ . . . ဟဲဟဲ"

လီလီ့မျက်စောင်းလေးတွေ ပြုံးနေပြီဖြစ်ကြောင်း ချစ်သူတို့ဘာသာဘာဝအလျောက် သူအတပ်သိလိုက်ပါသည်။ သူ့နပ်ခါးနဲ့လေးကိုက . . . အင်း . . . မဖြစ်သေးပါဘူးလေ။

* * * *


www.burmeseclassic.com

www.burmeseclassic.com

(၁)

ထမင်းစားကြပြီးတော့ ဒေါ်မို့မို့ဝင်းက လီလီ့ဖခင်ဦးသက်ထွန်းထံ ဖုန်းဆက်၍ သမီးဖြစ်သူအတွက် စိတ်မပူဖို့ လှမ်းအကြောင်းကြားရသည်။ ဒေါ်မို့မို့ဝင်းကို အလ္လာပ သလ္လာပ အနည်းငယ်မျှ ပြောဆိုပြီးနောက် ညီညီထွန်းနှင့် ဦးသက်ထွန်းတို့ စကားဆက်ပြောဖြစ်ကြပြန်၏။

ဖခင်ဦးသက်ထွန်းနှင့် ညီညီထွန်းတို့ ဖုန်းထဲမှာ လေပေးဖြောင်းနေကြပုံကိုကြည့်ကာ လီလီက နှာခေါင်းရှုံ့လိုက်ပါသည်။ ဒေါ်မို့မို့ဝင်းသည် လီလီ၏ ကလေးဆန်ဆန် အမူအရာလေးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သဘောကျစွာ ပြုံးမိ၏။

အဖြစ်အပျက်က တွေးကြည့်လျှင် ရယ်စရာကောင်းလှသည်။ ဒါကို သူမနှင့် လီလီတို့က စကားကြုံတိုင်း ပြောဆိုရယ်မောမိကြစမြဲ။ ဒေါ်မို့မို့ဝင်းနှင့် လီလီတို့နှစ်ယောက်က တစ်ဂိုဏ်းဖြစ်၍ ညီညီထွန်းနှင့် ဦးသက်ထွန်းတို့က တစ်ဖက်ဖြစ်နေကြခြင်းမှာ တိုက်ဆိုင်မှုသက်သက်ဟု ဆိုရန်ခက်ပါသည်။

ထို့ကြောင့်လည်း လီလီက မကြာခဏ ညည်းတွားတတ်သည်။

"အန်တီရယ်၊ ဖေဖေ့ကို ကပ်စေးနည်းလို့ ပွစိပွစိ အမြဲလုပ်ပြီး ငြူစူမိလို့လား မသိပါဘူး၊ အရွယ်ရောက်လို့ ကိုယ်ကြိုက်မိတဲ့သူကလည်း ကိုယ့်အဖေနဲ့ တစ်ချိုးတည်းပဲ၊ တစ်ခါတစ်လေ သူက ပိုတောင်ဆိုးနေသေးတယ်"

မည်သို့ပင်ဖြစ်စေ၊ သူတို့နှစ်ယောက်စလုံးအတွက် ကံကောင်းသည်မှာ နှစ်ဘက်မိဘတွေက မိမိတို့ သားသမီးနှင့်ပတ်သက်ပြီး တော်စပ်ရမည့် သမက်ချွေးမများအား ကြည်ကြည်ဖြူဖြူ လက်ခံပေးနိုင်ကြခြင်းပဲ ဖြစ်ပါသည်။ အဝေးသင်ဖြင့် ကျောင်းပြီးထားသော ညီညီထွန်းသည် ဖိုင်နယ်ကျောင်းသားဘဝတွင် လီလီနှင့် ကြိုက်ခဲ့ကြ၏။ ထိုစဉ်က လီလီတစ်ယောက် ပထမနှစ်သာ ရှိသေးသည်။ အခု လီလီပင် ကျောင်းပြီးတော့မည်ဆိုတော့ သူတို့ချစ်သူသက်တမ်းမှာ သုံးနှစ်သုံးမိုးရှိသွားပြီ။ စတင်ချစ်ကြိုက်စဉ်ကတည်းက သူတို့



www.burmeseclassic.com

www.burmeseclassic.com


နှစ်ယောက်စလုံးသည် မိဘများအား ကိုယ်စီကိုယ်ငှ ဖွင့်ဟအသိပေးထားကြ၏။ သူငယ်ချင်းဖြစ်သူ အောင်ပြည့်က အစစအရာရာမှာ မျက်နှာပူပူနှင့်ပဲ လိုက်လံကူညီပေးခဲ့သည်မို့ နှစ်ဖက်အသိုင်းအဝိုင်းများ အလွယ်တကူ အဆင်ပြေခဲ့ကြတာလည်း ဖြစ်၏။ မနှစ်က စေ့စပ်ပွဲလုပ်ထားခဲ့ပြီး လီလီဘွဲ့ယူပြီးလျှင် လက်ထပ်ကြမည်ဟု သူတို့ စီစဉ်ထားကြသည်။

သို့သော် သူတို့နှစ်ယောက်ကား အမြဲတကျက်ကျက်။ အောင် ပြည့်မှာ သူတို့အတွဲကြောင့် ခေါင်းအကိုက်ရဆုံး ကြားခံလူပင် ဖြစ်တော့သည်။

"မင်းကလည်း မင်းပဲ ညီညီထွန်း၊ လီလီကလည်း လီလီပဲ၊ ငါစိတ်ညစ်တယ်ကွာ"

ဤသည်မှာ အောင်ပြည့်၏ ပြောနေကျလက်သုံးစကား ဖြစ်လေသည်။

* * * *

လီလီက သူတို့အိမ်တွင် ညအိပ်ပြီး နောက်နေ့မနက်မှာ ညီညီထွန်းကားပေါ် ပါလာခဲ့သည်။ ညီညီထွန်းသွားသမျှ အလုပ်ကိစ္စတွေအထိ သူမက အကုန်လျှောက်လိုက်နေ၏။ ညီညီထွန်းသည် သူ့အလုပ်ခွင်ထဲအထိ လိုက်လာတာကို သိပ်မကြိုက်ချင်သော်လည်း


www.burmeseclassic.com

www.burmeseclassic.com


လီလီစိတ်ကောက်ပြေခါစမို့ ဘာမှမပြောရဲပေ။ ထိုသို့ဖြင့် ညီညီထွန်းမှာ သူဖွင့်ထားသမျှ သမ္မတစုပါမားကက်ဆိုင်များအားလုံးကို သူမနှင့်အတူ လှည့်ပတ်စစ်ဆေးပြီး နောက်ဆုံးထမင်းစားချိန်နီးမှ အောင်ပြည့်ရှိသော Internet Cafe သို့ ရောက်လာပါသည်။

"ဘယ်လိုလဲ အောင်ပြည့်၊ ပုံမှန်ပဲ မဟုတ်လား၊ ဟိုကောင်လေးရော၊ ဝင်းထွဋ်လေ . . . ဝင်းထွဋ် ဘယ်ရောက်နေလဲ၊ အဲဒီကောင်နဲ့ ဆိုင်ကိုခဏထားခဲ့၊ ငါတို့ ထမင်းသွားစားကြမယ်၊ မင်းလည်း မစားရသေးဘူး မဟုတ်လား"

"အေး . . . ဒါဆိုလည်း ခဏတော့စောင့်ဦးကွာ၊ ဝင်းထွဋ်ကို ငါအပြင်ခိုင်းလိုက်လို့ ပြန်လာခါနီးပါပြီ၊ လီလီ . . . နင်က ဘယ်လိုကနေဘယ်လို ဒီကောင်နဲ့ ပါလာတာလဲ"

လီလီက သူမအစ်ကိုကို စပ်ဖြဲဖြဲဖြင့်ကြည့်နေပြီး ဘာဆိုဘာမှ ပြန်မဖြေချေ။ ညီညီထွန်းက ဝင်ရှင်းပြတော့မှ အကြောင်းစုံသိကာ အောင်ပြည့်က ရယ်လေ၏။

"လီလီရာ . . . ကိုယ့်ဘာသာကိုယ် ဆင်ဆင်ခြင်ခြင်လေးလည်း နေစမ်းပါဦးဟ၊ ငါက ပိုက်ဆံချေးရလို့ ပြောတာမဟုတ်ဘူး၊ နင်လုပ်ပုံတွေကိုက တလွဲတွေနော်၊ လေးလေးသက် နင့်ကို ဒေါသထွက်တာကိုချည်း အပြစ်တင်မနေနဲ့"

"အဲဒါ ကိုကို့သူငယ်ချင်း အတို့အထောင်လုပ်လို့ ဒီလိုဖြစ်ကုန်တာလေ . . .၊ နို့မဟုတ်ရင် ဘာမှမဖြစ်ဘူး"


www.burmeseclassic.com

www.burmeseclassic.com



"ကဲကဲ . . . တော်ပြီ၊ ငါ့ဘက်တော့ ပြန်လှည့်မလာပါနဲ့ ဝါးတားလီလီရယ်၊ တော်ပါတော့၊ အောင်ပြည့်ရေ သွားမပြောနဲ့ဟ၊ မနေ့ညကလည်း သူနဲ့မေမေပေါင်းပြီး ငါ့ကို ဝိုင်းနှိပ်ကွပ်ပြီးပြီ"

အောင်ပြည့်သည် ခပ်တိုးတိုးရယ်လျက် ခေါင်းတစ်ဆတ်ဆတ်ညိတ်နေသည်။ ညီညီထွန်း၏အမေက လီလီကို အရမ်းချစ်မှန်း သူလည်းသိထား၏။ ထို့နောက် သူတို့သုံးယောက် စကားတွေပြောရင်း ဝင်းထွဋ်ကို မျှော်ကြသော်လည်း ဟိုကောင်က တော်တော်နှင့် ပေါ်မလာချေ။ လီလီကမူ ဗိုက်ဆာပြီဟု တကျီကျီ ညည်းစပြုလာသည်။ အောင်ပြည့်က မင်းတို့အရင်သွားနှင့်ဟုပြောနေစဉ် Internet လာသုံးသည့် Customer ကောင်မလေးသုံးယောက် ကောင်တာဆီသို့ ရောက်လာသည့်အတွက် စကားပြတ်သွားသည်။ အောင်ပြည့်က သူမတို့သိလိုသမျှ အချက်အလက်များကို စိတ်ရှည်လက်ရှည် ပြန်လည်ရှင်းပြ ပြောဆိုနေရ၏။ ညီညီထွန်းနှင့် လီလီတို့လည်း ထိုကောင်မလေးသုံးယောက်ထံ အကြည့်ရောက်သွားကြ၏။ ညီညီထွန်းက ကိုယ့်ဆိုင်လာသော Customer တွေမို့ အကဲခတ်ရုံသက်သက်ကြည့်တာဖြစ်ပြီး လီလီကတော့ မိန်းကလေးတို့သဘာဝအတိုင်း စပ်စုခြင်းဖြစ်သည်။

ကောင်မလေးတွေက သူမနှင့် ရွယ်တူလောက်ပင် ရှိမည်။ ပုံစံလေးတွေက ခေတ်ဆန်၍ ကြည့်လို့ကောင်းပါသည်။ သူမတို့က လည်း လီလီနှင့် ညီညီထွန်းကို ပြန်လည်စူးစမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့၏ ကိစ္စဝိစ္စများပြီးသွားတော့ အောင်ပြည့်ကို နှုတ်ဆက်ကာ ပြန်ရန်ပြင်ကြ၏။ ထိုအခိုက်မှာ လီလို့အသံခပ်စူးစူးက ပေါ်ထွက်လာ၏။

"ဟင်းဟင်း . . . ကြည့်ရတာ No တော့ မဖြစ်နိုင်ဘူး၊ Yes ပဲ ဖြစ်ရမယ်"

လီလို့အသံကြောင့် ကောင်မလေးသုံးယောက်မှာ မျက်နှာတစ်မျိုးဖြစ်သွားပြီး သူမထံ တစေ့တစောင်း ပြန်လှည့်ကြည့်လာကြပါသည်။ ဘာမှနားမလည်သော ညီညီထွန်းက လီလို့ကို ခပ်တိုးတိုးမေးကြည့်လိုက်၏။

"လီလီ . . . ဘာတွေလျှောက်ပြောနေတာလဲ၊ Yes တွေ No တွေနဲ့ စုံနေတာပဲ"

ထိုစဉ် မှန်တံခါးကို ဆွဲဖွင့်ထွက်သွားသော ကောင်မလေးသုံးယောက်အနက် တစ်ယောက်က ကျောပေးထိုင်နေသည့် လီလီအား သိသိသာသာ စူးစိုက်ကြည့်နေသည်ကို အောင်ပြည့်ရော သူပါ သတိထားလိုက်မိသည်။ လီလီက ဘာကိုမှ သတိမထားမိဘဲ အားရပါးရပြုံးလျက် . . .

"ဩော် . . . သီချင်းဆိုတဲ့ No အဖွဲ့ရဲ့ဒီဇိုင်းမျိုး လိုက်တုပြီး ဝတ်စားထားပေမယ့် သူတို့က No တော့ဖြစ်မှာ မဟုတ်ဘူး၊ Yes ပဲ ဖြစ်လိမ့်မယ်၊ ရယ်ရတယ်၊ ငါ့အစ်ကို,ကို စကားတွေပြောနေတာလည်း အီသံလေးနဲ့၊ အဲဒီကြားထဲက ညီညီကိုငမ်းတာ မျက်လုံးတောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွတ်ကျတော့မယ်၊ ညီညီတို့ကလည်း ဟွန်း . . . မပြောလိုက်ချင်ဘူး"

မှန်တံခါးသည် ဆောင့်ပိတ်ခံလိုက်ရသော်လည်း အသံသိပ်မထွက်။ သို့သော် သိသာ၏။ ကောင်မလေးများဆီမှ တောက်ခေါက်သံတစ်ခုကိုပါ သေသေချာချာ ကြားလိုက်ရသည်။ အောင်ပြည့်ကမူ မျက်စိမျက်နှာပျက်စွာဖြင့် ညီမဖြစ်သူကို အပြစ်တင်လေသည်။

"လီလီ . . . နင် ဘာတွေလျှောက်ပြီး စောင်းမြောင်းပြောနေတာလဲ၊ အလကားသက်သက်မဲ့ ပါးစပ်စည်းကမ်းမရှိတာ ငါမကြိုက်ဘူးနော်"

ဘုမသိ၊ ဘမသိဖြစ်နေသော ညီညီထွန်းက . . .

"ငါကဖြင့် အံ့သြနေတာ၊ အခုမှတွေ့ဖူးတဲ့ ဟိုကောင်မလေးတွေကို အခြောက်တိုက် ရန်လုပ်နေတာလား၊ ဟုတ်လား လီလီ၊ ဘာတွေဖြစ်ထားကြလို့လဲ"

လီလီက ဒေါသဖြစ်ဖြစ်နှင့် . . .

"ဘာမှဖြစ်မထားဘူး၊ ခင်ဗျားတို့ ကိုကိုတို့နဲ့ ဖြစ်သွားမှာစိုးလို့ရှင့်၊ သိပြီလား . . . ကဲ"

ညီညီထွန်းသည် လီလီကိုကြည့်၍ အားရပါးရ ပြုံးရယ်လိုက်သဖြင့် အောင်ပြည့်လည်း အံ့အားသင့်နေမိသည်။ ဒီကောင်က ကိုယ့်ဆိုင်ကို အားပေးသော ဘယ် Customer ပဲဖြစ်ဖြစ် သူ့ကိုယ်တိုင် လေးလေးစားစား ဆက်ဆံတတ်ပြီး အခြားဝန်ထမ်းများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံရေးကောင်းဖို့ အမြဲဆုံးမပြောဆိုလေ့ရှိသူ ဖြစ်၏။ အခုလို လီလီ ပေါက်တတ်ကရတွေ လျှောက်ပြောခဲ့တာကို သူက သဘောကျနေသဖြင့် အောင်ပြည့်မှာ ထူးဆန်းနေရသည်။

"ကဲ . . ဟိုမှာ ဝင်းထွန်းပြန်လာပြီ၊ ထကွာ . . အောင်ပြည့် လစ်ကြမယ်၊ ဗိုက်ဆာပြီကွ"

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၆)

စနေနေ့ညသည် အလင်းအစက်အမှုန်များဖြင့် တောက်ပလျက်ရှိ၏။ ဦးသက်ထွန်းသည် ဧည့်ခန်းပြတင်းပေါက်လိုက်ကာစများကြားမှ ခြံဝင်းထဲသို့ ချောင်းမြောင်းကြည့်ရှုရင်း စိတ်တွေ အလိုလို မောဟိုက်နေမိသည်။

ဒီလို စနေ၊ တနင်္ဂနွေများဆိုလျှင် ဦးသက်ထွန်းတစ်ယောက် အမောဖောက်တတ်နေတာ ကြာခဲ့ပြီ။ တစ်ဦးတည်းသော သမီးလေး ကေသွယ်စိုး (ခ) လီလီက ခြံဝင်းထဲမှာ သူမသူငယ်ချင်းစုစုမွန်းနှင့် စကားတွေ ဖောင်ဖွဲ့နေပုံရသည်။ သူက သမီးဖြစ်သူ၏ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ကို အကဲခတ်ကာ ရင်မောနေရသော်လည်း လီလီကတော့ နိုင်ငံတကာမှ ဘောလုံးသမားနာမည်များကို တက်တက်ကြွကြွနှင့် ရွတ်ဆိုနေတတ်သည်။ ဒီမလိမ်မိုး မလိမ္မာ မိတ်ဆိုးသမီးလေး လီလီကြောင့် သူ့မှာ အခက်ကြီးခက်နေရရှာ၏။

ဘယ့်နှယ် . . . မိန်းကလေးတန်မယ့် ဘောလုံးပွဲအားပေးမှုက ကြောက်ခမန်းလိလိ။ ရိုးရိုးသားသား ပုံမှန်အားပေးလျှင် သူ မပြောသေးပါ။ အခုတော့ လီလီ့ဘောလုံးရောဂါက လူကြားလို့ပင် မကောင်း။ EPL၊ La Liga၊ Serie A၊ Bon des Liga၊ Ligue(1) အကုန်လုံး သူမ မသိတာမရှိပေ။ ညညဆို သူမက ဟန်းဖုန်းတစ်လုံးဖြင့် အလုပ်တွေ ရှုပ်နေတတ်လေသည်။ လီလီကို သူလည်း မနိုင်တော့ပြီ။ အခု ဒီစနေနေ့ညတွင် လီလီတစ်ယောက် ဘယ်လိုအကြံအဖန်တွေနှင့် လုပ်ရှားဦးမလဲဟုတွေးကာ ဦးသက်ထွန်းမှာ ဆိုဖာတစ်လုံးပေါ် သို့ ဝုန်းကနဲ ထိုင်ချလိုက်ပါသည်။

သူမကောင်လေး ညီညီထွန်းဆီ ဖုန်းဆက်ပြောရင် ကောင်းမလား။ အာ . . . ဒီကောင်လည်း မနိုင်ပါဘူးလေ။ သမက်လောင်းလေး၏မျက်နှာကို မြင်ယောင်မိတော့ ဦးသက်ထွန်းမှာ ပိုမောလာသည်။ ချာတိတ်က သူ့စိတ်ကြိုက်အရည်အချင်းမျိုးရှိသူ၊ ငွေရေးကြေးရေးနှင့် ပတ်သက်လာလျှင် စည်းစနစ်ကျသူ၊ စီးပွားရေးလောကရှိ သလောက် အရည်အသွေးလည်း ပြည့်မီတော့ တရိပ်ရိပ်တိုးတက် အောင်မြင်လာဦးမည့်သူ ဖြစ်သည်။ နောက်ပြီး သူ့ကိုလည်း လေး



www.burmeseclassic.com

www.burmeseclassic.com



တစားရှိသည်။ သမီးဖြစ်သူကိုလည်း တကယ်မြတ်နိုးလှမှန်း ဦးသက်ထွန်း ရိပ်မိ၏။ ဒါကြောင့်လည်း သူက သဘောတူခဲ့ခြင်းဖြစ်၏။

ဒါပေမယ့် လီလီ့လုပ်ရပ်တွေကြောင့် သူ့မှာ စိတ်တွေရှုပ်ရ အရှက်တွေကွဲရ၊ ပြီးတော့ သမက်လောင်းကို အားလည်းနာရသည်။ ဒီကောင်က သူ့ဘာသာပဲ စည်းစနစ်ကြီးတာ . . . ။ လီလီ့ကိုတော့ ကောင်းစွာသွန်သင်ထိန်းကျောင်းနိုင်မည့်ပုံ မပေါ်ချေ။ အရေးထဲ သူနှင့် ခမည်းခမက်တော်ရမည့် ညီညီ့မိခင်ဒေါ်မို့မို့ဝင်းက လီလီ့ကို အရမ်းအလိုလိုက်လွန်းသည်။ ကိုယ့်သမီးကို မကြည်ဖြူတာမျိုးမဟုတ်ဘဲ အကြည်ဖြူလွန်ပြီး ဖူးဖူးမှုတ်နေတာဆိုတော့လည်း အပြစ်တင်ရခက်လှ၏။

"အင်း . . . ဒေါ်အိအိမွန်ရေ၊ မင်းကတော့ ငါ့ဒုက္ခတွေမသိဘူးနော်၊ မင်းသမီးလီလီ နှိပ်စက်လို့ ငါ့မှာ ထိပ်မွေးတွေလည်းကျွတ်လှပြီ အမေကြီးရဲ့၊ သွားလေသူ မိစိမ်းကားကြီးမယ်အိရဲ့"

ကွယ်လွန်သွားခဲ့ပြီဖြစ်သော ဇနီးသည်အား တမ်းတရင်း ဦးသက်ထွန်းမှာ လီလီ့အတွက် အာရုံတွေနောက်ကာ ခေါင်းထဲတွင် တရိပ်ရိပ်မူးဝေလာပါတော့သည်။ အပြင်ဘက်မှ လီလီနှင့်စုစုမင်းတို့၏ စကားပြောဆို ရယ်မောသံများက လေအသင့်မှာ ဧည့်ခန်းထဲအထိ ဝင်ရောက်လို့လာတတ်သည်။

အမှောင်ရိပ်သန်းစပြုလာသော်လည်း လီလီတို့သူငယ်ချင်းနှစ်ယောက်မှာ ပြောလက်စ,စကားတွေ မပြတ်နိုင်သေး . . . ။ လမ်း



www.burmeseclassic.com

www.burmeseclassic.com



ဒီးတိုင်အချို့ပင် မီးလင်စပြုလာသည်။ စုစုမင်းက သူမနှင့်မတွေ့ဖြစ်ခဲ့သော ဒီရက်ပိုင်းများအတွင်း လီလီကြုံရသမျှတွေကို နားထောင်တာ ဟက်ဟက်ပက်ပက် ရယ်နေရ၏။ လီလို့ဆိုမှာ ဒီလိုကိစ္စမျိုးတွေက မကြာခဏ ကြားရတတ်သည်မို့ မအံ့ဩမိသော်လည်း မရယ်ဘဲတော့ မနေနိုင်ပေ။

"အခုရော နင့်အဖေနဲ့ ပြန်စကားပြောပြီလား၊ အန်ကယ်ကြီးက နင့်ကို အရမ်းချစ်တာပါ လီလီရယ်၊ နင်ကလည်း အရမ်းအရမ်းတွေ လျှောက်မလုပ်နဲ့ပေါ့"

"ဟဲ့ . . . ငါလည်း ချစ်တာပေါ့၊ ကိုယ့်အဖေပဲဥစ္စာ၊ တစ်လောကလုံး ပြေးကြည့်မှ မိဘဆိုလို့ ဒီတစ်ယောက်ပဲ ကျန်တော့တာကို . . .။ ဒါပေမယ့် ဟယ် . . . ဖေဖေနဲ့ ညီညီက တကယ်ပဲ အရမ်းကိုတူတာ၊ ကပ်စေးနည်းပုံချင်း၊ ပျစ်တောက်ဗျစ်တောက် လုပ်တာချင်းတွေများ တစ်ပုံစံတည်း၊ ငါက အဲဒါတွေ စိတ်ညစ်တာ၊ သူတို့ပြောသလောက်တော့ ငါမဆိုးသေးပါဘူး စုစုရယ်"

"ဩော် . . . နင့်ကို ဆိုးတယ်လို့လည်း မပြောပါဘူး၊ နင်က ကျန်တာ ဘာမှအပြစ်ပြောစရာ မရှိဘူး၊ ကိုယ့်သူငယ်ချင်းမို့ပြောတာမဟုတ်ဘူး၊ လူရောစိတ်ပါ လှတယ်၊ အဲ . . . ဒါပေမယ့် အဲဒီဘောလုံးပွဲနဲ့ သင်္ချိုင်းတွက်တဲ့နေရာမှာ နင့်တော်တော် ဝါသနာကြီးတယ်၊ ဘယ်လိုသွေးမှန်းကို မသိဘူး၊ နင့်အဖေကတော့ လုံးဝခါးခါးသီးသီး ဆန့်ကျင်တာပဲ၊ နင့်အမေက ဝါသနာပါခဲ့လို့များ နင့်



www.burmeseclassic.com

www.burmeseclassic.com



ဆီကူးလာလေသလား"

"အယ် . . . ပေါက်တတ်ကရ၊ မေမေက အရမ်းအေးတာတဲ့၊ အဲဒီကိစ္စတွေဆို လုံးဝစိတ်မဝင်စားဘူးတဲ့၊ ဖေဖေက သူ့မိန်းမအကြောင်းဆို အမြဲကြွားပြောနေကျ၊ ငါ့ကိုဆုတိုင်း ထည့်ထည့်ပြောတယ်၊ နောက်ပြီးတော့ ပြောသေးတယ်ဟ၊ ငါက ငါ့ဦးကြီးသွေးပါတာတဲ့၊ မေမေ့အစ်ကိုကြီးတစ်ယောက်က တကယ့်လောင်းကစားသွေးပါတာတဲ့၊ တစ်မိပေါက် တစ်ယောက်ထွန်းလို့ ပြောရမယ်ဟ . . .၊ နာမည်က ဦးစိုးသီဟလို့ခေါ်တယ်၊ ငါလည်း မမှီလိုက်ပါဘူး၊ မေမေတို့ မုံရွာက မပြောင်းခင်ကတည်းက ဆုံးသွားခဲ့တာ၊ ကြက်ဝိုင်းမှာ ရန်ဖြစ်ရင်း သူများက ဓါးနဲ့ထိုးလို့ ဆုံးသွားတာတဲ့ဟ၊ အမလေး . . . သူက တစ်သက်လုံး ကြက်တိုက်၊ ဖဲရိုက်၊ ဂျင်ထိုးတဲ့ အလုပ်တွေနဲ့ပဲ အသက်မွေးတာလို့ ပြောတယ်၊ အခြားအရက်နဲ့ မူးယစ်ဆေးဝါးကိစ္စတို့၊ မိန်းမသနာတွေကိစ္စကတော့ အရမ်းကို ကင်းရှင်းသတဲ့၊ ပြီးတော့ သူက ထူးထူးခြားခြား လောင်းကစားသမားဟ၊ သူ့မှာ ပိုးစိုးပက်စက်ရှုံးတယ်ဆိုတာ လုံးဝမရှိဘူးတဲ့၊ တကယ့် ဆရာကြီးပဲ နေ၁၊ ဖေဖေက ငါ့ကို အဲဒီဦးစိုးသီဟကြီးဝင်စားတာလား မသိဘူးဆိုပြီးတော့တောင် ညည်းတယ်၊ ဟီဟိ . . . ငါက မျိုးဆက်မပြတ်အောင် ထိန်းသိမ်းနေရတာပါ ဖေဖေလို့ ပြောတော့လေ ဖေဖေ့မျက်နှာကြီးက ရဲပြီး ငါ့ကို ထကန်တော့မတတ်ပဲ၊ ဘယ်ရမလဲ ငါလည်း သေပြေးတာပေါ့ . . . ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



စုစုမင်းမှာ တခွိခွိနှင့် ရယ်နေရပြန်ပါသည်။ လီလီကတော့ စုစုမင်းနှင့် စကားပြောနေရင်းမှ ဘောလုံးဂျာနယ်တစ်စောင်ကို အပြန်ပြန်အလှန်လှန် လှန်လောလေ့လာနေ၏။ သူမစိတ်ထဲမှာ နွေးပြီး ပူလာပြီ။ ပြီးခဲ့သည့် ချန်ပီယံလိဂ်ညတွေတုန်းက နာကျင်မှုများအတွက် ဒီည ပျော်ရွှင်စရာတွေ ပြန်လည်ခူးဆွတ်နိုင်အောင် ဘုရားကူမှဖြစ်မည်။ စုစုမင်းက . . .

"ဟဲ့ . . . ပြောရင်းဆိုရင်း ဒီဂျာနယ်ကြီးကို ဖတ်နေပြန်ပြီ၊ ချထားလိုက်စမ်းပါ လီလီရယ်၊ ငါ အခုနက မေးမယ်လုပ်ပြီးမှ မေ့သွားတယ်၊ နင်ပြောတဲ့ ဟို Yes အဖွဲ့သုံးယောက်အကြောင်းလေ၊ ဘာလဲ သူတို့က No အဖွဲ့ပုံစံတွေအတိုင်း လိုက်တုပြီး ဝတ်စားထားလို့လား"

"သြော် . . . ဟုတ်ပါတယ် ဆိုမှ၊ တပ်တဲ့မျက်မှန်ကအစ ခပ်ဆင်ဆင်ဖြစ်အောင် . . . အဲ"

ရုတ်တရက် ဖုန်းသံကြောင့် လီလီစကားစပြတ်သွားသည်။ ဖုန်းကို သူမ ကောက်ကိုင်ကြည့်လိုက်စဉ်မှာပဲ လီလီ့မျက်နှာမှာ စူပုပ်သွားရလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၇)

စုစုမင်းက ရှုံ့မဲ့စူပုပ်နေသည့် လီလီမျက်နှာလေးနှင့် အသံတိတ်သွားသော ဖုန်းကို တစ်လှည့်စီကြည့်ကာ မေးလိုက်၏။

"ဘာလဲ . . . ဖုန်းက ပြန်ကျသွားတာလား၊ ဘယ်သူလဲ"

"ဩော် . . . ဘယ်သူရှိရမလဲ၊ ဦးကပ်စီးညီညီပေါ့၊ ကျသွားတာ မဟုတ်ဘူး၊ ချသွားတာဟော့၊ missed call ပေးပြီး ပြန်ချသွားတာ၊ ငါက ပြန်ဆက်တော့မှ သူဖုန်းဘီလ်သက်သာမှာလေ၊ ဒါမျိုးတွေက ရိုးနေပြီ၊ ခံရပေါင်းများလှပြီ၊ လုံးဝပြန်မဆက်ဘူး၊ ငါပြောတော့ ပြောတဲ့လူက လွန်တယ်ဖြစ်မယ်၊ စုစုမင်းတွေ့လား၊ ညီညီ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်တွက်ကာပ်သလဲဆိုတာ အခု နင့်မျက်မြင်ပဲ"

လီလီက မကျေမနပ်နှင့် ဒေါပွလျက် ပြောဆိုနေသော်လည်း စုစုမင်းမှာ စကားပြန်မပြောနိုင်။ ညီညီထွန်း၏ ခွေ့တာရေးအိုင်ဒီယာကို မမျှော်လင့်ဘဲ သိရှိလိုက်ရသဖြင့် အူတတ်မတတ် ခွက်ထိုးခွက်လန် ရယ်နေမိတော့သည်။

ညီညီထွန်းကို အမြင်ကတ်ကတ်နှင့် ဖုန်းပိတ်ထားလိုက်ချင်ပေမယ့် ဘောလုံးပွဲကိစ္စတွေက ရှိနေသေးသောကြောင့် လီလီ့မှာ ဖုန်းကိုဖွင့်ထားရ၏။ စုစုမင်းက သူမကို Yes အဖွဲ့သုံးယောက်အကြောင်း စိတ်ဝင်တစား ထပ်မေးနေသဖြင့် စိတ်ပြေလက်ပျောက် ပြောပြနေမိ၏။ ရယ်မောပြောဆိုနေရပေမယ့် လီလီစိတ်ထဲမှာ ညီညီ့ကို ဒေါသတွေ ထွက်နေဆဲ။

ညီညီဖုန်းဆက်လာရင် ငါးခါမှာ သုံးခါလောက်က အမြဲတမ်း ဒီလိုချည်းသာဖြစ်၏။ သမီးရည်းစားအချင်းချင်းတောင် ဒီလောက်ခွက်ကျရသလားဆိုပြီး တွေးမိတိုင်း ဒင်းကို ထုရိုက်ပစ်ချင်စိတ်ပေါက်မိသည်။ အတွေးမဆုံးခင် ဖုန်းသံမြည်လာပြန်သဖြင့် လီလီက အလျင်အမြန်ကောက်ကိုင်ကာ ပြောချလိုက်ပါသည်။

"ပြော . . . ပြော . . . ဘာကိစ္စလဲ၊ အမြန်ပြော၊ ဖုန်းဘီလ်တွေ တက်ကုန်တော့မယ် မြန်မြန်ပြော"

တစ်ဖက်ဖုန်းထဲမှ ညီညီထွန်း၏ ရှက်ရယ်သံကြီးက နားကလောချင်စရာ ကောင်းလှသည်။ စိတ်တိုနေသည့် လီလီကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စုစုမင်းက ကြိတ်ရယ်နေ၏။ လိုက်လည်းလိုက်ဖက်တဲ့ စုံတွဲဟုတွေး၍ စုစုမင်းက သူငယ်ချင်းဖြစ်သူလီလီ၏ ထူးဆန်းလှသော ဖူးစာကို အံ့သြနေမိပါသည်။

"ဟဲဟဲ . . . လီလီကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ ကိုယ် ခုနကခေါ်တာ ဖုန်းလိုင်းက သိပ်မကောင်းဘူး၊ ပြန်ကျသွားတာနဲ့လေ"

"အပိုတွေ ပြောမနေနဲ့ ညီညီ၊ လီလီတို့က အားလုံးကို အလွတ်ရနေပြီ၊ စိတ်ကုန်တယ် သိလား၊ ပြောစရာရှိရင် မြန်မြန်ပြော၊ အဲဒါမှ ရှင့်ဖုန်းဘီလ်မတက်မှာ . . ."

"အာ . . . အဲလိုမဟုတ်ပါဘူး လီလီရယ်၊ ဘယ်လိုဖြစ်လို့ ဒေါသတွေ ကြိုကြိုထွက်နေရတာလဲ၊ ဒီမှာ မေမေက လီလီကို သတိရလို့တဲ့၊ အိမ်ကိုလာဖို့ မှာနေတယ်သိလား . . . ဟဲဟဲ၊ ဩော် . . . ကိုယ်ပြောမလို့ဟာတောင် ဘယ်ရောက်သွားပါလိမ့်၊ ဒီလိုလေ . . . မနက်ဖြန် မျိုးဝင်းက ကိုယ်တို့တစ်အုပ်စုလုံးကို ထမင်းလိုက်ကျွေးမယ်တဲ့၊ ဒီကောင်ကျွေးတာ စားရခဲတယ် လီလီရဲ့၊ အဲဒါ လီလီ့ကို လာခေါ်မယ်၊ မျိုးဝင်းကလည်း လီလီ့ကို ဖိတ်ခိုင်းထားတယ်၊ ဒီကောင်က ကိုယ့်ထက် ပိုကပ်စေးနည်းတယ် လီလီရ၊ အခုတောင် ဖုန်းခနှမြောပြီး ကိုယ့်ကို တဆင့်မှာပြီး ဖိတ်လိုက်တာ . . .၊ ကိုယ်က လီလီထင်သလို မဟုတ်ပါဘူး . . . ဟဲဟဲ၊ လီလီလိုက်စားမယ် မဟုတ်လား၊ ဘယ်အချိန်လာခေါ်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



မျိုးဝင်းနှင့် ကပ်ပြိုင်ကာ သူ့ကိုယ်သူ ဂုဏ်တင်နေသော ညီညီ့စကားကို နားထောင်ရင်း လီလီပြုံးစေ့စေ့ ဖြစ်လာသည်။ သို့သော်လည်း သူမက အသံကိုတော့ ခပ်မာမာလုပ်ထားရသည်။ သူမ ချစ်သူ ကိုကပ်စေးက ဒီလောက်မာထားမှ တန်ရုံကျမှာကို လီလီ အသိဆုံးပင် မဟုတ်ပါလား။

"စားမယ် . . . လိုက်စားမယ် မပူနဲ့၊ အဲဒီ ရှင့်အမွှာညီအစ်ကို ကော်တစ်ရာကြီးကိုလည်း ပြောထားလိုက်၊ လီလို့သူငယ်ချင်း စုစုမင်းပါ ပါလာလိမ့်မယ်လို့၊ ကဲ . . . ဒါပဲ မဟုတ်လား"

ပြောပြီးပြီးချင်း ဖုန်းကိုချ၍ လီလီက တခွိခွိ ရယ်ပါတော့သည်။ သူမတို့၏ ချစ်သူဘဝသည် တစ်ခါမှ စိတ်ကူးယဉ်ချင်စရာ မရှိ။ တစ်ယောက်နှင့်တစ်ယောက် အမြဲလိုလို ဘုဘောက်ကျနေရသဖြင့် ကြာတော့ ဒီအရသာကိုပင် သူမတို့နှစ်ယောက်စလုံး ငြိတွယ်စွဲလမ်းစပြုလာဟန်တူသည်။

မနက်ဖြန် မျိုးဝင်းဒကာခံမည့်ကိစ္စကို လီလီက စုစုမင်းအား အကျိုးအကြောင်းရှင်းပြ၍ လိုက်ခဲ့ရန် အတင်းမဲဆွယ်နေပြန်၏။ နောက်ဆုံးတွင် စုစုမင်းလည်း သဘောတူလိုက်ပြီး သူမကို နှုတ်ဆက်ကာ ပြန်သွား၏။ နာရီကိုကြည့်လိုက်မှ သူမတို့နှစ်ယောက် ထိုင်တာ တော်တော်ကြာသွားမှန်း သတိထားမိလေသည်။ စကားတွေ ပြောနေရတုန်းက ညောင်းရမှန်းမသိလိုက်ဘဲ အခုမှ တကျွတ်ကျွတ်နှင့် အညောင်းဆန့်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲရောက်တော့ ဦးသက်ထွန်းက လီလီကို မယုံသင်္ကာ မျက်လုံးကြီးများဖြင့် လိုက်ကြည့်နေပြန်သည်။ လီလီက ဟန်မပျက် ပြုံးပြလျက် ထမင်းစားခန်းထဲ ဝင်မည်အပြုတွင် ဦးသက်ထွန်း၏ အသံကြီးကြောင့် သူမခြေလှမ်းတွေ ရပ်တန့်သွားရသည်။

"လီလီ . . . ခုနက ဘယ်သူ့ဖုန်းလဲ၊ ဒီနေ့ညတော့ ငြိမ်ငြိမ် နေရင် ကောင်းမယ်နော် . . . သမီး၊ ဖေဖေလည်း သိပ်မပြောချင် ဘူး၊ ပြောရဆိုရတာ စိတ်ကုန်နေပြီ"

"စိတ်ချပါ ဖေဖေရဲ့၊ သမီး ဘာမှမလုပ်ဘူး၊ ခုနက ဖုန်းက လည်း ညီညီ့ဖုန်းပါ၊ မယုံရင် သမီးဖုန်းကိုယူကြည့်၊ ဖေဖေ မဆာ သေးဘူးလား၊ သမီး ထမင်းပွဲပြင်ဖို့ လုပ်လိုက်ဦးမယ်၊ ထမင်းစားပြီး ရင် အိပ်တော့မယ်၊ ဖေဖေ မယုံရင် စောင့်ကြည့်နေပေါ့၊ ဖုန်းကိုလည်း ပိတ်ထားလိုက်တော့မယ်"

စကားအဆုံးမှာ လီလီက ထမင်းစားခန်းထဲသို့ သွက်လက် စွာ ပြေးဝင်သွားလေ၏။ လီလီသည် သူမတို့အိမ်၏ သက်တော်ရှည် စားဖိုမှူးကြီး ဒေါ်ရွှေရီနှင့်အတူ ညစာအတွက် ဝိုင်းဝန်းပြင်ဆင်ရင်း စကားတွေ ဖောင်လိုဖွဲ့လျက် အူမြူးနေ၏။ သူမက ထမင်းစားပြီး လျှင် သွားအိပ်တော့မှာဆိုတော့ ဖေဖေအံ့သြနေပေလိမ့်မည်။

လီလီပဲလေ . . . မပိုင်ရင် ဘယ်လုပ်မလဲ။ သူမက ခြံထဲ မှာကတည်းက ဖုန်းနှင့် မက်ဆေ့ချ်ပို့ကာ ဒီညပွဲတွေကို ကြိုတင်စီစဉ် ထားပြီးသား မဟုတ်လား။ ဘာသတင်းအချက်အလက်မှ မရသေး



www.burmeseclassic.com

www.burmeseclassic.com



ခင် မိုက်မိုက်ကန်းကန်း ရွေးချယ်မှုတွေ ပြုလုပ်လာသည့် လီလီ့ကို ဘောလုံးပွဲဆရာကြီးမောင်မောင်ပင် ဩချသွားရ၏။ ပြီးတော့ လီလီ၏ ဒီညဇယားမှာ ညီညီထွန်းအကွက်ပျောက်ပြီ။ မောင်မောင်ဆိုတာ သူမနည်းသူမဟန်ဖြင့် ထပ်မံရင်းနှီးခဲ့သော မိတ်ဆွေသစ်။ အရင်လူတွေကို ညီညီထွန်းသိနေသဖြင့် သူမက အဆက်ဖြတ်လိုက်ခြင်းဖြစ်သည်။

ဒီနေ့ညတော့ အိပ်ရေးဝအောင် အိပ်၍ မနက်ကျမှပဲ ဘယ်အသင်းတွေ လန်းပြီး၊ ဘယ်အသင်းတွေ ဂွမ်းသလဲဆိုတာ စုံစမ်းကြည့်တော့မည်။ သူမတစ်ယောက်ထဲ အတွေးနှင့် အူမြူးနေသည်ကို ထမင်းစားခန်းထဲဝင်လာသည့် ဦးသက်ထွန်းက မသိမသာ အကဲခတ်နေသည်။ ဒီကောင်မလေးကြည့်ရတာ တစ်ခုခုဖြစ်နေပုံရ၏။ ဘာမှန်းတော့ သူလည်း ရေရေရာရာ မသိချေ။ လီလီက ပကတိဖြူစင်သည့် မျက်နှာလေးဖြင့် ဖခင်ဖြစ်သူကို ထမင်းထပ်ယူဖို့ပြောတော့ ဦးသက်ထွန်းက ခေါင်းခါပြသည်။ အဲဒါကို လီလီက . . .

"ထမင်းစားတာ နည်းလှချည်လား ဖေဖေရဲ့၊ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

"အေး . . . ဟုတ်တယ်၊ ဘောလုံးပွဲကြည့်ဖို့ စိတ်လောနေလို့ ထမင်းတောင် စားမဝင်တော့ဘူး"

ထိုသို့ပြောပြီး ဦးသက်ထွန်းက ထမင်းစားခန်းထဲမှ ထထွက်သွား၏။ လီလီလည်း ပါးစပ်ထဲမှာ စားလက်စ ဇွန်းကြီးတန်းလန်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com


ဘာပြန်ပြောရမှန်းမသိ ဖြစ်ကာကျန်ခဲ့လေသည်။

* * * *


www.burmeseclassic.com

www.burmeseclassic.com

# (၈)

မျိုးဝင်းကျွေးသော ထမင်းကိုစားဖူးဖို့ ကလပ်(စ်)နှစ်ချိန် လွတ်သွားပြီဆိုပြီး စုစုမင်းက တည်းည်းည်း၊ တည့်ည့်ည့်နှင့် လိုက်လာသလို လီလီကလည်း ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်နေပြန်ပါသည်။

သူတို့အားလုံးကို အစ်ကိုဖြစ်သူ အောင်ပြည့်၏ သူငယ်ချင်းများအဖြစ် လီလီက စတင်သိကျွမ်းခဲ့သည်။ ထိုမှစ၍ ညီညီထွန်းနှင့် ချစ်သက်တမ်းသုံးနှစ်ရှိလာချိန်အထိ သူမက မျိုးဝင်းတို့တစ်အုပ်စုလုံးကို အခင်အမင်မပျက် ပေါင်းသင်းလာတာမို့ သူတို့တွေအကြောင်းလည်း အတွင်းသိဖြစ်နေပါပြီ။ ညီညီထွန်းနှင့် မျိုးဝင်းတို့သည် ကပ်



www.burmeseclassic.com

www.burmeseclassic.com



စေးနည်းရာတွင် အမွှာညီအစ်ကိုများအဖြစ် ပူးတွဲဗိုလ်စွဲသကဲ့သို့ အောင်လွင်ဦးကတော့ မျက်နှာရှုံငကြွားဖြစ်သည်။ သူမသူငယ်ချင်း စုစုမင်းကိုပင် အောင်လွင်ဦးက ရိသဲ့သဲ့လုပ်၍ ချစ်ရေးဆိုခဲ့သေး၏။ စုစုမင်းခမျာ ဆတ်ဆတ်ခါအောင် အသည်းတွေနာကာ ချုံးပွဲချငိုသဖြင့် အားလုံးက ဝိုင်းဝန်းပြီး မနည်းချော့ယူရသော ရာဇဝင်ရှိခဲ့ဖူးသည်။

အဲဒီတုန်းက ညီညီထွန်းနှင့် မျိုးဝင်းတို့နှစ်ယောက်ပေါင်းကာ အောင်လွင်ဦးကို ခပ်ပြင်းပြင်း စကားလုံးများသုံး၍ နှိပ်ကွပ်တားမြစ်ခဲ့သဖြင့် ပြဿနာတွေ တက်ကုန်ကြ၏။ အောင်လွင်ဦးမှာ စိတ်ဆိုးသွားပြီး စုစုမင်းကိုပါ လုံးဝမနှောက်ယှက်တော့ချေ။ အခု ဒီအကြောင်းတွေကို လီလီက သတိတရနှင့် အစပြန်ဖော်တော့ အားလုံးဝိုင်းရယ်ကြလေသည်။

* * * *

ချိန်းထားသည့် ဆိုင်ကိုရောက်တော့ မျိုးဝင်းနှင့်အတူ အောင်လွင်ဦးနှင့် အောင်ပြည့်တို့ပါ ရောက်နေကြပြီဖြစ်၏။ လီလီက စုစုမင်းအား တိုးတိုးလေးကပ်ပြောလိုက်သည်။

"ကိုမျိုးဝင်းကျွေးတာ စားရခဲ့တယ်၊ ငါတို့ ကျောင်းပြန်ရောက်ရတာနဲ့တန်အောင် စားရမယ်ဟ၊ သိလား စုစုမင်း . . . ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ဟ . . . ခစ် ခစ် ခစ် . . ."

"ဟိတ် . . . နင်တို့နှစ်ယောက်က ဘာတွေကြိတ်ရယ်နေကြတာလဲ၊ ရယ်စရာရှိရင် ငါ့ကိုလည်း ပြောဦးလေ"

အောင်လွင်ဦးက စပ်ဖြဲဖြဲနှင့် ရုတ်တရက် ဝင်ပြောသဖြင့် တခြားလူတွေကပါ သူမတို့နှစ်ယောက်ကို လှည့်ကြည့်ကုန်ကြ၏။

လီလီက . . .

"ဘာရယ်ရယ်ပေါ့၊ သိပ်စပ်စုတာပဲ၊ ဒီမှာ ဗိုက်ဆာလှပြီ၊ မေးခွန်းတွေ လာထုတ်မနေနဲ့၊ ကိုမျိုးဝင်းက ဘာအထိမ်းအမှတ်နဲ့ ကျွေးတာလဲဆိုတာ ပြောဦးလေ"

မျိုးဝင်းက မျက်နှာကို ပြုံးဖြီးဖြီးကြီး လုပ်နေ၏။ ဖြူဖွေးသော မျက်နှာသည် အချဉ်ရည်တွေလို နီရဲလာပြီး မူလကတည်းက မှေးချင်နေသည့် မျက်လုံးများမှာ လုံးဝမပွင့်တော့ . . . ။ ထိုအခိုက် အောင်ပြည့်က ရယ်ချင်စိတ်ကို မျိုသိပ်ထားဟန်ဖြင့် ဝင်ပြောလိုက်ရာ လီလီတို့လည်း အံ့အားသင့်သွားရသည်။

"ဒီနေ့ပွဲကတော့ ထူးခြားသလား မမေးနဲ့၊ ငါတို့ကောင်ကြီး မျိုးဝင်းရဲ့ ချစ်သူရှာတွေ့တဲ့ပွဲ"

"ဘာရယ်၊ ချစ်သူတွေ့သွားပြီ . . . ဟုတ်လား"

"အလို . . . ဘုရား . . . ဘုရား"

လီလီနှင့် စုစုမင်းတို့၏ အာမေဋိတ်စကားများကြောင့် မျိုးဝင်းမှာ ပို၍မနေတတ်မထိုင်တတ် ဖြစ်သွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟီး ဟီး . . . နင်တို့ကလည်း ငါ ချစ်သူရှာတွေ့တယ်ဆိုတာနဲ့ ဒီလောက်တောင် အံ့ဩနေစရာလား၊ ငါလည်း လူပဲ၊ ချစ်တတ်တာပေါ့၊ ဒါပေမယ့် ဒီလိုပါ၊ အခုဟာက နင်တို့ကို ကျွေးမွေးပြုစုရင်း အကြံဉာဏ်လေး၊ ဘာလေးလည်း တောင်းချင်လို့ပါ၊ ငါ . . . ငါက ချစ်သူကိုသာ ရှာတွေ့တာ၊ ဖွင့်တောင် မပြောရသေးဘူး"

"အမ်"

လီလီနှင့် စုစုမင်းတို့လည်း အကြည့်ချင်းဆုံကာ မသိမသာ ပြုံးလိုက်မိကြသည်။ ဘာမှမပြောမိအောင် ထိန်းချုပ်ဖို့လိုကြောင်း သတိရလိုက်သည်။ ဒီလိုအချိန်မျိုးမှာ ဒါန့်ရှင် စိတ်ကွက်အောင် မပြောသင့်ဘူး မဟုတ်လား။ မျိုးဝင်းလို ကပ်စေးနည်းပုံမျိုးနှင့် ဒီတစ်သက် မိန်းမ,မရနိုင်ဟု သူတို့ ထင်ထားမိခဲ့ကြပါသည်။ ညီညီထွန်းက မျိုးဝင်းနှင့်အပြိုင် ကပ်စေးနည်းသော်လည်း မျိုးဝင်းလောက်တော့ မတုံးချေ။ သူက လိုအပ်သည့်နေရာတွင် လိုအပ်သလို သုံးရမည်ဆိုတာကို သဘောပေါက်သည်။ စိတ်ထဲက မပါပေယေမယ့် အောင့်အီးသည်းခံကာ အကုန်အကျခံတတ်သည်။

မျိုးဝင်းသည် သူ့ငွေကုန်မည်ဆိုလျှင် နှလုံးပင် မခုန်ချင်သည့်ကောင်ဟု သူတို့ တွေးထင်ရယ်မောခဲ့သမျှ ဒီတစ်ခါတော့ တက်တက်စင်အောင် လွဲလေပြီ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၉)

ထိုသို့ဖြင့် စားဖို့သောက်ဖို့များကို စီစဉ်မှာကြားကြလေ၏။ အဲဒီအချိန်မှာပင် မျိုးဝင်းတစ်ယောက် စတင်ဝမ်းနည်းရတော့သည်။ လီလီနှင့် စုစုမင်းသာမက အောင်ပြည့်တို့ ယောက်ျားလေးတွေကပါ ဘယ်တုန်းကတည်းက ငြိုးထားနေသည်မသိ။ ဈေးကြီးပေမဲ့ဆိုသော အစားအသောက်တွေချည်း ရွေးမှာနေ၏။ ထို့နောက် မချိသွားဖြဲ ရှုပ်လေးဖြင့် မျိုးဝင်း၏ ငိုတော့မလို အမူအရာများကို မသိကျိုးကျွံပြုကာ သူတို့အားလုံး ပျော်ပျော်ရွှင်ရွှင်နှင့် ဝမ်းမြောက်ဝမ်းသာ အားပေးကြပြန်သည်။ စားသောက်ပြီးချိန်တွင် ကိုယ်နှစ်သက်ရာ အအေးအား



www.burmeseclassic.com

www.burmeseclassic.com



အပူများကို ထပ်မံမှာယူပြီးမှ သူတို့သည် မျိုးဝင်း၏ရင်ခုန်သံအကြောင်းကို စ၍မေးမြန်းစူးစမ်းပါ၏။ လီလီတို့ မိန်းကလေးနှစ်ယောက်တင်မဟုတ် ညီညီထွန်းကိုယ်တိုင်လည်း မျိုးဝင်း ဘယ်ကောင်မလေးကို ချိန်နေသလဲဆိုတာ ရေရေရာရာ မသိသေးပေ။

"ကဲ . . . မျိုးဝင်း 'စ' တော့ကွာ၊ ပြောတော့၊ မင်းဘယ်ကကောင်မလေးကို ဘယ်လိုမြင်တွေ့လာပြီး ဘယ်အချိန်မှာ ဘယ်လိုအချစ်စိတ်တွေ ဝင်လာသလဲဆိုတာ ပြောပြဦးလေ၊ နောက်ပြီးမှ ငါတို့ ဘယ်လိုကူညီနိုင်မလဲဆိုတာ ဝိုင်းစဉ်းစားကြတာပေါ့"

မျိုးဝင်းသည် စားပွဲပေါ်ရှိ စားသောက်ထားသမျှ ပန်းကန်ခွက်ယောက်တွေဆီမှ အကြည့်ကိုလွှဲပြီး စိတ်တင်းလိုက်ဟန်ဖြင့် အသက်ကို ခပ်ပြင်းပြင်းရှူလိုက်သည်။ နောက် . . . မျိုးဝင်းလည်း ရှက်စနိုးအပြုံးလေးဖြင့် သူရွေးချယ်ထားသော ချစ်သူအကြောင်းအား ဇာတ်စုံခင်းပြရှာပါသည်။ စပြောကာစမှာ ဘာမှသိပ်မထူးခြားလှသော်လည်း အောင်ပြည့်နှင့် အောင်လွင်ဦးတို့နှစ်ယောက်ပါ မျိုးဝင်းဇာတ်လမ်းကို ဝင်ရောက်ပြောဆိုရှင်းလင်းသောအခါ လီလီမျက်လုံးပြူးသွားသည်။ အောင်ပြည့်ကို မေးကြည့်လိုက်ရာ ပိုသေချာသွားပါတော့၏။

"ဟယ် . . . အဲဒါဆို ဟိုသုံးယောက်ထဲက တစ်ယောက်ပေါ့၊ ဟိုတစ်နေ့က လီလီတောင် နောက်နေသေးတယ်လေ၊ မှတ်မိလား၊ Yes အဖွဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ပြည့်သည် ဘာမှအရေးမကြီးသလိုနှင့် ခေါင်းညိတ်ပြလိုက်သည်။ လီလီလည်း ပခုံးလေးတွန့်လျက် မျက်လုံးပြူးကာ ပြုံးလိုက်မိ၏။ ဟုတ်ပါတယ်လေ။ သူတို့ဟာသာကြိုက်ချင်တာ ကြိုက်ပါစေ။ တကယ်ဆို ကိုယ်နဲ့ သူတို့နဲ့က ငြိုးသူရန်ဘက်တွေမှ မဟုတ်တာပဲ။

အဲဒီနေ့ကလည်း အောင်ပြည့်နှင့် စကားပြောနေသည့် လေသံတွေ၊ ညီညီထွန်းကို စူးစူးရဲရဲ ကြည့်ခဲ့တာတွေကို အမြင်ကပ်၍သာ ရန်လိုလိုက်မိခြင်းဖြစ်၏။ မျိုးဝင်းကမူ သူတကယ်ချစ်မိသွားကြောင်း၊ သူငယ်ချင်းတွေ အားလုံးကလည်း စာနာနားလည်စွာဖြင့် တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီပေးစေလိုကြောင်း တဖွဖွ တနွဲ့နွဲ့ ခံစားပြောဆိုနေလေသည်။ မျိုးဝင်းပြောသမျှကို နားထောင်ရင်း လီလီသည် ညကသူမအားပေးသည့် အသင်းများ၏ ဘောင်မြင်မှုတွေကို ပြန်လည်တွေးတောကျေနပ်နေသည်။ ဘောလုံးပွဲဆရာကြီး မောင်မောင်ကတောင် ပွဲအဖြေတွေ လှမ်းပြောပြီး သူမကို တအံ့တသြ ချီးကျူးခဲ့သေး၏။

ထို့နောက် သူတို့စားသောက်ထားသော ကျသင့်ငွေများကိုပေးချေချိန်ဝယ် ဖြစ်ပျက်နေသည့် မျိုးဝင်းရုပ်ကြီးကိုကြည့်ကာ ညီညီထွန်း၏မျက်နှာမှာ အထူးပြုံးပျော်လျက် ရှိသည်။ မျိုးဝင်းပိုက်ဆံက ရုတ်တရက် ငိုချလိုက်မှာပင် စိုးရသည်။ ထို့ကြောင့် သူငယ်ချင်းများကမျိုးဝင်းကို နှလုံးသားရေးအတွက် ဘာမှစိတ်မပူရန်နှင့် တတ်နိုင်သမျှ



www.burmeseclassic.com

www.burmeseclassic.com



ဘူညီဘေးတီးပေးမည်ဟု ဝိုင်းဝန်းပြောဆိုနှစ်သိမ့်ပေးရပြန်သည်။ ဘာပဲဖြစ်ဖြစ် မျိုးဝင်းကို နှိပ်စက်လိုက်ရသဖြင့် သူတို့အားလုံး ပျော်နေခဲ့ကြ၏။

အပြန်ကျတော့ စုစုမင်းကို အရင်လိုက်ပို့ပြီး ညီညီထွန်းက လီလီတို့အိမ်သို့ လိုက်လာသည်။ အိမ်မှာ ဦးသက်ထွန်းက ပြန်မရောက်သေး . . .။ ဖုန်းဆက်ကြည့်လိုက်တော့ ဂေါက်ကွင်းမှာပဲ ရှိသေးသည်။ ညီညီထွန်းလိုက်ပို့သဖြင့် အိမ်ပြန်ရောက်ပြီဟု လီလီက ပြောလိုက်ရာ ဦးသက်ထွန်းက . . .

"ဖေဖေ့အခန်းထဲက စားပွဲပေါ်မှာ ပိုက်ဆံတစ်သောင်းတင်ထားတယ်၊ အဲဒါ ညီညီထွန်းကို ပေးလိုက်နော်၊ ပြီးခဲ့တဲ့အပတ်က သူ့ဆီက ပိုက်ဆံယူပြီး ဖေဖေ့အတွက် ပုဆိုးဝယ်လာတာ ပြန်မပေးရသေးဘူးဆို၊ အဲဒီလိုမလုပ်ရဘူး သမီးရဲ့၊ ကိုယ်က သူများပိုက်ဆံယူထားပြီးရင် မေ့နေတာပဲဖြစ်ဖြစ် မေ့ချင်ယောင်ဆောင်တာပဲဖြစ်ဖြစ်၊ နည်းနည်း၊ များများ . . . သူများက တစ်မျိုးထင်တတ်တယ်၊ အခုဟာက မောင်ညီညီထွန်းမို့ တော်သေးတာပေါ့"

ဖေဖေဖုန်းချသွားတော့ လီလီ့စိတ်ထဲမှာ စနိုးစနောင့် ဖြစ်သွားမိ၏။ ဒါပေမယ့် သူမက အမူအရာမပျက်ဘဲ ပိုက်ဆံယူကာ ညီညီထွန်းကို ပေးလိုက်သည်။ ငနဲသားက ပိုက်ဆံကို ဆတ်ကနဲ ဆွဲယူလိုက်ပြီး ဝင်းပကြည်လင်သော မျက်နှာကြီးဖြင့် အလ္လာပ သလ္လာပများ ခပ်သွက်သွက်ပြောကာ ပြန်သွားတော့သည်။ လီလီ့ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါသစိတ်တို့ဖြင့် တနုံ့နုံ့ခံစားနေရသည်။ ဒါကြောင့် ဒင်းက အိမ်အထိလိုက်လာခဲ့တာ၊ ဒီကို စရောက်ကတည်းက ဖေဖေ့ကိုပဲ မေးနေတာ၊ မရှိဘူးဆိုတော့ ဖုန်းဆက်ကြည့်ပါလားဆိုပြီး လေးငါးခါမက တိုက်တွန်းနေတာများ အားလုံးသည် ဒီပိုက်ဆံတစ်သောင်းကြောင့်ပဲ ဟု လီလီသဘောပေါက်လိုက်၏။ ရှင်ဟာ တကယ့်ပေသီးအကြီးစား တစ်ယောက်ပါလား ညီညီ။

ပြီးခဲ့သည့် အပတ်က ညီညီနှင့်အတူ သူမဈေးဝယ်ထွက်ခဲ့သည်။ တစ်ခြားပစ္စည်းတွေ ဝယ်တာများသွားပြီး လက်ထဲတွင် ငွေသိပ်မကျန်တော့မှ ဖေဖေ့အတွက် ပုဆိုးဝယ်ရန် သတိရလိုက်၏။ သူမက နောက်မှပဲ ဝယ်တော့မယ်ဆိုတော့ သူကပဲ လိုလိုချင်ချင်နှင့် ပိုက်ဆံထုတ်ပေးကာ အတင်းဝယ်ခိုင်းခဲ့သည်။ ပြီးတော့ အဲဒီတုန်းက ညီညီထွန်း၏ပြောပုံက သူပဲ ဝယ်ပေးတာလိုလို။

"ဩော် . . . လီလီရယ်၊ အန်ကယ့်အတွက်ပဲ၊ ကိုယ်စိုက်ဝယ်ပေးမှာပေါ့၊ မကြာခင် ယောက္ခမတော်ရတော့မှာပဲဥစ္စာ . . . အဲဒီဟဲ"

လီလီက အံကြိတ်ထားရင်း ပြုံးလိုက်မိသည်။ အေးပေါ့လေ။ သူတာ စိုက်ဝယ်ပေးမယ်လို့ ပြောတာ။ ပြန်မတောင်းဘူးလို့မှ မပါတာ ဘာပဲဖြစ်ဖြစ် ဒီပေသီးကောင်ကို တစ်နည်းနည်းနှင့်တော့ ပညာပြန်ပေးရပါလိမ့်မည်။ နောက် . . . လီလီက မဲ့ပြုံးလေးပြုံး၍ မောင်အောင့်ဆီ ဖုန်းခေါ်လိုက်ပါသည်။ အောင်မြင်မှု၏အရသာတွေကို



www.burmeseclassic.com

www.burmeseclassic.com



သူမ,ခံစားရပေဦးမည်။ မနေ့ညကတော့ ချန်ပီယံလိဂ်တုန်းက အနိုင်များအတွက် သူမ,ကောင်းကောင်း ကလဲ့စားချေနိုင်ခဲ့သည် မဟုတ်ပါလား။

ထို့နောက်သူမက စုစုမင်းဆီ ဖုန်းဆက်ပြီး မျိုးဝင်းအကြောင်းတွေ ရယ်မိကြ၊ ပြောမိကြနေ၏။ မျိုးဝင်းသည် အောင်မြင်မှုရှိသော အင်တာနက်ဆိုင်သို့ ဝင်ထွက်နေခဲ့ရာမှ Yes သုံးယောက်ထဲမှ တစ်ယောက်ကို ရင်ခုန်သွားပါသတဲ့။ သူတို့ပြောပုံအရ အဲဒီသုံးယောက်ထဲက အချောဆုံးဟုဆိုရမည့် တစ်ယောက်ပဲ။ လီလီ ကြည့်မရဆုံးကလည်း အဲဒီတစ်ယောက်ပင် . . . ။ မျိုးဝင်းနှင့် အဲဒီတစ်ယောက်သာ တကယ်ကြိုက်သွားခဲ့ပါက ထို Yes အဖွဲ့ဝင်တွေကို ဘယ်လိုမှ မပတ်သက်ဘဲနေ၍ မရတော့မှန်း သူမတို့လည်း သဘောပေါက်ကြပါလိမ့်မည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

Yes အဖွဲ့ဝင်များဟု လီလီ၏ လျှို့ဝှက်အမည်ပေးခြင်းခံထားရသော ကောင်မလေးသုံးယောက်ထဲတွင် ဇင်မာသန်းဝင်းမှာ အလှဆုံးဖြစ်ပါသည်။ သူမတို့သည် တစ်စုံတစ်ရာကို ဆွေးနွေးတိုင်ပင်နေကြ၏။ ဇင်မာသန်းဝင်းမှာ အေမီဂျွန်ရဲ့အမေးကို မကြားဘဲ ငိုင်မြဲဆက်ငိုင်နေရာ နီနီအောင်က စိတ်မရှည်စွာ လေသံမာမာနှင့် ထပ်မေးလိုက်တော့မှ . . .

"ဟင် . . . ဘာလဲ၊ ဪ . . . လာတော့မှာပါ။ ဒါပေမယ့် ငါစိတ်ညစ်တယ်ဟာ၊ ငါ့အကြံနဲ့ ငါမို့သာ သူ့ကို အလိုက်အထိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံနေရတာ၊ အဲဒီ ကိုမျိုးဝင်းကြီးကို ငါ တကယ်စိတ်ပျက်တယ် သိလား . . .”

“စိတ်ပျက်တာတွေ ဘာတွေလုပ်မနေနဲ့၊ လောလောဆယ် ရှိုးပွဲမှီဖို့က အရေးကြီးတယ်”

“ တကယ်လို့ နောက်ကျပြီး ‘No’ အဖွဲ့သီချင်းဆိုတာ မမှီ လို့ကတော့ အဲဒီ နင့်ကိုမျိုးဝင်းဆိုတဲ့လူကြီးကို ကောင်းကောင်းအရေ ခွံ့နွှာပစ်မယ် . . . ဟွန်း”

“ငါ့လူကြီး မဟုတ်ပါဘူးဟာ၊ ငါလည်း စတိတ်ရှိုးပွဲကို ကြည့် ချင်တာပဲ၊ ဒါပေမယ့် ငါ့အကြိုက်ဆုံး သဇင်မပါတော့ စိတ်ထဲမှာ တစ်မျိုးပဲ၊ ဝမ်းနည်းတယ်၊ ဘာပဲဖြစ်ဖြစ်ပါ . . . No ဆိုရင်တော့ ကြည့်ရမှာပဲ”

ဇင်မာသန်းဝင်းက ညည်းညည်းညူညူ ပြောလိုက်ရင်း အအေးဆိုင်နှင့် မျက်နှာချင်းဆိုင်ရှိ “သမ္မတ” အင်တာနက်ကဖေးဆီ လှမ်းငေးနေမိ၏။ အေမီဂျွန်နှင့် နီနီအောင်တို့နှစ်ယောက်ကတော့ စတိတ်ရှိုးပွဲထဲကျရင် အပီကဲမည့်အကြောင်းနှင့် No အဖွဲ့သီချင်း စာသားတွေကို ကျွတ်ကျွတ်စီအောင် ပြောဆိုငြင်းခုံနေကြသည်။ သူတို့သုံးယောက်သည် No အဖွဲ့၏ အမာခံပရိသတ်များဖြစ်ကြပြီး No ခရေဇီတွေလည်း ဖြစ်လေ၏။ ဒါကြောင့်မို့ လီလီက သူမတို့ ဝတ်ပုံစားပုံများကို မြင်မြင်ချင်း တန်းသတိထားမိကာ ရိသဲ့သဲ့ပြော တာ ခံခဲ့ရသည်။ ဇင်မာသန်းဝင်းမှာ သူငယ်ချင်းနှစ်ယောက်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



နှုတ်တရက် လှည့်၍ . . .

"ဟဲ့ . . . ကိုမျိုးဝင်းနဲ့ စကားပြောရင် နင်တို့လည်း မသိသောနဲ့ ဟိုနှစ်ယောက်အကြောင်းတွေကို အစ်အောက်မေးကြဦးနော်၊ တော်ကြာ . . . ငါချည်းပဲ မေးနေတော့ ရိပ်မိသွားဦးမယ်၊ စောစောက ငါဖုန်းဆက်တုန်းကတော့ ဟိုနှစ်ယောက်ကို ဒီနေ့ရှိုးပွဲ အတူတူသွားဖို့တောင် သူခေါ်ဦးမလို့တဲ့ဟ . . ."

ဇင်မာသန်းဝင်းစကားအဆုံးတွင် မျိုးဝင်းက ရောက်ချလာ၏။ သူသည် ဇင်မာသန်းဝင်းကို အရင်ဆုံး သွားကြိုးဖြ၍ နှုတ်ဆက်ပြီး ဝိုင်းမှာဝင်ထိုင်လိုက်သည်။ နောက် . . . ဇင်မာသန်းဝင်းတို့ သောက်စားထားသည့် အအေးများကို ဝေ့ကြည့်ကာ ဈေးသိပ်မကြီးကြောင်း ခန့်မှန်းမိခါမှ စိတ်အေးသွားဟန်ဖြင့် အားရပါးရပြုံးလျက်-

"ကဲ . . . တွားကြတာပေါ့၊ ကျွန်တော် တိတ်အရမ်းတော့ နောက်မကျပါဘူးနော်၊ ဟိုကျွန်တော့်သူငယ်ချင်းနှစ်ယောက်က မလိုက်ဖြစ်တော့ဘူး၊ လီလီက ရုပ်ရှင်ကြည့်မယ်ဆိုလို့ ညီညီထွန်းက လိုက်ပြရမှာတဲ့ . . .၊ ညီလေးရေ ဘယ်လောက်ကျလဲ၊ ရှင်းမယ်ဟေ့"

အအေးဖိုးမှာ သိပ်မများလှသော်လည်း ဘယ်သူမှ အတင်းလုမရှင်းကြသဖြင့် မျိုးဝင်းက ဝမ်းနည်းသွားပါသည်။ ရှိုးပွဲကျရင်လည်း သူပဲ ဒိုင်ခံရှင်းရတော့မှာ ဟူသောအတွေးကြောင့် မျိုးဝင်းစိတ်တွေ လေးလာလေ၏။

ရုပ်ရှင်ရုံထဲဝင်ခါနီးမှ အရေးတကြီး အမူအရာဖြင့် သူ့လက်



www.burmeseclassic.com

www.burmeseclassic.com



ကို ဖမ်းဆွဲ၍ ရပ်တန့်လိုက်သော လီလီကြောင့် ညီညီထွန်းခမျာ လန့်သွားမိသည်။

"ဟင် . . . ဘာဖြစ်လို့လဲ လီလီရဲ့၊ ရုပ်ရှင်က ပြတော့မယ် လေကွာ"

"ပြီးမှ ပြောပြမယ်၊ အခုလောလောဆယ် လီလီကို ငါးထောင် လောက် မြန်မြန်ပေးစမ်းပါ၊ ခဏလေးပဲ၊ လီလီ့ပိုက်ဆံအိတ်က ကားထဲမှာ ကျန်ခဲ့လို့ပါဆို၊ မြန်မြန်လေးလုပ်ပါ ညီညီရဲ့၊ ငါးထောင် . . . ငါးထောင်"

လီလီ၏ ပျာပျာသလဲ တောင်းဆိုမှုကြောင့် ညီညီထွန်းမှာ နှမြောဖို့ ကပ်စေးနည်းဖို့ အချိန်သိပ်မရလိုက်ချေ။ ငါးထောင်တန် တစ်ရွက်ကို ဆွဲထုတ်ပြီး လီလီလက်ထဲ အလျင်အမြန် ထည့်ပေး လိုက်ရ၏။ လီလီက သူပေးသည့် ပိုက်ဆံကိုကိုင်လျက် တစ်နေရာ သို့ လျှောက်သွားသည်။ ညီညီထွန်းလည်း သူမနောက်မှ မသိမသာ လိုက်ပါလာ၏။ လီလီက အတန်ငယ်လျှောက်လှမ်းသွားပြီး ပလက် ဖောင်းအစွန်းမှာ ရပ်နေသော ပိန်ချိချိအဘိုးကြီးတစ်ဦးလက်ထဲသို့ ပိုက်ဆံငါးထောင်တန်ကို ထည့်လိုက်ပါသည်။ အဖိုးကြီးမှာ ပျော်ရွှင် ရန် မေ့လျော့နေသည်အထိ အံ့သြမှင်သက်နေ၏။ ထိုအခိုက် ညီညီ ထွန်းက . . .

"ဟာ . . . လီလီ၊ အဲဒါ မင်းဘာလုပ်တာလဲ . . . ဟင်"

"ဘာလုပ်ရမှာလဲ၊ အလှူခံထည့်တာလေ၊ ကောင်းမှုကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာပဲဟာ၊ ညီညီလည်း ကုသိုလ်ရတာပေါ့၊ မဟုတ်ဘူးလား"

ပြောပြီး လီလီက ပြုံးစစ မျက်နှာပေးဖြင့် ရုပ်ရှင်ရုံရှိရာသို့ ကော့တော့ကော့တော့နှင့် ပြန်လျှောက်သွားပါသည်။ ညီညီထွန်းမှာ ဒေါသတွေထွက်လျက် ချက်ချင်းလမ်းမလျှောက်နိုင်။ သူက အဘိုးကြီးလက်ထဲမှ သူ့ငါးထောင်တန်လေးကို ပြန်လုယူချင်စိတ်တွေ ပေါက်နေ၏။ သူ့စိတ်ကို ရိပ်မိဟန်တူသော အဘိုးကြီးက ညီညီထွန်းအား စိတ်မချစွာ မှုန်တေတေတစ်ချက်ကြည့်သည်။ ပြီးတော့ လက်ထဲမှ ပိုက်ဆံကို ရင်ဘတ်ကြားထဲထည့်ပြီး သူနှင့်ဝေးရာသို့ ရွေ့လျားသွားတော့သည်။

ထိုနေ့က ရုပ်ရှင်ကောင်း၊ မကောင်းရော . . .၊ ဇာတ်လမ်းက ဘယ်လိုဘယ်ပုံဆိုတာပါ ညီညီထွန်းမသိတော့ . . .။ လီလီကမူ ခပ်တည်တည်ပင်။ သူ့ကိုလည်း လှည့်မကြည့်။ ရုပ်ရှင်ကိုသာ စိတ်ဝင်တစား ကြည့်ရှုအားပေးနေ၏။ လုံးဝမခံစားနိုင်တော့သော လေသံဖြင့် ညီညီထွန်းက ငါးထောင်တန်အကြောင်းကို ဝမ်းနည်းပက်လက်နှင့် စကားစရုံရှိသေးသည်။ လီလီက ပက်ကနဲ ပြန်ပြောပစ်လိုက်လေ၏။

"အဲဒီပိုက်ဆံကို လီလီ ပြန်ပေးမယ်လို့ တစ်ခွန်းမှ မပြောမိဘူးနော်၊ ခဏလေးပဲလို့ ပြောခဲ့တာ၊ တကယ်လည်း ခဏလေးပဲ မဟုတ်လား၊ အဘိုးကြီးဆီ ပိုက်ဆံသွားပေးတာ ဘယ်လောက်မှ မကြာပါဘူး ညီညီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ညီညီထွန်း၏ မီးဝင်းဝင်းတောက်လျက်ရှိသော မျက်လုံးများကို လီလီက လုံးဝအာရုံမစိုက်ချေ။ လုပ်ချင်တာလုပ်လိုက်ရပြီး ကျေနပ်နေတာကြောင့်ပဲ ဖြစ်ရမည်။ ရှပ်ရှင်က အရမ်းကို အရသာရှိနေလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၁)

ဒေါ်မို့မို့ဝင်းသည် အမွေးတိုင်များကို ခွက်ထဲသို့ ထည့်လိုက်ပြီးနောက် ကြမ်းပေါ်မှာ ကျုံ့ကျုံ့ရုံ့ရုံ့ ပဆစ်တုပ်ထိုင်နေသော လီလီထံ လှည့်ကြည့်လိုက်၏။ လီလီကလည်း သဘောပေါက်နားလည်စွာဖြင့် ဒေါ်မို့မို့ဝင်းနှင့်အတူ တညီတညာတည်း လက်အုပ်ချီလျက်မျက်လုံးမှိတ်ကာ အာရုံပြုထားလိုက်ပါသည်။

ကိုယ်တော်ကြီး၊ ကိုယ်တော်လေး စသော . . . နတ်ရုပ်ကြီးများက ရွှေရောင်တလက်လက်ဖြင့် အမွေးတိုင်များ ဆက်သထားသည့် ဟင်းလျာရနံ့တွေကြားမှာ မားမားမတ်မတ် ရပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စီးတော်ကျားရုပ်များမှာ သွားကြီးတွေဖြပြလျက်ရှိ၏။ ဒေါ်မို့မို့ဝင်းက ပွစိပွစိနှင့် ကိုယ်တော်တို့အား တိုင်တည်ဆုတောင်းနေသည်။

လီလီကတော့ မနေ့က ရုပ်ရှင်ရုံမှာ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကို ပြန်တွေးပြီး ပီတိတွေ ဖြစ်နေမိလေသည်။ ညီညီထွန်းကို ပညာပေးလိုက်နိုင်သည့်အတွက် သူမက အရမ်းကိုကျေနပ်နေ၏။ ဒီအကြောင်းတွေကိုလည်း စုစုမင်းနှင့် ဒေါ်မို့မို့ဝင်းတို့ကို သူမက ပြောပြပြီးပြီ။

ထိုအခါ နှစ်ယောက်စလုံးက လီလီ့လုပ်ကွက်လေးကို ထောပနာပြုကာ ဝိုင်းဝန်းချီးမွမ်းကြပြန်သည်။ အထူးသဖြင့် ရုပ်ရှင်ရုံမှ ပြန်အထွက်တွင် ထပ်နှက်လိုက်ပုံလေးကို ဖြစ်၏။ အဲဒီအချိန် သုန်မှုန်နေသော ညီညီထွန်း၏လက်ကို အတင်းဆွဲကိုင်ထားရာမှ သူမက အံ့အားတကြီး အာမေဋ္ဋိတ်သံပြုလိုက်ပါသည်။ "ဟောတော့" ညီညီထွန်းက အောက်သိုးသိုးမျက်နှာကြီးဖြင့် . . .

"ဘာဖြစ်ပြန်ပြီလဲ၊ အလျှုထပ်လုပ်ဦးမလို့လား"

"မဟုတ်ပါဘူး ညီရဲ့၊ ဒီမှာလေ လီလီက ပိုက်ဆံအိတ်ကို ကားထဲမှာ ကျန်ရစ်ခဲ့တာလို့ ထင်နေတာ၊ ဟောဒီ ဂျာကင်ထဲမှာ ပါလာတာပဲ ဟင်း ဟင်း . . ."

ချိုမြသော ရယ်သံလေးဖြင့် မခို့တရို့လှမ်းကြည့်ရင်း လီလီက သူမပိုက်ဆံအိတ်လေးကို ညီညီထွန်းမြင်သာအောင် မြှောက်ပြလိုက်၏။ ညီညီထွန်းမှာ အရှိခံနေရသဖြင့် ဘာမှမပြောဘဲ ကားဆီ



www.burmeseclassic.com

www.burmeseclassic.com



...့ ဆောင့်ကြီးအောင့်ကြီး လှည့်ထွက်သွားခဲ့သည်။ ဘာပဲဖြစ်ဖြစ် ...လီ၏လက်တုံ့ပြန်မှုမှာ ငါးထောင်ထဲနှင့် ပြီးသွားသဖြင့် တော်သေး ...ည်ဟု သူက ဖြေသိမ့်လိုက်ပါ၏။

ထိုစဉ် ဒေါ်မို့မို့ဝင်းက သူမ၏ရွတ်ဖတ်ဆုတောင်းမှုများ ပြီး ...းသွား၍ လီလီဖက်လှည့်လာသည်။ လက်အုပ်ချီပြီး မျက်လုံးမှိတ် ...ားရင်း ပြုံးပြုံးကြီးဖြစ်နေသော လီလီ့ကို သူမက ခပ်တိုးတိုးလေး ...တိပေးလိုက်၏။

"သမီးလေး . . . အန်တီတောင် ပြီးသွားပြီ၊ အမလေး . . . ...တ်နှာကလည်း ပြုံးလို့ပါလား၊ ဘာတွေများ ကိုယ်တော်တွေကို ...ဆာနေတယ် မသိဘူး၊

"ရှင် . . . ဟို . . . ဘာမှမဟုတ်ပါဘူး၊ သမီးက အန်တီ ...ပြီးသေးဘူးထင်လို့ အဟဲဟဲ"

သူမက ကပျာကရာ ဦးပေါက်ဆိန်ချလျက် ခန္ဓာကိုယ်ကို ...တ်သက်သာသာရှိအောင် ပြင်ထိုင်လိုက်ပါသည်။ ထို့နောက် သူမ ...့လည်း စကားတွေဖောင်ဖွဲ့မိ၏။ ဒီနေ့ ဘယ်ဂဏန်းမှာ အာရုံကျ ...၍ ဘယ်ဂဏန်းက အိပ်မက်သခင်ဖြစ်ရပုံ၊ လီလီ၏ဉရောပအဆင့် ...ာလုံးပွဲရသတချို့၊ ညီညီထွန်း၏ မရိုးနိုင်သော ကပ်စေးနည်း ...ာ်တရာဇာတ်လမ်းတွဲများနှင့် ကိုယ်တော်တို့ မစမှုများအကြောင်း ... စသဖြင့် စကားများစွာပြောဖြစ်ကြသည်။ ဒေါ်မို့မို့ဝင်းက ဒီနေ့ ...ညီထွန်းနှင့် တွေ့ခဲ့သေးသလားဟု ရုတ်တရက် မေးလိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လီလီမျက်နှာမှာ လှလှပပလေး မဲ့သွားပါသည်။

"တွေ့ပ . . . တွေ့ပ၊ အန်တီ့သားက အခု သမီးကို လုံး
ဂရုမစိုက်အားဘူး၊ အင်တာနက်ရောဂါတက်နေတယ် အန်တီရဲ့"

* * * *

ညီညီထွန်းသည် ကွန်ပျူတာပေါ်တွင် တက်လာသည့် သူ
account ထဲမှ ရုပ်ပုံများ၊ နာမည်စာတန်းများကို လျှောက်ဖတ်ကြည့်
နေမိသည်။ သူ အင်တာနက်သုံးနေတာ နှစ်နာရီခန့်ရှိသွားပြီ။ အခ
နောက်ပိုင်း သူ Internet သုံးချိန်တွေ ပိုများလာပြီး အကြိမ်ရေစိပ်
လာတာကို အောင်ပြည့်က သတိပြုမိပုံရသည်။ သို့သော် သူ့ထုံး
အတိုင်း ဘာမှတ်ချက်မှမပြုပေ။

ညီညီထွန်းက သူ့ကို Bye ဟုနှုတ်ဆက်၍ လိုင်းပေါ်မှဆင်း
သွားသော "စကြာ" ဆိုသည့် account ပိုင်ရှင်ကောင်မလေးအကြောင်း
ထိုင်စဉ်းစားနေရာမှ ထလိုက်ပါသည်။ အခု သူက "စကြာ" ဆိုသော
စင်္ကာပူအခြေစိုက် မြန်မာမလေးတစ်ယောက်နှင့် Chatting ဝင်ရင်း
တော်တော်လေးရင်းနှီးနေပြီ ဖြစ်၏။ စကြာသည် စကားပြောကောင်း
သည်။ IQ လည်း မြင့်သည်။ စီးပွားရေးကိစ္စတွေကိုပင် တိုင်ပင်ဆွေး
နွေးလို့ရသည်။

အောင်ပြည့်အနီးမှာ ထိုင်နေသော မျိုးဝင်းက သူ့ကိုလှမ်း



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်လိုက်သည်။ မျိုးဝင်းသည် အခုဆို သူတို့ဆိုင်ကို နေ့တိုင်းသိုလို ရောက်လာတတ်သည်။ သူကြိုးစားနေသော ကောင်မလေးကဒီဆိုင်မှာ Member ဝင်ထားသူမို့ မျိုးဝင်းလည်း Internet Cafe ဆည်တွင် ဗျိုင်းကြီးလာလုပ်နေခြင်း ဖြစ်၏။

"ဟော . . . ဇင်မာတို့ Internet သုံးလို့ပြီးသွားကြပြီလား . . . ဟီးဟီး"

မျိုးဝင်းက သွားကြီးဖြဲကာ ဇင်မာသန်းဝင်းတို့သုံးယောက်ကို မတ်တပ်ထ၍ နှုတ်ဆက်သည်။ ညီညီထွန်းကမူ (လီလို့အခေါ်) Yes အဖွဲ့သုံးယောက်ကို လူမှုရေးအရ ပြုံးပြလိုက်မိ၏။ Yes တို့ကသည်း ဖော်ဖော်ရွှေရွှေပင် အောင်ပြည့်ထံ၌ ငွေရှင်းနေကြသည်။

"ဟော့ကောင် တမတ(သမ္မတ)ကြီး . . . အားရင်လိုက်ခဲ့လေကွာ၊ မုန့်တွားစားကြမယ်"

မျိုးဝင်း၏ဖိတ်ခေါ်မှုကို သူက အလုပ်မအားကြောင်းပြောပြီး ယဉ်ကျေးစွာ ငြင်းပယ်လိုက်၏။ Yes အဖွဲ့သုံးယောက်နှင့် မျိုးဝင်းတို့ ဆိုင်ထဲမှ ထွက်ခွာသွားသည်ကိုကြည့်လျက် ညီညီထွန်းက မြိန့်မြိန့်ကြီး ပြုံးနေလေသည်။

ဘယ်ရမလဲ ပေကောက်ရယ်။ မင်းအကြံလောက်တော့ ငါက သနားသေးတယ်။ မုန့်ဆိုင်ရောက်ရင် ငါက ဖွန်ကြောင်ပြီး အားနာပါးနာနဲ့ ဝင်ရှင်းပေးမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ မင်းခေါ်တာမှန်း ငါသိတာပေါ့။ ဒါမျိုးတွေက နပ်နေပြီ။ အတွေးရွှေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ညီညီထွန်းက လီလီ့ဖုန်းနံပါတ်ကိုနှိပ်ပြီး ဖုန်း Display ကို ကြည့်နေသည်။

ဟော . . . ခေါ်နေပြီ။ သူသည် တစ်ဖက်သို့ ဖုန်းဝင်သွားပြီဆိုတာနှင့် သူ့ဖုန်းကို လျင်မြန်စွာ ပြန်ချပြီး miss call လုပ်လိုက်ပါသည်။ နောက် . . . ညီညီထွန်းမှာ သူ့ဘာသာသူ တစ်ယောက်ထဲ ခေါင်းတွေ တဆတ်ဆတ်ညိတ်ကာ ပြုံးနေပြန်သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၂)

သမ္မတ Internet Cafe ဆိုင်ရှေ့တည့်တည့်တွင် ညီညီ ထွန်းရပ်နေသည်။ သူ့ဆိုင်သူကြည့်လျက် အတွေးတွေ စီးမျောနေပုံ ရ၏။ နံနက်ခင်းနေရောင်နွေးနွေးက သူ့စိတ်များကို ရွှင်လန်းလာစေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး၌ ပြန့်ကျဲနေသော အသံဗလံပေါင်းစုံတို့က လူ့လောကကြီး၏ တစ်စိတ်တစ်ပိုင်း သရုပ်ဖော်လျက်ရှိ၏။

သူက တစ်နေ့တာ လုပ်ဆောင်ရမည့် အစီအစဉ်များကို တွေးရင်း ဆိုင်ထဲဝင်ရန် စိတ်ကူးလိုက်စဉ် ဟန်းဖုန်းက ထမြည်လာ၏။ သူကိုင်မလို့လုပ်နေတုန်း ဖုန်းက ပြန်ကျသွားသည်။ ဖုန်းနံပါတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်လိုက်တော့ မျိုးဝင်းလှမ်းခေါ်တာ ဖြစ်နေသည်။ သူပြုံးလိုက်၏။

"မင်းလောက်တော့ မျိုးဝင်းရာ . . .၊ ဒီအကွက်မျိုးတွေက ငါရွှေ့လာတာပါ" ဟုစိတ်ထဲမှပြောပြီး ညီညီထွန်းက ဖုန်းကို အိတ်ထဲပြန်ထည့်သည်။ ပြီးမှ အကွက်အရွှေ့ကောင်း၍ မနေ့က သူ့ကို လီလီစိတ်ကောက်သွားခဲ့တာကို သတိရလိုက်မိ၏။ သူကလည်း သူပါပဲလေ။ ဖုန်းတွေ ဆက်ရဖန်များလာလျှင် သူ့စိတ်ထဲမှာ အလိုလို နှမြောလာတတ်သည်။ အခြားလုပ်ငန်းရှင်တွေဆို လူမှုရေးဆုံးရှုံးမှာစိုးသဖြင့် သူက လူရင်းတွေကိုပဲ အကွက်ချသည်။ Missed Call . . .။

သို့သော် လီလီက သူ့အကြောင်းကို နောကြေနေအောင် သိသည်။ ကိုယ့်ရည်းစားကိုတောင် ဒီလိုလုပ်ရပ့ါမလားဆိုပြီး သူ့ကို မကြာခဏ ဆူပွက်ဒေါသထွက်လေ့ရှိသည်။ မနေ့ကတော့ လုံးဝကို အခြေအနေဆိုးသွား၏။ သူ့ကို စိတ်ကောက်သွားသဖြင့် အိမ်အထိ လိုက်ချော့ခဲ့ရ၏။ သို့ပေမယ့် သူ့မှာ အိုင်ဒီယာလေးတစ်ခုရှိနေသည့် အတွက်ကြောင့် မကြာခင် အဆင်ပြေလိမ့်မည်ဟုတော့ ထင်မိသည်။ အင်တင်တင်လုပ်ဆဲ လီလီ့ကို ပြန်ပျော်ရွှင်လာအောင် ဖန်တီးပေးနိုင်ရန် သူက ယုံကြည်ထားသည်။ ကားတံခါးလော့ခ်ကို သုံးခါတိတိ စစ်ဆေးပြီး ညီညီထွန်းလည်း ဆိုင်ထဲသို့ ဝင်ဖို့ဟန်ပြင်လိုက်သည်။ ထပ်မြည်လာသည့် ဖုန်းသံကြောင့် သူ့ခြေလှမ်းတွေ နှေးနှေးသွားပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါ ဟိုငနော ပေကောက်ဖုန်းပဲဟု သူသိလိုက်သည်။ ဖုန်းကို သူဖွင့်၏။ သူက ဆိုင်ထဲမဝင်သေးဘဲ အပြင်မှာ ဖုန်းကိုရပ်ပြောနေလေသည်။ ဆိုင်ထဲမှာဆို အခြားလူတွေကို အနှောက်အယှက် ပေးရာကျမည်။ ပြီးတော့ ကိုယ်လည်း ပြောရတာ မလွတ်လပ်ပေ။

"ပြော . . . ဟေ့ကောင် ပေကောက်၊ ဘာလဲ"

"ငါ ကွဲပြီ တမသ၊ ငါတော့ တွားပြီကွာ၊ အဟင့်"

ကျက်သရေမရှိသော မျိုးဝင်း၏အသံကြီးကြောင့် ညီညီထွန်းမှာ စိတ်ဓါတ်ကျသွားသည်။ ဘာဖြစ်မှန်းကို မသိရသေးဘဲ သူ့ငိုသံလိုလို ဘာလိုလိုကြီးကိုသာ အရင်ကြားရ၏။

"ဘာဖြစ်တာလဲ ပေကောက်၊ ဘာလဲ . . . မင်းနှမတွေ လင်နောက်လိုက်သွားလို့လား၊ ဒါတော့ မဖြစ်နိုင်ဘူး၊ မင်းက သူတို့ လင်မယူရင်တောင် လုပ်ကျွေးရမှာစိုးလို့ အတင်းလိုက်ထိုးပေးနေတဲ့ကောင်ပဲ"

"ဟေ့ကောင် နောက်မနေနဲ့ကွ၊ ငါ တကယ် အတည်းကွဲနေတာကွ ညီညီထွန်းရ"

မျိုးဝင်းသည် ညီညီထွန်းကို လေသံခပ်တင်းတင်းဖြင့် ပြန်ဟောက်လိုက်ပြီးမှ သူ့အသည်းကွဲဒရာမာ ဇာတ်ထုပ်ကြီးအား နှပ်တရှုံ့ရှုံ့ အသံတုန်တုန်ရီရီနှင့် ခင်းကျင်းရှင်းပြရှာပါသည်။ အပိုစကားတွေနှင့် အပ်ကြောင်းထပ်နေသော ဝါကျတွေကို ဖယ်ထုတ်လိုက်လျှင် အဓိကပြဿနာမှာ ဇင်မာသန်းဝင်းက သူ့အချစ်ကို ငြင်းဆန်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီ။ ဒါပဲ။

ညီညီထွန်းက သူငယ်ချင်းဖြစ်သူကို ကရုဏာသက်စွာဖြင့် နှစ်သိမ့်ပါသည်။

"ဒါများကွာ၊ တအိအိနဲ့ ဖြစ်နေလိုက်တာ၊ မင်းကိုယ်မင်းရော ငါတို့အကုန်လုံးပါ အစကတည်းက သိပြီးသားကိစ္စကြီးကို ဒီလောက် ခံစားနေရသလားကွ၊ ငါတောင် မင်းကို ဘယ်သူမှမသိအောင် ဟော့ကောင် မဟန်ဘူး၊ အရမ်းအကုန်မခံနဲ့ . . . လို့ ကြိတ်အကြံပေးခဲ့ပါသေးတယ်၊ မင်းမှနားမထောင်တာ . . . ခံပေါ့၊ အခု ဇာတ်ပေါင်းတော့ မင်းဘယ်လောက်ကုန်သွားလဲ၊ ခန့်မှန်းပေါ့"

"နှစ်ပုံးနီးနီးပဲ၊ အာ . . . မင်းကလည်း အရေးထဲ၊ အခုဟာက ငါတကယ် အတည်းကွဲလို့ ခံစားနေတာကွ၊ ပိုက်ဆံကြောင့် မဟုတ်ဘူး၊ အချစ်ကြောင့် တီလား၊ နောက်ပြီး ငါအခု မင်းကို အခုလိုဖုန်းဆက်တာ နောက်ထပ်အရေးကြီးတဲ့ ကိစ္စတစ်ခုရှိသေးတယ်၊ အဲဒါလည်း ဇင်မာသန်းဝင်းဆိုတဲ့ ငါ့ရဲ့အမုန်းနတ်ဘုရားမလေးအကြောင်း အဲ . . ."

"အာ . . . × ခုပဲ၊ သောက်စကားတွေ ရှည်တယ်ကွာ၊ ဘာလဲ . . . ပြော"

"ဘာလဲဆိုတော့ တူကာ မင်းကိုကြိုက်နေတာ သမတ၊ ငါတကယ်ပြောတာ၊ ငါနဲ့ စခင်ကတည်းက တူတို့သုံးယောက်စလုံးက မင်းအကြောင်းပဲ အမြဲတမ်းမေးနေတာ၊ အစက ငါသတိမထားမိခဲ့





ဘူး၊ အခုမှ ပြန်တွေးရင်း တဘောပေါက်လာတာ၊ တကယ်တော့ ငါက အတုံးချခံရတာပါကွာ"

"ဟော့ကောင် အတုံးချခံတွေ၊ အရည်ချခံတွေ လျှောက်ပြောမနေနဲ့၊ အဲဒီအလကားပေါက်ကရစကားတွေ လီလို့ရှေ့သွားပြောလို့ကတော့ တကယ်ကွိုင်နော်၊ မင်းပါးစပ်ကို ငြိမ်ငြိမ်ထား မျိုးဝင်း၊ ငါက ဘာများအရေးတကြီး ပြောမလို့များလဲလို့၊ မဟုတ်က ဟုတ်ကတွေ ချည်းပဲ၊ ပြီးတော့ နောက်ကို ငါ့ဆီဖုန်းဆက်ရင် Missed Call ပေးပြီး ပြန်ခေါ်ခိုင်းတာမျိုး လာမလုပ်နဲ့၊ အဲဒီအထာတွေဆိုတာ ငါက ဖြစ်လာကာ . . . သဘောပေါက်"

ညီညီထွန်းဆီမှ ဖုန်းချသွားပြီဖြစ်သော်လည်း မျိုးဝင်းကား ဝမ်းနည်းလို့မဆုံးသေးပေ။ ဝမ်းနည်းရုံမျှမက မခံချင်စိတ်၊ ဒေါသစိတ်တို့ကြောင့် အသားများပင် ဆတ်ဆတ်တုန်ချင်လာ၏။ သူ့အနေဖြင့် ညီညီထွန်းကို ဘာကြောင့်များ အမြဲတမ်း အရှုံးပေးနေရပါလိမ့်။

လီလီတုန်းကလည်း သူနောက်ကျခဲ့ရသည်။ သူက ကြိုက်မယ်လို့မှ ကြံစည်စိတ်ကူးရုံရှိသေး၏။ ဒီနွားက အဖြေရပြီးသွားပြီတဲ့။ စီးပွားရေးမှာလည်း ညီညီထွန်းကို ကျော်နိုင်အောင် သူကျိတ်ကြိုးစားသည်။ မရ။ ကြိုးစားသလောက် အကျိုးရှိသည် မှန်သော်လည်း ညီညီထွန်းလောက်တော့ မအောင်မြင်။ အခု ဇင်မာသန်းဝင်း . . .။

ဒီတစ်ချီတော့ သူခံပြင်းလှသည်။ လီလီကိစ္စတွင် သူ့ဘက်က အစစအရာရာ နောက်ကျခဲ့တာမို့ ဖြေသိမ့်နိုင်သေးသည်။ ဇင်မာ



www.burmeseclassic.com

www.burmeseclassic.com



သန်းဝင်းနှင့် ကိစ္စမှာတော့ ပြိုင်ဘက်တစ်ယောက်မှ မရှိ။ ဟန့်တား မည့်သူလည်း မရှိ။ ပြောရလျှင် ပင်နယ်တီကန်ရသလို သူ လွတ် လွတ်ကျွတ်ကျွတ် ကန်ခွင့်ရခဲ့သည်။

သို့သော် ပုတ်ထုတ်ခံရသဖြင့် ဂိုးမဝင်ချေ။ မျိုးဝင်းမှာ အံ ကြိတ်ကာ လက်သီးတင်းတင်းဆုပ်ထားရင်း ညီညီထွန်း၏ကံကြမ္မာ ကို အားကျမနာလို ဖြစ်နေမိသည်။

သူ စဉ်းစားမရတာက ကပ်စေးနည်းချင်းအတူတူမှာ ကောင် မလေးတွေက ဒီကောင့်ကိုပဲ ဘာကြောင့်ရွေးကြိုက်နေကြသလဲ။ တကယ်ဆို ငါကမှ သူ့ထက် ဥပမိရုပ်ကောင်းသေးတာဟုတွေး၍ သူ့မှာ ဝမ်းနည်းကြေကွဲနေလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

ညီညီထွန်းနှင့် အောင်ပြည့်တို့သည် မျိုးဝင်းအကြောင်းများ ပြောကာ ရယ်မောနေကြသည်။ အောင်ပြည့်က အောင်လွင်ဦးဆီ ထပ်ဖွရန် ကြံနေသဖြင့် ညီညီထွန်းလည်း ဟန့်တားလိုက်ရသည်။

"မင်းပြောစရာ မလိုဘူး သားကြီး၊ မျိုးဝင်းကိုယ်တိုင် ဆက်လိမ့်မယ်၊ အဲ . . . အဲ . . . မဆက်လည်း Missed Call လုပ်ချင် လုပ်လာမှာပေါ့။ ဦးအီဗရာဟင်က ဘုမသိဘမသိနဲ့ ပြန်ဆက်တော့မှ အောင်လွင်ဦးကို ခေါ်ပေးပါပေါ့ကွာ၊ ဒီကောင်နှစ်ကောင် တစ်အားတွဲတာ မင်းလည်း သိသားပဲ၊ လုံးဝ ဘလက်အမ်ဂိုက်ကွ၊ သူတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က အခုနောက်ပိုင်းဆို ပိုတောင် တွဲဖြစ်လာသေးတယ်"

"ဟုတ်ပ၊ ပြီးတော့ သူတို့က တစ်ယောက်ကိုတစ်ယောက် ဦးအောင် ပြောသေးတယ်၊ ငါ မင်းကိုပေါင်းတာ ငါ့မှာ လူမျိုးရေး ခွဲခြားမှု မရှိဘူးဆိုတာ သိသာစေချင်လို့ပါတဲ့"

"ဟား ဟား . . . တကယ့်ကောင်တွေပဲကွာ၊ ကဲ . . . ငါ လစ်ဦးမယ်ကွာ အောင်ပြည့်၊ လီလီနဲ့ ချိန်းထားတာ နီးနေပြီ"

သူလည်း နာရီကို တစ်ချက်ကြည့်၍ အောင်ပြည့်အား နှုတ်ဆက်ကာ လီလီ့ကို သွားခေါ်ရတော့၏။ လီလီသည် သူ့ကို သိပ်စကားမပြောချေ။ သူကမူ ကိုယ့်အကြံနှင့်ကိုယ်မို့ ကားကိုသာ အေးအေးဆေးဆေးမောင်းရင်း ငြိမ်နေလိုက်သည်။ အတန်ကြာတော့ လီလီလည်း သည်းမခံနိုင်တော့သလို လေသံဖြင့် . . .

"ကဲ . . . ဘယ်ကိုသွားမလို့လဲ၊ ဘာမှလည်း ရေရေရာရာ မပြောဘူး၊ ဘာကိစ္စမှန်းလည်း မသိဘူး၊ ညီညီကိုတော့ တဖြည်းဖြည်းနဲ့ စိတ်တွေကုန်တယ် . . . သိလား၊ ဒီမှာ ကျောင်းတက်ဖို့ အတန်းချိန်တွေ နောက်ကျနေလိမ့်မယ်"

"စိတ်တွေ ကုန်တယ်ဆိုတဲ့ စကားတော့ မပြောပါနဲ့ လီလီရယ်၊ ငါမှားခဲ့တာတွေ မရှိမဟုတ်ဘူး၊ ရှိပါတယ်၊ ဒါပေမယ့် ငါမှားခဲ့ရင် ဝန်ခံပြီး မင်းကိုတောင်းပန်ခဲ့တာချည်းပဲ၊ လီလီသာ မှားမှားမှန်မှန် လုပ်ချင်ရာလုပ်ပြီး ဘယ်သူပြောတာမှ ဂရုမစိုက်နဲ့၊ ပြီးတော့ . . . ပြောရင်လည်း ပြဿနာက တက်ဦးမယ်၊ အာ . . . အဲဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



ထားပါ၊ ကိုယ်အခု လီလီ့ကိုပေါ်လာတာ လက်ဆောင်တစ်ခုပေးမလို့ အချိန်သိပ်မကြာစေရဘူး၊ လီလီကို အတန်းချိန်အမှီ လိုက်ပို့မှာပါ၊ ဒီမှာကြည့် လီလီ့ Time Table ကို ကိုယ်ကူးထားတဲ့ စာရွက်လေ"

ညီညီထွန်းက ကားဒက်ရှ်ဘုတ်ထဲမှ မလပ်စတစ်လောင်းထားသည့် ကဒ်ပြားငယ်တစ်ခုကို ထုတ်ယူ၍ သူမမြင်အောင်ပြလိုက်ပါ၏။ လီလီလည်း မသိမသာပြုံးရင်း ကားမောင်းနေသော ချစ်သူညီညီထံ တစ်ချက်ခိုးကြည့်သည်။ ညီညီသည် တစ်ခါတစ်လေတွင် အလွန်မုန်းစရာကောင်းပြီး တစ်ခါတစ်လေမှာတော့ အရမ်းသိတတ်သူ၊ မယုံနိုင်လောက်အောင် ခံစားလွယ်သူ၊ နူးညံ့သူတစ်ယောက်ပင်ဖြစ်၏။ သူမက ညီညီ့ဆီမှ အကြည့်လွှဲကာ Time Table ကဒ်ပြားလေးကို ဒက်ရှ်ဘုတ်ပေါ် တင်လိုက်ပါသည်။

"ဘာလက်ဆောင်လဲ၊ မနေ့က လီလီစိတ်ကောက်သွားလို့ ပြန်ချော့တဲ့အနေနဲ့ ပေးတာဆိုရင်တော့ လုံးဝမလိုချင်ဘူးနော်၊ လီလီတို့နှစ်ယောက်က ခဏခဏ စိတ်ကောက်ရန်ဖြစ်နေကြတာဆိုတော့ တော်ကြာ ညီညီ့ဆီက လက်ဆောင်လိုချင်လို့ စိတ်ကောက်တယ် ဖြစ်နေပါဦးမယ်၊ အမှန်တော့ စိတ်ကောက်တာ မဟုတ်ဘူး၊ တကယ့်ကို စိတ်ကုန်နေတာ၊ အဲဒီလို စိတ်ကုန်လို့ လီလီဖက်က လုံးဝပြတ်နိုင်လားဆိုတော့လည်း အမှန်အတိုင်း ဝန်ခံရရင် ညီညီ့ကို မပြတ်နိုင်ဘူး၊ လီလီတို့က သမီးရည်းစားဖြစ်ခါစလေးတွေမှ မဟုတ်တော့ ဒီတော့ ရှက်လည်း ရှက်မနေနိုင်တော့ပါဘူး၊ ဒါပေမယ့် အဲဒါအမှန်



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ စိတ်ကုန်တယ်၊ မကျေနပ်ပေမယ့်လည်း ဘာမှမတတ်နိုင်ဘူး"

ညီညီထွန်းက တဟဲဟဲ ရယ်နေပြန်သည်။ နောက် . . . ကားကို ပါကင်ညင်သာစွာ ထိုးရပ်၍ အောက်သို့ဆင်းလာကာ လီလီ ကို ကားတံခါးဖွင့်ပေးလိုက်ပါ၏။ သူက . . .

"အဲဒီကိစ္စကို နောက်မှပဲ ဆက်ဆွေးနွေးကြမယ်၊ အခု ကိုယ် ပေးမယ့် လက်ဆောင်က လီလီ့အတွက်ဆိုပေမယ့် လီလီနဲ့က တစ် ဝက်ပဲ ဆိုင်တယ်၊ ကျန်တဲ့ တစ်ဝက်ကတော့ ကိုယ့်ဟာပေါ့၊ ဒီမှာ . . . ရော့"

လီလီက သူမလက်ထဲသို့ ညီညီထွန်းထည့်ပေးလာသည့် သော့တွဲလေးကို ငုံ့ကြည့်ရင်း သူမရောက်နေသော နေရာနှင့် ပတ် ဝန်းကျင်ကို အကဲခတ်လိုက်မိ၏။ ညီညီထွန်း ဘာကိုရည်ညွှန်းဆိုလို သလဲဆိုတာ ချက်ချင်းသဘောပေါက်လိုက်ပြီး လီလီမျက်နှာလေးမှာ အပြုံးပန်းတွေ ဝေဆာသွားသည်။

"သိပြီ၊ ညီညီက ဒီပုလဲကွန်ဒိုမှာ အခန်းဝယ်ထားတယ် ဆို ပါတော့၊ လီလီကိုလည်း ဘာတစ်ခွန်းမှ မတိုင်ပင်ဘဲ သူဝယ်ချင်ရာ စွတ်ဝယ်ထားတယ်ပေါ့လေ"

"ကဲပါ . . . အခန်းကို အရင်သွားကြည့်ပါဦး လီလီရယ် တကတည်းမှ ငါ့ကိုဆို အပြစ်တော်တင်ဖို့က အရင်ပဲ"

လီလီလည်း သဘောကျစွာ ရယ်မောပြီး ညီညီထွန်းလက် ကို ချိတ်တွယ်မှီခိုလျက် လိုက်လာခဲ့တော့၏။ ဝယ်စဉ်က သူမ မသိ



www.burmeseclassic.com

www.burmeseclassic.com



ိုက်ရသဖြင့် အပြစ်တင်မိခဲ့သော်လည်း တကယ်တမ်း မြင်တွေ့ရသော ညီညီဝယ်ထားသော အခန်းလေးကို လီလီ သဘောတွေကျနေလေသည်။ ညီညီထွန်းက သူဝယ်ယူပြင်ဆင်ထားသည့် ဧည့်ခန်းထဲမှ ပရိဘောဂများ၊ ဆိုနီအမျိုးအစား LCD တီဗွီကြီးနှင့် Full HD အရုပ်ထွက်သော ပိုင်အိုနီးယားစက်၊ (Home Theater) အသံထွက်စနစ် အစရှိသဖြင့် တစ်ခုချင်းစီ လိုက်လံပြကာ လီလီကြိုက်မကြိုက်ကို အကဲခတ်ကြည့်နေ၏။

"အဆင်ပြေပါတယ် ညီညီရဲ့၊ ပြီးတော့ နောက်ဆို လီလီလည်း လက်ထဲမှာ ပိုက်ဆံစုမိတိုင်း ဒီအခန်းလေးအတွက် တစ်ခုခုဝယ်ထားရမယ်"

"ကောင်းတာပေါ့ လီလီလေးရဲ့၊ ဒါပေမယ့် လီလီဝယ်ချင်တာတွေ့ရင် ကိုယ့်ကိုပြောပါ၊ ကိုယ်ပဲ ဝယ်ပါ့မယ်၊ ပြီးမှ လီလီ့ဘာသာဒီမှာလာပြီး ကြိုက်သလို စီမံနေရာချထားရေးလုပ်ပေါ့၊ အဲဒီသော့တွဲက လီလီယူထားရမှာ၊ ကိုယ့်ဆီမှာလည်း သော့တစ်တွဲရှိသေးတယ်"

လီလီက . . .

"ကိုယ်ပဲဝယ်မယ်ဆိုပြီး နောက်မှ လီလီဆီ အကြွေးတောင်းမှာ မဟုတ်လား . . . ဟွန်း"

မျက်စောင်းထိုးလျက် ပြောလိုက်သော ထိုလီလီ့စကားကြောင့် ညီညီထွန်းမှာ ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး . . .

"လီလီကလည်းကွာ၊ လုပ်ပြီ . . . ဟဲဟဲ၊ နောက်ဆို လီလီ



www.burmeseclassic.com

www.burmeseclassic.com


ပြောစရာမဖြစ်အောင် နေပါ့မယ်ဆိုမှ . . . ဟဲဟဲ"

လီလီက နှုတ်ခမ်းလေးကိုမဲ့၍ ပြုံး၏။ ညီညီထွန်းသည် တံတွေးတစ်ချက်မျိုချလိုက်ပြီး လီလီ့ဘက် တိုးကပ်၍ သူမပခုံးလေးကို ဆွဲပွေ့ဖက်မည့် ဟန်ပြင်လိုက်ပါသည်။ သူမက ကမန်းကတန်းနှင့်-

"ကဲ . . . ကျောင်းသွားမယ်၊ လိုက်ပို့တော့၊ အတန်းချိန်အမီ လိုက်ပို့ပေးမယ်ဆို၊ ကတိနော် . . . ကတိရှိတယ်၊ ထ ထ ဆရာကြီး မထဘူးဆိုရင် ဒီ LCD ကြီးကို ညီညီ့အလစ်မှာ ပေါင်ပြီးသုံးပစ်မယ် . . . ဟီဟိ၊ အပြတ်တော့ မရောင်းပါဘူး၊ ဒါကြီးက လီလီဘောလုံးပွဲ ကြည့်ဖို့ . . ."

လီလီ့မျက်နှာက မချိုမချဉ်။ ညီညီထွန်းခမျာတော့ မအီ မသာ။ လီလီသည် တခစ်ခစ်ရယ်ရင်း သူမချစ်သူဦးကပ်စေး၏ လက်ကိုဆွဲကာ ထိုင်ရာမှ ထစေပါသည်။

"ညနေကျရင် လာကြိုနော်၊ လီလီ . . . အန်တီ့ဆီ လိုက်လည်မလို့"

ညီညီထွန်းမှာ ခေါင်းလေးအသာညိတ်လိုက်ရင်း ချစ်သူလေးကိုသာ အားမလိုအားမရ လှမ်းကြည့်နေမိသည်။ မဖြစ်ဘူး . . လက်ထပ်ဖို့ အမြန်စီစဉ်မှပါလေ . . .။

* * * *


www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

ဦးသက်ထွန်းသည် လီလီ၏ အနည်းငယ်မျှသော အပြောင်းအလဲများအတွက် မယုံမရဲနှင့် စောင့်ကြည့်နေရှာလေသည်။ အခုနောက်ပိုင်းတွင် လီလီတစ်ယောက် ယခင်အကျင့်ဆိုးများနှင့် ပတ်သက်၍ ဘာသံမှမကြားရတော့ . . .။ အထူးသဖြင့် ညီညီထွန်းဆီမှ မကြားရသဖြင့် ဦးသက်ထွန်းမှာ ပိုစိတ်ချမ်းသာရသည်။ တစ်ခုခုဆို ညီညီထွန်းက သူ့ဆီ ဖုန်းမဆက်၊ အကြောင်းမကြားဘဲ နေမည်မဟုတ်ချေ။

သမီးလီလီနှင့် ညီညီထွန်းတို့ လက်ထပ်ကြမည့်ကိစ္စကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်နှာပူပူဖြင့် မေးမြန်းကြည့်မိ၏။ ထိုအခါ လီလီက . . .

"ဟာ . . . ဖေဖေကလည်း ညီညီ့မှာ သူ့အစီအစဉ်နဲ့သူ ရှိပါတယ်၊ သမီးက ဘယ်ပြောတတ်ပါ့မလဲ၊ ဟိုက လာပြောမှ ဖေဖေ တို့ဘာသာ လူကြီးချင်းတိုင်ပင်ပြီး စီစဉ်ကြပေါ့၊ ဖေဖေက သမီးကို ဘာကိစ္စနဲ့ ဒါတွေလာမေးနေရတာလဲ၊ ရှက်စရာကြီး ဖေဖေရာ"

"အောင်မာ . . . နင်ပြောပုံက ငါကပဲ အရှက်မရှိသလို ဖြစ်နေပြီ၊ အခုဟာက မပြောမဖြစ်လို့ ပြောရတာပေါ့ လီလီရဲ့၊ အခု အချိန်မှာ ငါပဲ အဖေ၊ ငါပဲ အမေမို့လို့ ရှေ့မျက်နှာနောက်ထားပြီး ကိုယ့်သမီးရှေ့ရေးအတွက် ပြောဆိုနေရတာ နားလည်လား"

ဦးသက်ထွန်းက ဒီလိုပြောလိုက်တော့ လီလီလည်း ဖခင် ဖြစ်သူအတွက် စိတ်မကောင်းဖြစ်ပြီး မျက်ရည်ဝဲရပြန်သည်။ အဲဒီ အချိန်မှာ ဦးသက်ထွန်းက . . .

"နောက်ပြီး ငါ နင့်ကိုမေးမယ် မှန်မှန်ဖြေနော်၊ နင် ဟိုကိစ္စ တွေ တကယ်မလုပ်တော့တာလား၊ ဒါမှမဟုတ် ငါနဲ့ညီညီထွန်းမသိ အောင် ဖုံးဖိထားတာလား၊ ဒီလိုမှမဟုတ်သေးရင်လည်း ဟိုကောင် ညီညီထွန်းကိုပါ နင်က ငါမသိစေနဲ့လို့ ပိတ်ပင်ထားသလား . . . လီလီ"

"ဖေဖေကလည်း သမီး အခုဘာမှမလုပ်တော့ဘူး၊ လုပ်စရာ ပိုက်ဆံအပိုလည်း မရှိပါဘူး၊ ပြီးတော့ ညီညီဝယ်ထားတဲ့ ပုဂံတွန်းဒိုး အခန်းမှာ အခုဆို သမီးမုန့်ဖိုးနဲ့ ဝယ်စုထားတဲ့ ပစ္စည်းပစ္စယ်တွေ



www.burmeseclassic.com

www.burmeseclassic.com



တော်တော်များနေပြီ ဖေဖေရဲ့၊ ညီညီကလည်း သူကောင်းမယ်ထင်တာလေးတွေ ဝယ်လာတတ်တော့ ပစ္စည်းတွေတောင် တော်တော်စုံနေပြီ"

"အေး . . . ဒါဆိုလည်း ပြီးတာပဲ၊ ဒါနဲ့ နေပါဦး၊ ငါမေးချင်နေတာ ကြာလှပြီ၊ နင့်လက်က ဟိုစိန်လက်စွပ်လေး ဘယ်ရောက်သွားသလဲ၊ ငါမတွေ့တာ တစ်လနီးပါးလောက် ရှိရော့မယ်"

လီလီသည် ထိတ်ကနဲ ဖြစ်သွားသော်လည်း ပေါ့ပေါ့ပါးပါးဟန်ဖြင့် ထိုင်နေရာမှ ထလိုက်သည်။ ဦးသက်ထွန်းက သမီးဖြစ်သူကို ခပ်တည်တည်ကြီး လိုက်ကြည့်နေ၏။

"တစ်လနီးပါးလောက် မဟုတ်ပါဘူး ဖေဖေရယ်၊ ဖေဖေထင်လို့ပါ၊ သမီးလက်မှာ မဝတ်ဖြစ်တာ တစ်ပတ်ကျော်ကျော်လောက်ပဲ ရှိပါသေးတယ်၊ ပန်းထိမ်မှာ အပ်ထားလို့ ဖေဖေရဲ့၊ သမီးကြောင့်စွန်ကုပ်လေးတစ်ခု နည်းနည်းနဲ့သွားလို့ မြို့ထဲက ပန်းထိမ်ဆိုင်မှာ သွားလုပ်ခိုင်းထားတယ်၊ တော်ကြာ စိန်ထွက်ကျသွားမှာစိုးလို့"

"အေး . . . အဲဒါဆိုလည်း ပြီးရော၊ ဖေဖေက ငွေကြေးတန်ဖိုးကြောင့် ပြောနေတာမဟုတ်ဘူး၊ အဲဒီလက်စွပ်လေးက သမီးမေမေကို ဖေဖေ ပထမဆုံးဝယ်ပေးခဲ့တာ၊ သမီးမေမေကလည်း သေတဲ့အထိ မချွတ်တမ်း ဝတ်သွားခဲ့တဲ့ အမှတ်တရ ပစ္စည်းတစ်ခုမို့ပါ"

ဦးသက်ထွန်းက စကားဆုံးသည်နှင့် ထိုင်ရာမှထကာ သူ့အခန်းဆီသို့ ခပ်သုတ်သုတ်လေး ထွက်သွားခဲ့၏။ ဖေဖေသည် မေမေ့



www.burmeseclassic.com

www.burmeseclassic.com



ကို ရုတ်တရက် သတိရသွားပြီမှန်း လီလီရိပ်မိလိုက်သည်။ ရိပ်မိသည်နှင့်အမျှ သူမနဖူးမှာ ဇောချွေးတွေ စို့လာ၏။ ပြီးခဲ့သည့်အပတ်က ဘောလုံးမှန်၍ ထိုလက်စွပ်ကို သူမပေါင်နှံထားမှန်းသာ ဖေဖေသိသွားပါက မိုးမီးလောင်ပြီ။ ဖေဖေ့အနေနှင့်လည်း သူမကို အကြွင်းမဲ့ယုံကြည်သည် မဟုတ်မှန်း လီလီသိပါသည်။ ခက်နေတာက မောင်မောင်ဆိုသည့် ငတိကို ဘယ်လိုမှ ဖုန်းခေါ်၍ မရခြင်းဖြစ်၏။

နောက်တစ်ချက်က ဒီနေ့ သူမ၏ဇာတာစန်းလဂ် အထက်တက်ကပ်သည့်နေ့။ သူမ,ရရမည့် ငွေအတွက် ဖုန်းလည်းခေါ်လို့မရ၊ မက်ဆေ့ချ်ကလည်း ဘယ်လိုမှ အသုံးမဝင်။ မောင်မောင်သည် ခါတိုင်း ဒီလိုမဟုတ်ချေ။ ဇကန္တ လမ်းကြောင်းမရှင်းလို့များလားဟု တွေးကာ စိတ်က ပိုပူလာသည်။ တစ်စုံတစ်ခု ချွတ်ချော်လွဲမှားသွားပြီး သူမသာ ငွေမရခဲ့လျှင် ခက်ဦးမည်။ ထိုငွေရမှ လက်စွပ်ကို ပြန်ရွေးနိုင်မှာ မဟုတ်လား။

လီလီသည် အိပ်ခန်းထဲရောက်မှ မောင်မောင့်ဖုန်းကို တစ်ခါထပ်ခေါ်ကြည့်လိုက်ပြန်သည်။ တစ်ဖက်သို့ ဖုန်းက ဝင်သွားသဖြင့် သူမလည်း ပျော်သွားပြီး နာရီကိုလှမ်းကြည့်မိ၏။ အချိန်က ညကိုးနာရီခွဲပင်ကျော်ပြီ။

"ဟဲလို . . . ကိုမောင်မောင်လား"

"ဟုတ်တယ် လီလီရေ၊ Sorry ဟာ Sorry၊ ဒီမှာ ကိစ္စ တွေ နည်းနည်းရှုပ်နေလို့၊ ပြီးတော့ ဖုန်းကလည်း ဘေ့ထရီ ယာပြင်ပ



www.burmeseclassic.com

www.burmeseclassic.com



ချောက်နေတာပဲ၊ အဲဒါကြောင့် သိလား၊ အရမ်းအားနာတယ်ဟာ၊ ဒိုက်ဆံကို မနက်ဖြန်ကျမှပဲ ယူလိုက်တော့လေ၊ အခုဟာက ညဥ့်နက်နေပြီပဲ၊ ငွေကတော့ အဆင်သင့်ရှိတယ်၊ ဒါပေမယ့် သိတယ်မဟုတ်လား၊ အနေအထားလေးတွေက . . . ဟဲဟဲ"

"ဟုတ်ကဲ့ . . . ကျွန်မသဘောပေါက်ပါတယ်၊ ဒါပေမယ့် အားလည်းနာတယ် ကိုမောင်မောင်ရယ်၊ ဖြစ်နိုင်ရင် အခုကို လိုချင်တာ၊ ကျွန်မမှာလည်း ဇယားတစ်ခုရှိနေလို့၊ ဒီဘက်မှာ နည်းနည်း . . . ဘယ်လိုပြောရမလဲ . . . ဟင်းဟင်း . . . သိတဲ့အတိုင်းပဲ၊ ဒီပွဲစဥ်မတိုင်ခင် တောက်လျှောက်ထိထားတာလေ၊ ကိုမောင်မောင် အသိပဲ"

"ဟာ . . . နားလည်ပြီ၊ OK လေ . . . ရပါတယ်၊ လီလီဘက်က အဆင်ပြေမယ်ဆိုရင် ကြိုက်ပဲ့အချိန်သာ လာယူ၊ ကျွန်တော့်ကို အားမနာနဲ့၊ ကျွန်တော်ကပဲ လီလီ့ကို အားနာနေတာ"

"ကျေးဇူးပဲနော် ကိုမောင်မောင်၊ အဲဒါဆို ကျွန်မ အခုထွက်လာခဲ့မယ်၊ အိမ်ကိုတော့ ကြည့်ကျက်ချွီးရမှာပဲ"

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၅)

မောင်မောင်သည် ဖွင့်ထားသော ပြတင်းပေါက်မှ အပြင်ဘက်ဆီသို့ ငေးရီလျက် စီးကရက်တစ်လိပ်ကို မျှင်းရှိုက်နေမိ၏။ သူက တစ်ယောက်ထဲ လျှောက်စဉ်းစားရင်း တစ်စုံတစ်ခုကို ဝေခွဲမရဖြစ်နေပြန်သည်။ နောက်တော့ မောင်မောင်က အခု သူလုပ်နေတာတွေ အဓိပ္ပါယ်ရှိသလား၊ မရှိဘူးလားဟူသည့် အတွေးမေးခွန်းကို ခေါင်းထဲမှ မောင်းထုတ်ပစ်လိုက်ပါသည်။ ထိုအခိုက် သူ့စိတ်ထဲမှာ နွယ်နွယ်စိုးဆိုသည့် အတိတ်က နာမည်လေးတစ်ခုဆီ ပြန်လည်သတိရသွားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နွယ်နွယ်စိုး . . . တစ်ချိန်က သူ့အချစ်ဆုံးဇနီး . . .။ ပြီးတော့ သူအမြတ်နိုးဆုံးယဉ်ကျေးမှု။ အခုအချိန်တွင်မူ သူတို့က တစ်ယောက်နှင့်တစ်ယောက် အမုန်းဆုံးလူသားတွေ . . .။ ဒါပေမယ့် သူ့ဖက်က မုန်းတာတော့ မဟုတ် . . .။ နွယ်နွယ်စိုးကသာ သူ့ကို အမုန်းစာရားတွေနှင့် ထားရစ်ခဲ့တာဖြစ်သည်။

တကယ်တော့ မောင်မောင်က နွယ်နွယ်စိုးဆိုသော ယမင်းရုပ်လေးကို မေ့ပျောက်ထားနိုင်ဖို့အတွက် လီလီ့အချစ်ကို ကြံစည်ကြိုးစားနေခြင်းပင် ဖြစ်၏။ သူမနှင့် တစ်နေ့တစ်ခြား ခင်မင်ရင်းနှီးလာသည်နှင့်အမျှ ပွင့်လင်းဖော်ရွေသော လီလီကို သူ့မှာ ကြိတ်ပြီး ဖောက်ပြန်နေမိချိန်တွေ များလာသည်။

မကြာမီ သူ့အခန်းသို့ လီလီရောက်ရှိလာတော့မည်။ ထိုအခါ လီလီနှင့်သူ . . .။ နောက်ပြီး ညဖက်လူခြေတိတ်ချိန် . . .။ မောင်မောင်၏ အဆီတွေပြန်နေသော မျက်နှာဖောင်းဖောင်းအစ်အစ်ကြီးမှာ အရောင်တွေ ပိုမိုလက်ပလာလေသည်။

ထိုစဉ် ရုတ်တရက် တံခါးခေါက်သံများ ကြားလိုက်ရသဖြင့် မောင်မောင့်တစ်ကိုယ်လုံး အလန့်တကြားဖြစ်သွား၏။ တံခါးခေါက်သံက အဆက်မပြတ် ပေါ်ထွက်နေသောကြောင့် သူလည်း ထိုင်ရာမှ အမြန်ထလာရသည်။ လီလီရောက်လာပြီဟု သိလိုက်၏။ ချောင်းကြည့်ပေါက်မှ ကြည့်လိုက်တော့ ထင်သည့်အတိုင်း လီလီပဲ ဖြစ်နေ၏။ လီလီဆိုသော အသိကြောင့် သူ့ရင်တွေ ပိုရှိုပိုရှို ခုန်လာတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူက တံခါးကို ခပ်မြန်မြန်လေး ဆွဲဖွင့်လိုက်ပါသည်။

တံခါးရွက်နောက်ကွယ်တွင် ပြုံးချိုလျက်ရှိသော သူမ၏ ချစ်စရာမျက်နှာလေး ပေါ်လာ၏။ လီလီသည် သူ့ကိုတွေ့တွေ့ချင်း မျက်နှာချိုသွေးသည့်အနေနှင့် အဟီး . . . ဟု ရယ်ပြလိုက်သည်။ သူမ၏ ထိုအပြုအမူလေးမှာ မောင်မောင့်နှလုံးသားတွေ ထပ်အရည်ပျော်သွားရ၏။ လီလီက အိမ်ထဲကိုဝင်လာရင်း . . .

"ညကြီးမင်းကြီး သူများအနားယူနေတာကို အနှောင့်အယှက်ပေးသလိုဖြစ်သွားရင် ဆောရီးနော် . . . ကိုမောင်မောင်၊ ကျွန်မက မနက်ဖြန်မနက်ပိုင်းမှာ မဖြစ်မနေ ဖြေရှင်းပေးရမယ့် ရှော့ခ်တစ်ခုရှိနေလို့ အဲဒီအတွက် ဒီညကတည်းက ကိုယ့်လက်ထဲမှာ ပိုက်ဆံအဆင်သင့်ရှိနေမှ ဖြစ်မယ်လေ ကိုမောင်မောင်ရဲ့ . . .၊ အဲဒါကြောင့်ပါ ကိုမောင်မောင်ကို မယုံလို့ မဟုတ်ပါဘူး၊ ပိုက်ဆံအတင်းလိုက်တောင်းလို့ ကျွန်မကို တစ်မျိုးတော့ မထင်နဲ့နော်"

"အာ . . . ရပါတယ်၊ မထင်ပါဘူး၊ ကျွန်တော်ကတောင် လီလီ့ကို ပေးရမယ့်ပိုက်ဆံ အချိန်မီမပေးနိုင်လို့ ပြန်တောင်းပန်ရဦးမယ်၊ လုံးဝဆောရီးပါ လီလီရာ . . .၊ ကဲ . . . ဒီမှာထိုင်ပြီး အမောလေး၊ ဘာလေး ဖြေလိုက်ပါဦး၊ ကျွန်တော် လီလီ့ကို အအေးဖျော်ပေးပါ့မယ်၊ ခဏလေးစောင့် . . . ဟုတ်ပြီလား"

"ဟို . . . မဟုတ်တာ၊ နေပါစေ . . . ကိုမောင်မောင်ရဲ့၊ လီလီအတွက် ဘာမှမလုပ်ပါနဲ့၊ လီလီအအေးမသောက်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အားနာစရာမှ မဟုတ်တာပဲ လီလီရယ်၊ ဒီလောက်လေး သွားကြီးကို တက်လာခဲ့ရတာ . . . မမောဘဲရှိမလားဗျ၊ လိမ္မော်ရည် အေးအေးလေး တစ်ခွက်လောက် သောက်လိုက်၊ လီလီ လုံးဝအမော ပြေသွားစေရမယ်၊ ခဏလေးပဲစောင့် . . . ကျွန်တော်သွားလုပ်လိုက် ဦးမယ်"

မောင်မောင်က ဘယ်လိုမှပြောမရဘဲ သူမကို ဧည့်ခန်းထဲမှာ ထားခဲ့ပြီး နောက်ဖေးသို့ ခြေလှမ်းခပ်သွက်သွက်နှင့် ပြေးဝင်သွားလေသည်။ အူကြောင်ကြောင်နှင့် ဧည့်ခန်းတွင် တစ်ယောက်ထဲ ကျန်ရစ်ခဲ့သော လီလီသည် မျက်လုံးကစား၍ ဟိုဟိုသည်သည် လျှောက်ကြည့်နေမိ၏။ စားပွဲတစ်နေရာ၌ ကိုမောင်မောင်တို့ မိသားစု သုံးယောက်ဓါတ်ပုံလေးတစ်ပုံကို တွေ့ရသဖြင့် သူမလည်း စိတ်ဝင်စားသွားသည်။ လွန်ခဲ့သော သုံးလခန့်ကမှ မောင်မောင်နှင့် သူ့မိန်းမ နွယ်နွယ်စိုးတို့ ကတောက်ကဆဖြစ်၍ အိမ်ထောင်ရေးပြိုကွဲလုနီးပါး ဖြစ်ခဲ့ကြောင်း လီလီသိထား၏။ နွယ်နွယ်စိုးက အိမ်ပေါ်မှဆင်းသွားသော်လည်း သူတို့ချင်းတရားဝင်တော့ မကွာရှင်းရသေး . . .။

လီလီအကြည့်တွေက ရုတ်တရက် ထိုဓါတ်ပုံနှင့် မလှမ်းမကမ်းနံရံပေါ်တွင် ရှိနေသည့် ဘဲဥပုံသဏ္ဍာန်မှန်ကြီးဆီသို့ ရောက်သွားပါသည်။ မိန်းကလေးပီပီ မှန်မြင်တော့ ကြည့်ချင်လာ၏။ မောင်မောင်ကလည်း ပြန်ထွက်မလာသေးပေ။ တစ်ယောက်တည်း ထိုင်နေရတာကို ပျင်းရိလာသည့် လီလီက ထိုင်နေရာမှ ဇွေ့ခနဲထကာ



www.burmeseclassic.com

www.burmeseclassic.com



မှန်အနားသို့ လျှောက်သွားလိုက်၏။ မှန်ရှေ့မှာ မတ်တပ်ရပ်၍ လီလီ
က ကိုယ့်ဘာသာကိုယ် သဘောကျစွာ ရယ်မိသည်။ ထို့နောက်မှာ
တော့ နောက်ကျောဘက်မှ ဆံနွယ်အချို့ကို ရှေ့သို့ဆွဲယူပြီး မှန်ထဲ
ကြည့်နေသော လီလီ့မျက်လုံးများ ရုတ်တရက် ပြူးကျယ်လို့သွား
သည်။

မှန်ထဲမှာ လုံးဝမထင်မှတ်ထားသော မောင်မောင့်လှုပ်ရှား
မှုပုံရိပ်များကို တွေ့လိုက်ရခြင်းကြောင့် သူမလည်း ကြောင်အမ်းအမ်း
နှင့် ငေးကြည့်နေမိ၏။ ခဏကြာတော့ လီလီက သတိပြန်ဝင်လာ
သည်။ မှန်တည်ရှိပုံ အနေအထားအရ လီလီသည် မောင်မောင်ဝင်
သွားသည့် နောက်ဖေးခန်းထဲသို့ မှန်ထဲမှတဆင့် လှမ်းမြင်နိုင်တာက
ပင် ကံကောင်းသည်ဆိုရမည်။ မောင်မောင်သည် ဆေးဖြူဖြူအမှုန့်
များကို အအေးခွက်ထဲသို့ ထည့်နေတာကို သူမက (မှန်ထဲကနေ)
လှမ်းမြင်လိုက်ရခြင်းဖြစ်၏။ အခုတော့ မောင်မောင့်အကြံအစည်တွေ
ကို လီလီတစ်ယောက် ထိတ်လန့်တုန်လှုပ်စွာ သိလိုက်လေပြီ။

လီလီသည် စောစောက ထိုင်နေသည့်ခုံမှာ အသာပြန်ထိုင်
ပြီး ဟန်မပျက်ဆက်ဆံနိုင်အောင် ကြိုးစားနေရ၏။ ဘယ်လိုပဲဖြစ်
ဖြစ်၊ အခုလိုအကာလမှာ ကိုယ်က သူများပိုင်နက်ထဲ လာခဲ့မိပြီမို့
သူ့ဘက်က အသာစီးရနေပြီမှန်း လီလီသဘောပေါက်လိုက်ပါသည်။

ထိုအချိန်၌ မောင်မောင်သည် လိမ္မော်ရည်ထည့်ထားသည့်
ဖန်ခွက်နှစ်ခွက်ကိုကိုင်လျက် ဧည့်ခန်းဆီသို့ ပြုံးရွှင်စွာ ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



ာသည်။ လီလီက သူရှေ့ရောက်လာသည့် လိမ္မော်ရည်ခွက်ကို ကြည့်၍ မှန်ကြီးအား ကျေးဇူးတွေ ထပ်တလဲလဲ တင်နေမိ၏။ သချင်းဆိုး၊ အယုတ်တမာ၊ မုဒိန်းကောင်။ ကြိုသာသိမထားခဲ့ရင် င်းအကြံအစည်ကို ငါဘယ်လိုမှ ရိပ်မိမှာမဟုတ်ဘူး။ မသိရင်တော့ ချယ်က မခုတ်တတ်တဲ့ကြောင်ပဲ။ အခုတော့ နင်ဟာ စားနေကြကြောင် ားကြီး၊ ဏှာဘူးအကြီးစားကြီးမှန်း ငါသိသွားပြီ မောင်မောင်တဏှာ ့ရဲ့။

"ဟင် . . . လီလီသောက်လေ၊ အားမနာပါနဲ့၊ လီလီ့ကို ကျွန်တော်ကိုယ်တိုင် ဖျော်ပေးထားတာ . . . လုပ်ပါဗျ၊ အမောပြေ တာပေါ့"

မောင်မောင့်စကားကြောင့် ဆတ်ကနဲ တွန့်သွားပြီးမှ လီလီ က ကပြာကယာ ပြုံးလိုက်ရသည်။ မောင်မောင်ကတော့ အပိုင်တွက် ထားသော အမူအရာဖြင့် မြိန့်မြိန့်ကြီးပြုံးနေ၏။ လီလီက အအေး ခွက်ကို လှမ်းကိုင်ချိန်တွင် မောင်မောင့်မျက်လုံးတွေက ပိုမိုဝင်းလက် လာသည်။ သို့သော် . . .

"ခွမ်း"

"ဟယ် . . . အားနာလိုက်တာ ကိုမောင်မောင်ရယ်၊ လီလီ ပေါ့ဆလိုက်တာ သူများအိမ်ဧည့်ခန်းထဲမှာ စိုကုန်ပြီ၊ ဆောရီးနော်"

လီလီသည် သူမကြံစည်ထားသည့်အတိုင်း ဆက်လက် သရုပ်ဆောင်ရင်း မောင်မောင့်ကို မသိမသာ အကဲခတ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



မတော်တဆဖြစ်သလိုနှင့် ဖန်ခွက်ကို တမင်လွှတ်ချလိုက်သည့် လီလီ ပုံစံက ဘာမှမသိနားမလည်သူတစ်ဦးပမာ အသက်ပါလှ၏။ မောင်မောင်သည် မချင့်မရဲနှင့် အံကြိတ်ထားမိသော်လည်း ဟန်ဆောင်ပြုံးလိုက်ရင်း . . .

"ဩော် . . . ရပါတယ်၊ ကိစ္စမရှိပါဘူး၊ လီလီ . . . ဟဲဟဲ"

"ကဲ . . . ဒါဆိုလည်း ကိုမောင်မောင်ရေ၊ နောက်ကြုံမှပဲ လီလီ့ကို အအေးတိုက်ပေတော့ . . .၊ အိမ်ပြန်တာ အရမ်းနောက်ကျနေရင် ဖေဖေလည်း စိတ်ပူနေမှာစိုးလို့ လီလီပြန်တော့မယ်၊ အဲဒါ . . ."

"အင်း . . . နောက်ကြုံဦးမှာပေါ့ . . . ဟဲဟဲ၊ အဲဒါဆို လီလီ့ကိုပေးဖို့ အခန်းထဲမှာ ကျွန်တော်ပိုက်ဆံသွားယူလိုက်ဦးမယ် . . . ခဏနော်"

အခန်းထဲကနေ မောင်မောင် ပိုက်ဆံယူပြီး ပြန်ထွက်လာသည်နှင့် လီလီက ကြိုတင်မတ်တပ်ရပ်ထားလိုက်သည်။ သူမအကြံက ပိုက်ဆံလက်ထဲရောက်သည်နှင့် နှုတ်ဆက်ပြီး ဟန်မပျက်တန်းပြန်မည်ပေါ့။ မောင်မောင်က လီလီ့အနားရောက်တော့ ငွေထုတ်ကို လှမ်းပေးလိုက်၏။ ထို့နောက် မောင်မောင်သည် လက်ကမ်းလာသော လီလီ့လက်ကို ရုတ်တရက် ဆွဲကိုင်လိုက်ရင်း . . .

"လီလီ . . . ကျွန်တော် . . . ကျွန်တော် လီလီ့ကို အရမ်းစွဲလန်းမိနေပြီဗျာ၊ ဘယ်လိုမှ မြိုသိပ်မထားနိုင်တော့ဘူး၊ မပြန်ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦး လီလီရယ်၊ နော် . . . ”

“ကိုမောင်မောင်၊ ရှင် ကျွန်မလက်ကို အခုချက်ချင်းလွှတ်ပါ၊ လွှတ်လို့ ပြောနေတယ်နော်”

“ဟာ . . . မလွှတ်ဘူးဗျာ၊ အခုချိန်မှာ ကျွန်တော် လီလီ့ကို လုံးဝအဆုံးရှုံးမခံနိုင်ဘူး”

အနူနည်းနှင့် မရသဖြင့် မောင်မောင်တစ်ယောက် အကြမ်း ဖက်လေပြီ။ လီလီကလည်း အတင်းရုန်းကန်အော်ဟစ်ကာ မောင် မောင့်အကြမ်းဖက်မှုကို အားကုန်ခုခံသည်။ အခြေအနေက ချက်ချင်း ပင် ရုန်းရင်းဆန်ခတ်ဖြစ်သွား၏။ ခွန်အားချင်းမမျှသဖြင့် မောင်မောင် အသာစီးရလာသည်။ ထိုစဉ် လုံးဝထင်မှတ်မထားသည့် အခြေအနေ တစ်ရပ် ဖြစ်ပေါ်လာပြီး လီလီကံကောင်းသွားခဲ့ပါသည်။ “ဝုန်း” ကနဲ အသံနှင့်အတူ မောင်မောင့်တိုက်ခန်းတံခါးမှာ အရှိန်ပြင်းစွာ ပွင့်လာ ကာ ဧည့်ခန်းထဲသို့ လူနှစ်ယောက် အပြေးဝင်လာသည်။ မျှော်လင့် မထားသော ကိစ္စမို့ မောင်မောင်လည်း အထိတ်တလန့်နှင့် လီလီ့ကို လွှတ်လိုက်မိ၏။

ပြေးဝင်လာသူနှစ်ယောက်အနက် တစ်ယောက်က ကြောင် ကြည့်နေသည့် မောင်မောင့်မျက်နှာကို တစ်အားပြေး၍ ထိုးချပစ် လိုက်၏။ သူသည် လဲကျနေသော မောင်မောင်အား အညှိုးတကြီး ဆက်လက်ထိုးကြိတ်ကန်ကျောက်နေသေးသည်။ ထိုလူကို အသေ အချာကြည့်မိတော့ လီလီ့ခမျာ ပါးစပ်လေးအဟောင်းသားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အုံ့အားသင့်သွားရလေသည်။ ညီညီပါလား။

ညီညီနှင့်အတူ ပါလာသူက ဝင်ဆွဲတော့မှ မောင်မောင် တစ်ယောက် သက်သာရာရသွားသည်။ သူသည် တုန်လှုပ်ထိတ်လန့် နေသော လီလီ့ကို အသာပွေ့ဖက်ထား၏။ ညီညီနှင့်အတူ ပါလာသူမှာ မောင်မောင့်မိန်းမနွယ်နွယ်စိုး ဖြစ်နေ၏။ ကြမ်းပြင်ပေါ်တွင် ညည်းညူရှုံ့မဲ့နေသော မောင်မောင်ကို စက်ဆုတ်ရွံ့ရှာစွာ ငုံ့ကြည့်နေသည့် နွယ်နွယ်စိုး၏မျက်နှာမှာ တဖြည်းဖြည်း ပိုမိုတင်းမာလာသည်။

"နင့်အစား ငါအရှမ်းရှက်တယ် မောင်မောင်၊ နင်ကတော့ အခုလည်း ရှက်ရကောင်းမှန်း သိမှာမဟုတ်ဘူး၊ တော်သေးတာပေါ့ အိမ်သော့က ငါ့လက်ထဲမှာ တစ်စုံအပိုရှိလို့၊ အမှန်က နင့်လို လူယုတ်မာကောင်၊ သားသမီးချင်း နှမချင်းမစာနာတတ်တဲ့ကောင်မျိုးကို အသေသတ်ပစ်ရမှာ သိလား၊ တောက် . . . ခုနက ငါ ညီညီထွန်းကိုဝင်ဆွဲတာ နင့်ကို သနားလို့မဟုတ်ဘူး၊ နင့်လိုကောင်မျိုးကို သေအောင်သတ်မိလို့ ထောင်ထဲဝင်ရရင် မတန်လို့ သိရဲ့လား၊ နင်ဟာလေ . . . သေတဲ့အထိ ဒီလိုပဲ လူယုတ်မာပဲ ဖြစ်နေဦးမှာပါ၊ ငါ့မှာတော့လေ ကလေးတွေ မျက်နှာငယ်မှာစိုးလို့ နင့်ဘက်ကများ ပြုပြင်နိုင်ခဲ့ရင်တော့ ပြန်ပေါင်းနိုင်ကောင်းရဲ့လို့ တွေးမိတာတောင် ရှက်ပါရဲ့၊ နင်မို့လို့ မောင်မောင်ရယ်၊ ကိုယ့်မိသားစုဝင်တွေ မျက်နှာကိုတောင်မထောက် . . .၊ မပြောလိုက်ချင်ဘူး"

မောင်မောင်သည် ကြမ်းပြင်ပေါ်တွင် ငူငူကြီးထိုင်ကာ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ငိုထား၏။ နွယ်နွယ်စိုးကတော့ အားရပါးရ ပြောဆိုကောင်းနေဆဲ။

"ငါကလေ ဒီကောင်မလေးနဲ့ နင်နဲ့ စသိကျွမ်းပြီး အိမ်ကို အဝင်အထွက်ရှိတယ်ကြားကတည်းက.စိတ်တထင့်ထင့်ဖြစ်နေတာ၊ ငါက သူ့ကောင်လေးညီညီထွန်းနဲ့လည်း အဆက်အသွယ်ရှိပြီးသား၊ နင့်အကျင့်ကိုသိလို့ နင့်အရိပ်အကဲကို စောင့်ကြည့်ခိုင်းထားလိုက်တာ တော်တော်မှန်သွားတယ်၊ ငါတော့လေ အခုပြောနေရင်းကို နင့်အစားအရမ်းရှက်တယ် မောင်မောင်၊ မိန်းမဆို ငမ်းငမ်းတက်ပြီး ဘယ်လိုရရ,ရရင်ပြီးရော ဘာမှစောင့်ထိန်းရကောင်းမှန်းမသိတဲ့ နင့်ရဲ့အဲဒီအကျင့်စရိုက်တွေကြောင့် သားတကွဲ မယားတကွဲ ဖြစ်ရတာလည်း နင်မမှတ်ဘူး၊ တော်သေးတာပေါ့ဟယ်၊ ဒီတစ်ခါတော့ ငါတွေးတာ မှန်သွားလို့ မိန်းကလေးတစ်ယောက်ရဲ့အရှက်ကို ကာကွယ်လိုက်နိုင်ပါတယ်၊ အခု လီလီ နင့်အခန်းကို ညအချိန်မတော်ရောက်လာတာ နာရီဝက်လောက်ရှိပြီဆိုလို့ သူ့ကောင်လေးညီညီထွန်းဆီ အမြန်လာဖို့ ဖုန်းဆက်ခေါ်ပြီး အချိန်မီအောင် မနည်းပြေးလာတာ၊ ဒီရောက်တော့ ထင်တဲ့အတိုင်းပဲ၊ ခွေးကျင့်ခွေးကြံကြံတဲ့ခွေးဆိုတာ နင်မှအစစ်၊ ငါ့သားသမီးတွေကို သနားပေမယ့် နင့်လိုအဖေမျိုးနဲ့ အတူနေရင် ကလေးတွေ ပိုသိက္ခာကျ၊ မိုပျက်စီးမှာ သေချာနေလို့ နင့်လိုကောင်မျိုးနဲ့ ဒီတစ်သက် ဘယ်တော့မှ ပြန်မပေါင်းဘူးမှတ်၊ မနက်ဖြန် ငါကွာရှင်းစာချုပ်ပို့လိုက်မယ်၊ လက်မှတ်ထိုးပေးဖို့သာ ပြင်ထားပေတော့၊ ဟောဒီက ညီမလေးလီလီရော၊ ညီညီထွန်းကိုပါ အစ်မ



www.burmeseclassic.com

www.burmeseclassic.com



အားနာလိုက်တာ၊ လာ လာ . . . လောလောဆယ် ဒီကျက်သရေ ယုတ်ရဲ့ အခန်းထဲက အပြင်မြန်မြန်ထွက်ကြမယ်၊ ဪ . . . ဒီမှာ ရော့၊ အဲဒါ ငါ့ဆီပါလာတဲ့ တိုက်ခန်းသော့၊ နင်ပဲယူထားလိုက်တော့၊ ငါတော့ ကိုင်ရမှာ 'သန' လို့"

နွယ်နွယ်စိုး လှမ်းပစ်ပေးလိုက်သော သော့တွဲက မောင်မောင့်အနားမှာ ချွင်ကနဲ ကျသွားသည်။ လီလီသည် စားပွဲပေါ်မှ လက်ကိုင်အိတ်ကိုသွားယူရင်း သူမအတွက် မောင်မောင်ထုတ်လာသည့် ပိုက်ဆံထုပ်ကိုပါ မမေ့မလျော့ရအောင် ယူလာသေးသည်။ ဒါမှ လီလီအစစ်ဖြစ်မည် မဟုတ်ပါလား။ ညီညီထွန်းနှင့် နွယ်နွယ်စိုးတို့ကတော့ ထိုအဖြစ်ကို သတိထားမိလိုက်ပုံမရပေ။ လီလီသည် ညီညီထွန်းရင်ခွင်ထဲသို့ အတင်းတိုးဝင်လျက် လက်ကိုလည်း အားကိုးတကြီး မှီတွယ်ထားမိ၏။ ညီညီထွန်းသာ အရောက်နောက်ကျခဲ့လျှင် . . . ဟုတွေးမိတော့ မျက်ရည်တွေက အလိုလိုရစ်ဝိုင်းလာပြန်ပါသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

ကင်(န်)တင်းထဲမှာ လူတွေများလွန်းနေ၏။ အခြားဝိုင်းများမှ ရယ်သံတွေကပင် ကိုယ့်ကို လှောင်ပြောင်နေသည်ဟု သူမခံစားနေရသည်။ စုစုမင်းက သူမကိုကြည့်ရင်း သက်ပြင်းငွေ့ငွေ့ကို ရှိုက်လိုက်သည်။ လီလီသည် စားပွဲပေါ်မှ အအေးပုလင်းကို တစ်ခါမှ မမြင်ဖူးသလို မျက်တောင်မခတ် ကြည့်နေလေ၏။ စုစုမင်း စကားပြောသံ စထွက်လာကတည်းက ဒီအတိုင်း။ စုစုမင်း စကားဆုံး၍ အတန်ကြာသည်အထိ ဒီပုံစံအတိုင်းသာ။

"နင်ထင်သလို မဟုတ်ပါဘူး လီလီရယ်၊ ညီညီက နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူယုတ်မာလက်ထဲကနေ ပြန်ဆွဲထုတ်ကယ်ခဲ့တာ၊ စကားနဲ့ အနိုင်ယူလှောင်ပြောင်ဖို့ သက်သက်ကတော့ ဟုတ်ပါ့မလားဟဲ့၊ နင်ဘသူ့ရည်းစားပဲ၊ မကြာခင် လက်ထပ်ယူမယ့် ဇနီးလောင်းပဲ၊ နင်ဘရှက်ရမ်းရမ်းပြီး လျှောက်ပြောတာကိုးဟ၊ ဟိုကလည်း အဲဒီလိုကြီးပြောတော့ ဘယ်ခံနိုင်မလဲဟဲ့၊ ဒါကတော့ ဘယ်သူဖြစ်ဖြစ် သူသူကိုယ်ကိုယ်ပေါ့၊ စေတနာနဲ့လည်း ကူညီရသေး၊ အစော်ကားလည်းခံရသေးဆိုရင်တော့ ဘယ်သူမဆို စိတ်ဆိုးမှာပဲလေ"

လီလီကား မတုန်မလှုပ်။ စုစုမင်းလည်း ဆက်မပြောတော့။ သူမတို့ဝိုင်းလေး ပြန်လည်တိတ်ဆိတ်သွားသော်လည်း ကင်(န်)တင်းကြီးကတော့ ထုံးစံအတိုင်း ဆူညံနေမြဲ။ ရယ်ကြ၊ နောက်ကြ၊ ပြောင်ကြ။ စားပွဲထိုးကို ခေါ်သံတွေ၊ အချင်းချင်းအော်ဟစ်သံနှင့် လေတိုးသံတွေ။

လီလီ့ကိုကြည့်ပြီး စုစုမင်းမှာ အာရုံတွေ နောက်လာသည်။ သူငယ်ချင်းတွေဆိုတော့လည်း ခက်လှ၏။ သူမ စိတ်မချမ်းသာသဖြင့် ကိုယ်ပါမပျော်ရွှင်တော့ချေ။ သို့သော် စုစုမင်းမှာ ဘာမျှမတတ်နိုင်ပြန် . . .။

"နင်ပြောတာ မှန်တယ် စုစုမင်း၊ ငါ ညီညီ့ကို ရှက်ရမ်းရမ်းပြီး ရန်တွေ့ခဲ့တာ၊ တကယ်တော့ သူ့မှာ အပြစ်မရှိဘူး"

ရုတ်တရက် ကြားလိုက်ရသည့် လီလီ့စကားသံကြောင့် စုစုမင်းလည်း ကြောင်ပြီး လန့်ပင်လန့်သွားမိ၏။ လီလီက သူမကိုဂရုမစိုက်



www.burmeseclassic.com

www.burmeseclassic.com



သာ ပြောချင်ရာတွေ ဆက်ပြောနေသည်။

"အေး . . . ဒါပေမယ့် အခုလို တစ်ယောက်နဲ့တစ်ယောက် အားတွေ လွန်ကုန်ပြီးမှ ငါလည်း ပြန်မတောင်းပန်ချင်တော့ဘူးဟာ၊ နေပါစေတော့၊ အခုကိစ္စမှာ ငါ့အမှားတွေလည်း အများကြီးရှိမှန်း ငါကိုယ်ငါသိပါတယ်၊ ငါ့အမှားကိုလည်း ငါဝန်ခံရဲတယ်၊ ဒါပေမယ့် ဘာ အခုလောလောဆယ်မှာ ငါ သူ့ကို ဘာစကားမှ ပြောမနေချင်ဘူး"

"မပြောချင်လည်း မပြောပါနဲ့ လီလီရာ၊ ဒါပေမယ့် နားတော့ ထောင်ပေးပါဦး"

မထင်မှတ်ဘဲ ကြားဖြတ်ဝင်လာသော အသံတစ်ခုကြောင့် လီလီလည်း အလန့်တကြား မော့ကြည့်ပြီး ထိုင်ရာမှ အလျင်အမြန် ထရန် ကြိုးစားရှာသည်။ ညီညီထွန်းက လီလီ့လက်တစ်ဖက်ကို ခပ် တင်းတင်း ဖမ်းဆုပ်ထားလိုက်၏။

"နေပါဦး လီလီ၊ မင်း အဲသလိုပဲ ထွက်ပြေးနေတော့မှာလား၊ ပြဿနာတစ်ခုကို မဖြေရှင်းဘဲ ထွက်ပြေးနေတာ လီလီအစစ်မဟုတ် ဘူး"

ညီညီထွန်းကို လှမ်းကြည့်နေသည့် လီလီ့မျက်ဝန်းတွေမှာ ဒေါတ်စိုလက်ပလျက်ရှိ၏။ ညီညီထွန်းသည် သူ့ချစ်သူ ဝါးတားလီလီ (ခေါ်) လီလီ (ခေါ်) ကေသွယ်မိုးအား တစိမ့်စိမ့်ကြည့်၍ . . .

"မေမေ မျှော်နေလောက်ပြီ လီလီ၊ ဟိုကောင်တွေလည်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ရောက်နေကြပြီ၊ စုစုမင်းလည်း လိုက်ခဲ့လေ၊ ဒီနေ့ အိမ်မှာ အုန်းထမင်းနဲ့ ဆိတ်သားဟင်း ချက်ထားတယ်၊ မေမေက သူ့သမီး လေး လီလီအတွက် အထူးအစီအစဉ်တဲ့၊ ကိုယ်တို့က လီလီ့ကိုမှီပြီး စားရမှာ၊ ဩော် . . . မေ့လို့ အန်ကယ်တောင် ကိုယ်တို့အိမ်ရောက် နေပြီ"

* * * *

ထိုသို့ဖြင့် "မောင်မောင်" နှင့် ပြဿနာပြီးကတည်းက လီလီ တစ်ယောက် ဘောလုံးပွဲများကို မုန်းမေ့ပစ်ခဲ့ပါသည်။ အဲဒီအတွက် ဝမ်းအသာဆုံးပုဂ္ဂိုလ်မှာ သူမဖခင် ဦးသက်ထွန်းပင် ဖြစ်၏။ သမီး ဖြစ်သူ၏ ပြုပြင်ပြောင်းလဲလာမှုအပေါ် အသိအမှတ်ပြုသည့်အနေ ဖြင့် သူပေးနေကျ တစ်ပတ်စာမုန့်ဖိုးအား နှစ်ဆတိုးပေးလိုက်သဖြင့် လီလီတောင် ယာယီထောသွားခဲ့သေးသည်။

ထိုရက်ပိုင်းအတွင်း အားလုံးချောမွေ့နေသည်ဟု ဆိုရပေ မည်။ ညီညီထွန်းနှင့် လီလီတို့ ပြန်အဆင်ပြေသွားကြပြီးနောက်ပိုင်း ထူးထူးခြားခြား အဖုအထစ်ပြဿနာ သိပ်မရှိလှတဲ့ ပျင်းစရာပင် ကောင်းနေလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

"စကြာ" account ထဲမှ ကောင်မလေးသည် သူ့ကို Bye ဟုနှုတ်ဆက်ပြီး Sign out လုပ်ကာ ထွက်သွား၏။ ညီညီထွန်းက ကွန်ပျူတာရှေ့မှာ မပွင့်တပွင့် ပြုံးလျက် ထိုင်ရာမှ မထသေးဘဲ အတွေးနယ်ချဲ့နေမိသည်။ "စကြာ" ဆိုသော account ပိုင်ရှင် အမျိုးသမီးလေး၏ စီးပွားရေးဆိုင်ရာ အမြင်လေးများကို သူက အမှတ်ပြည့်ပေးထားလိုက်သည်။ Online ပေါ်ကတဆင့် ဆက်သွယ်မိခဲ့ကြပြီး သူတို့နှစ်ယောက် အိပ်မက်တွေတူနေရာမှ ရင်းနှီးမှုများပါ ပိုခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်တွေ။ သူကြိုးစားတည်ဆောက်ခဲ့ရသော အိပ်မက်တွေ။ သူ့ဖခင်ဖြစ်သူ ထားရစ်ခဲ့သည့် သမ္မတစတိုးဆိုင်လေးကို သူ ဦးစီးရချိန်မှစ၍ စီးပွားရေးထဲမှာ စိတ်ရောကိုယ်ပါ နှစ်မြုပ်ထားခဲ့၏။ အခုဆို နှစ်ရှည်လများ သူ့အိပ်မက်တွေ တဖြည်းဖြည်းနှင့် အကောင်အထည် ပေါ်စပြုလာပြီဟုဆိုရမည်။

"စုကြာ" ဆိုသော အမျိုးသမီးလေးကို ညီညီထွန်း လေးစားနေရုံသာမက အားကိုးယုံကြည်ခဲ့မိနေပြီ။ သူတို့နှစ်ယောက်၏ စီးပွားရေးတစ်ခုမှာ သိပ်မကြာခင် အကောင်အထည်ပေါ်လာတော့မည်။ သူက လုံးဝယုံကြည်ထား၏။ ပထမဆုံးအဆင့်မှာ သူကိုယ်တိုင် စင်ကာပူသို့ လိုက်သွား၍ စုကြာနှင့် လူချင်းတွေ့ပြီး အသေးစိတ် ထပ်မံဆွေးနွေးကြရန် ဖြစ်သည်။ ထိုစဉ် သူထိုင်နေသော ကုလားထိုင် အနည်းငယ်လှုပ်ရမ်းသွားခြင်းနှင့်အတူ တောင်းပန်သံ ခပ်တိုးတိုးကိုပါ တဆက်တည်း ကြားလိုက်ရပါသည်။

"ဆောရီးနော်"

ညီညီထွန်းက သူ့ကုလားထိုင်ကို ဝင်တိုက်လိုက်သူအား မော့ကြည့်လျက် ပြုံးပြလိုက်၏။ ဩော် . . . ဘယ်သူများလဲလို့။ မျိုးဝင်း၏ အသည်းကွဲလေဒီ . . . ဇင်မာသန်းဝင်းပါလား"

"ရပါတယ်ဗျာ၊ ပြန်တော့မလား"

"ဟုတ်ကဲ့ရှင့်"

သူမက ယဉ်ကျေးစွာ ပြန်ပြော၏။ သူလည်း ထိုင်ရာမှထ



www.burmeseclassic.com

www.burmeseclassic.com



သိုက်ပါသည်။ ကောင်တာရှေ့တွင် ဇင်မာသန်းဝင်း၏သူငယ်ချင်းနှစ်ဦး (သို့မဟုတ်) Yes အဖွဲ့သားတွေက အောင်ပြည့်နှင့် စကားပြောဆိုရယ်မောပြီး အနီးတင် ထိုင်ပြီးနေသည့် မျိုးဝင်းကိုပါ ဟန်ပျက်နှုတ်ဆက်လိုက်ကြသေး၏။ ထို့နောက် သူမတို့သည် လှုပ်လီလှုပ်လဲ့နှင့် ဆိုင်အတွင်းမှ ပြန်လည်ထွက်ခွာသွားကြတော့သည်။ မျိုးဝင်းခမျာကား မချိသော နှလုံးဖြင့် ပြုံးမဲ့မဲ့ကြီး ထိုင်ကျန်ရစ်ပါ၏။ အရင်လိုအတူသွား၊ အတူစား၍ ပျော်ပါးခဲ့ဖူးတာတွေကို ပြန်လည်လွမ်းဆွတ်ဟန်ဖြင့် မျိုးဝင်းမှာ မှုန်တေတေကြီး ဖြစ်နေရှာသည်။

ညီညီထွန်းက . . .

"ဟော့ကောင် ပေကောက်၊ လိုက်သွားလေကွာ၊ ဘာဖြစ်လို့လဲ၊ ချစ်သူဘဝနဲ့ ပျော်ရွှင်ခွင့်မရပေမယ့် သူငယ်ချင်းအဖြစ်မှာလည်း ကျေနပ်နိုင်ပါတယ်၊ ဘာညာလျှောက်ပြောပြီး ဆက်ကပ်နေပါလား၊ အနည်းဆုံး . . . အီးရှူ . . . အဲလေ . . . ဖွဲဆုလေးတော့ ရနိုင်ပါသေးတယ်။

"မခနဲ့ပါနဲ့ 'တမသ' ရာ၊ ကွဲနေတဲ့ ငါ့အတည်းကို မတနားရင် နေပါ၊ ငါ့ရဲ့အရှုံးတမား တကွာကိုတော့ ကျေးဇူးပြုပြီး ညာညာတာတာ (ညှာညှာတာတာ) စိတ်လေးရှိပေးစမ်းပါ၊ ငါ့တံယောဇဉ်၊ ငါ့တစ္စာသရားနဲ့ ငါ့တတိရမှုတွေကတော့ အမြဲတမ်း တူ့ရှိမှာ (သူ့ဆီမှာ) ပါကွာ . . . အဟင့်"

ညီညီထွန်းနှင့် အောင်ပြည့်တို့လည်း မျက်နှာတွေ ရှုံ့မဲ့သွား



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ အောင်ပြည့်ကို ညီညီထွန်းက အပြစ်တင်လိုသော အကြည့် နှင့်လှမ်းကြည့်ကာ ဆက်မပြောဖို့ အမူအရာဖြင့် တားမြစ်လိုက်၏။ ညီညီထွန်းကလည်း တဘောပေါက်၊ အဲ . . . သဘောပေါက်ပါသည်။ ဆက်ပြောရင် သူတို့ပါ ငိုမိကုန်လိမ့်မည်။ မျိုးဝင်းမှာ သူ့ခံစားမှုများ ကို ဖွင့်ထုတ်လိုက်ရသည့်အတွက် ကျေနပ်သွားကာ မျက်နှာကြီးက တစ်မျိုးပြောင်းလာသည်။ ငါ့ 'ဒိုင်' တွေထဲမှာ ဒီငမိုက်သားနှစ်ယောက် မျောသွားရှာပြီဟုလည်း တွေးလျက်ရှိ၏။

"အေးပါ မျိုးဝင်းရာ၊ ငါက စတာပါ၊ ဪ . . . ဒါနဲ့ ဒီနေ့ အောင်လွင်ဦးမလာဘူးလား၊ ဒီကောင်နဲ့ ငါမတွေ့တာ နှစ်ရက် လောက်ရှိနေပြီ၊ မင်းနဲ့တော့ တွေ့ဖြစ်မှာပေါ့"

စကားလမ်းကြောင်းကို အတင်းလွှဲပစ်လိုက်သော ညီညီထွန်း ကို မျိုးဝင်းက မသိမသာ မျက်စောင်းထိုးလိုက်၏။ သူ့စိတ်ထဲမှာ စီနေသည့် ဝေဒနာစကားလုံးတွေကို နောင်အလျဉ်းသင့်မှပဲ ဆက် လက်ထုတ်ဖော်တော့မည်ဟု ဆုံးဖြတ်လိုက်ပြီး ညီညီထွန်းအမေးကို ပြန်ဖြေသည်။

"မနက်ကတော့ တွေ့လိုက်တာပဲ၊ ညနေမှ ပြန်လှည့်လာဦး မလား မသိဘူး"

"အောင်လွင်ဦးတော့ မသိဘူး၊ ဝါးတားလီလီတော့ လာနေ ပြီ"

အောင်ပြည့်စကားအဆုံးမှာပင် လီလီက သူတို့အနားရောက်



www.burmeseclassic.com

www.burmeseclassic.com



သာ၏။ ညီညီထွန်းဘေးမှာ စွေ့ကနဲ ဝင်ထိုင်လိုက်ကာ အောင်ပြည့်ကိုလည်း မျက်စောင်းလေးလှမ်းထိုးသည်။

"ဘာ . . . ဝါးတားလီလီလဲ ကိုကိုနော်၊ လီလီက အခုဘယ်သူ့ဆီက ပိုက်ဆံချေးနေလို့လဲ"

"အေးလေ . . . ဟုတ်သားပဲ၊ မင်းတို့ကလည်း လီလီက အခု အရင်လိုမှ မဟုတ်တော့တာ၊ လိမ္မာနေပြီဥစ္စာ"

မျိုးဝင်းက လီလီ၏ ကြည်လင်နူးညံ့သော မျက်နှာလေးကို အလျင်အမြန် ခိုးကြည့်ရင်း သူမဘက်မှ အသားလွတ်ကြီး ရှေ့နေလိုက်ပေးနေလေသည်။ လှလိုက်တာ လီလီရယ်။ ကပ်စေးချင်းအတူတူမှာ အချစ်နဲ့ပတ်သက်လာရင် ငါက ပိုနှမြောမိခဲ့တာများလား။ ဒုက္ခ . . . ဒုက္ခ။

အတွေးတွေနှင့် ချာချာလည်ဂ်ုင်း မျိုးဝင်းက သူ့ကိစ္စတစ်ခုကို ရုတ်တရက် သတိရကာ ပိုက်ဆံအိတ်ကို ကပျာကရာ ဖွင့်လိုက်သည်။ ပြီးမှ အကြွေးတောင်းလာသော ပိုက်ဆံငါးသိန်းကို ပြည့်မပြည့် ထပ်မံစစ်ဆေးနေပြန်သည်။ သူတို့သုံးယောက်ကတော့ သတိမထားကြဘဲ ရောက်တတ်ရာရာတွေ လျှောက်ပြော၍ ရယ်နေကြ၏။ အတန်ကြာသော် လီလီက အရေးဘကြီးဟန်ဖြင့် မျိုးဝင်းဘက်လှည့်ကာ ပြောလိုက်သည်။

"ဟယ် . . . အခုမှ သတိရတာပဲ၊ ဟန်းဆက်အသစ်လဲဖို့ သွားရဦးမှာတော့၊ ဒုက္ခပဲ . . . ညီညီလိုက်ပို့ဦး၊ ဩော် . . . အရေးထဲ



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံက မေ့ခဲ့ပြန်ပြီ၊ ကိုမျိုးဝင်း လီလီကို ပိုက်ဆံငါးသိန်းလော ခဏပေးပါလား၊ နောက်နေ့မှ ပြန်ယူလေနော်၊ ယုံတယ် မဟုတ်လား အရင်လီလီမှ မဟုတ်တော့တာ၊ ညီညီမှာ မပါဘူးမဟုတ်လား၊ မ ဘူးတဲ့၊ ကဲ . . . ပေးပေး ခဏပေး"

မျိုးဝင်းလည်း အငိုက်မိသွားသည်။ လီလီက ချစ်စဖွယ်အပြ လေးဖြင့် မျိုးဝင်းထံကြည့်လျက် လက်ဖဝါးလေးတစ်ဖက်ကို ဖြန့်ထာ ၏။ အောင်ပြည့်နှင့် ညီညီထွန်းတို့မှာ ရယ်ချင်စိတ်ကို မျိုသိပ်ပြ မျက်နှာတွေကို ဇွတ်အတင်းတည်ထားကြသည်။ မျိုးဝင်းသည် ခဏ မျှငြိမ်နေသည်။ ဘာသံမှမထွက်။

ထို့နောက်တွင်မူ သူ့ပိုက်ဆံအိတ်ထဲမှ ငွေငါးသိန်းကို နှေး ကွေးစွာ ထုတ်ယူ၍ မသိမသာ တုန်နေသော လက်များဖြင့် လီလီ့ဆီ လွှဲပြောင်းပေးလိုက်ပါတော့သည်။ မျိုးဝင်းသည် သူ့ကိုယ်သူသာ ကျိန်ဆဲနေမိ၏။ လီလီကား ပိုက်ဆံငါးသိန်းကိုပိုက်ပြီး ပြုံးပျော်ရွှင် မြူးလျက်ရှိသည်။

ဤသည်မှာ ဝါးတားလီလီအစစ်တည်း။ ဝါးတားလီလီ Water Lily (သို့) ကြာပန်းလေး။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# (၁၈)

နီနီအောင်တို့ အိမ်ဧည့်ခန်းထဲတွင် "Yes" အဖွဲ့သားသုံး ယောက်သည် တစ်စုံတစ်ရာကို အကြိတ်အနယ် ဆွေးနွေးနေကြပါ၏။

"နင့်ဘက်က အရမ်းဖောင်း (Foul) သွားမှာ စိုးရိမ်လို့ပြော တာ ဇင်မာသန်းဝင်း၊ တကယ်တမ်းကျတော့ ညီညီထွန်းနဲ့ ငါတို့က ဘာအပြိုးအတေးမှ မရှိဘူး၊ ဘာတစ်ခုမှသည်း ဆက်ဆံပတ်သက်ဖူး တာ မဟုတ်ဘူး၊ ပြောကြကြေးဆိုရင် ငါတို့တွေ ကြည့်မရဘူးဆိုတဲ့ သူ့ကောင်မလေးလီလီတောင်မှ ဒီလောက်ကြီး ငါတို့အပေါ် နှစ်နစ်



www.burmeseclassic.com

www.burmeseclassic.com



နာနာ ပြုမူခဲ့တာမှ မဟုတ်ပဲ၊ သူ ငါတို့ကို လှောင်ပြောင်တယ်ဆိုတာလည်း တကယ်တော့ သူ့ကောင်လေးကို သဝန်တိုပြီး မိန်းမစိတ်နဲ့ ရှိထေ့လိုက်မိတာပါ၊ ဒီတော့ အခုကိစ္စမှာ သေချာပြန်စဉ်းစားကြည့်ရင် ငါတို့ဘက်က လွန်နေပြီ၊ နောက်ပြီး ဖြစ်တာကလည်း အဲဒီတစ်ခါထဲရယ် . . .၊ အခုဆိုရင် ငါတို့နဲ့ လီလီက ဆုံတောင်မဆုံမိတော့ပါဘူးဟာ"

အေမီဂွန်က သက်ပြင်းကို တစ်ချက်ရှိုက်ရင်း စကားကို အဆုံးသတ်သည်။ ဇင်မာသန်းဝင်းသည် မဲ့ပြုံးပြုံးလျက် အေမီဂွန်နှင့် နီနီအောင်ကို ခပ်စူးစူးလေး ပြန်ကြည့်လိုက်၏။

"အေး . . . တစ်ခါတည်းပဲ ဟုတ်တယ်၊ ဒါပေမယ့် အဲဒီ မတိုင်ခင်မှာ ငါတို့က သူ့ကို ဘာတွေဘယ်နှစ်ခါ စော်ကားခဲ့ဖူးလို့ သူက ဒီလိုလာစရတာလဲ၊ ပြီးတော့ သူ့အချိုးကို နင်တို့လည်း အသိပဲ၊ နင်တို့လည်း အဲဒီတုန်းက စိတ်တိုခဲ့ကြတာပဲ မဟုတ်လား၊ ငါတို့က သူ့အစ်ကိုဝမ်းကွဲအောင်ပြည့်ကိုပဲ မြူဆွယ်နေသလိုလို၊ သူ့ကောင်လေး ညီညီထွန်းကိုပဲ လုတော့မလိုလိုနဲ့ ဘာလိုင်းကြီး ရန်လာစခဲ့တာလေ၊ နင်တို့မေ့သွားပြီလား"

ငြိမ်နေသော နီနီအောင်က . . .

"ဟုတ်ပါတယ် ဇင်မာရယ်၊ အဲဒီတုန်းက လီလီ့အချိုးက မုန်းစရာကောင်းတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့်ဟာ အခုချိန်မှာ အဲဒီကိစ္စ ငါ့ခေါင်းထဲမှာ သိပ်မရှိတော့ဘူး၊ ငါဝန်ခံတယ် အဲဒီတုန်း



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဒေါသဖြစ်မိတာ အမှန်ပဲ၊ ဒါကြောင့်လည်း ငါတို့တွေ သူ့ရည်းစားညီညီထွန်းကို စိတ်ကသိကအောက်ဖြစ်အောင် တစ်ခုခုလုပ်မယ်ဆိုပြီး ဒီဇာတ်လမ်းကို ထွင်ခဲ့ကြတာပဲလေ၊ နင်က ညီညီထွန်းကို အီစီကလီ Chatting ထဲမှာထုပြီး သူတို့အတွဲကို ပြဿနာဖြစ်အောင် လုပ်၊ ငါတို့က ပြီးမှ ကွယ်ရာမှာ ဟား၊ ဘာညာပေါ့၊ ဒါပေမယ့် အမှန်အတိုင်းပြောရရင် အခု ငါစိတ်မပါတော့ဘူး ဇင်မာ၊ နောက်ပြီး နင်တို့ဖြစ်နေတာက ငါတို့အိုင်ဒီယာအတိုင်းလည်း မဟုတ်ဘူး၊ တစ်မျိုးကြီးပဲဟာ . . .၊ လွဲနေပြီလို့ ထင်တယ်"

သူမတို့အဖွဲ့ထဲမှာ ခန္ဓာကိုယ်အထွားကြိုင်းဆုံးဖြစ်သော နီနီအောင်သည် မပြောစဖူး စကားအရှည်ကြီးပြောလိုက်ပြီး မောဟိုက်သွားဟန်ဖြင့် အအေးပုလင်းကို ဆွဲယူသောက်နေပြန်သည်။ ဝေဖန်ခံလိုက်ရ၍ ဇင်မာသန်းဝင်းမျက်နှာမှာ ပိုမိုနီရဲလာသည်။ သူမတို့နှစ်ယောက်ကို ပြုံးပြုံးကြီး စိုက်ကြည့်ကာ နှုတ်ခမ်းကိုလည်း တင်းတင်းစေ့ထား၏။ အေမီဂွန်က ဇင်မာသန်းဝင်း၏ဒေါသကို မသိကျိုးကျွံပြု၍ သူမပြောချင်ရာကို ဆက်ပြောပြန်လေသည်။

"ထင်တာ မဟုတ်ဘူး၊ လွဲကိုနေတာ၊ ငါတို့ရဲ့ရည်ရွယ်ချက်က ဒီလောက်မကြီးကျယ်ဘူး၊ စရုံနောက်ရုံသက်သက်ပဲ၊ အခုဟာက ညီညီထွန်းအတွက် တော်တော်ဆိုးဝါးတယ်၊ အခန့်မသင့်ရင် ဘဝပါ ပျက်သွားနိုင်တာမျိုး၊ ငွေကြေးပိုင်းမှာလည်း တော်တော်လေး အသုံးနာမယ့် ကိစ္စဖြစ်နေတယ်၊ ငါလုံးဝမကြိုက်ဘူး၊ နောက်ဆုံး ဇိုနိကုန်



www.burmeseclassic.com

www.burmeseclassic.com



ပြောမယ်ဟာ . . .၊ လီလီ့ကို မကျေနပ်လို့ လုပ်ရင်လည်း ညီညီထွန်းကို ဘာမှမဆိုင်ဘဲ ဒီလောက်အထိ ဒုက္ခပေးစရာ မလိုဘူး၊ သူ ဘာမှမသိတာ"

"ဘာလဲ အေမီဂွန်၊ နင်က ဒီလောက်နာနေရအောင် အဲဒီ ညီညီထွန်းဆိုတဲ့ကောင်ကို နင်ကြိုက်နေလို့လား၊ ပြောစမ်းပါဦး"

ဇင်မာသန်းဝင်းအသံက တော်တော်လေး ကျယ်သွားသည်၊ သူမတို့သုံးယောက်ကြားမှာ တိတ်ဆိတ်မှုက အချိန်အတော်ကြာမျှ ကြီးစိုးလို့နေ၏။ နီနီအောင်က မျက်လုံးကြီးပြူးကာ ဇင်မာသန်းဝင်းနှင့် အေမီဂွန်တို့ကို တစ်လှည့်စီကြည့်နေသည်။ အေမီဂွန်၏မျက်ဝန်းအိမ်ထဲမှာ မျက်ရည်စတွေ အိုင်ထွန်းလာသည်။ မျက်ရည်တော့ မကျသေး . . .။ မျက်တောင်ကို တစ်ချက်နှစ်ချက်ခတ်ပြီး အေမီဂွန်က ရုတ်ချည်းပြုံးလိုက်၏။ နောက် . . . သူမက ဇင်မာသန်းဝင်း၏ ဒေါသအရှိန်မသေသေးသော မျက်နှာအား ခပ်အေးအေးကြည့်၍ စကားကို တစ်လုံးချင်းပြောချလိုက်လေသည်။

"ညီညီထွန်းကို ကြိုက်နေလို့လားဆိုတာ ငါ့ကိုမမေးနဲ့ ဇင်မာသန်းဝင်း၊ နင့်ကိုနင် ပြန်မေး၊ ပြီးရင်တော့ ရဲရဲရင့်ရင့်ဖြေ၊ နင်မဖြေရဲရင် ငါဖြေပေးလိုက်မယ်၊ နင် ညီညီထွန်းကို ချစ်နေတာ၊ သဝန်တိုနေတာ၊ ပြီးတော့ နင်ရှူးနေတာ၊ လီလီ့ကို မနာလိုစိတ်နဲ့ နင်ရှူးနေတာ၊ နင်လုပ်နေပုံက မစားရတဲ့အမဲကို သဲနဲ့ပက်ရုံတင် မဟုတ်ဘူး ခါတ်ဆီနဲ့ပါလောင်းပြီး မီးရှို့သလိုဖြစ်နေပြီ၊ မလုပ်ကောင်းတာတွေကို နင်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လုပ်နေတယ်၊ မိန်းမတစ်ယောက်အနေနဲ့တင်မက လူတစ်ယောက်အနေနဲ့ပါ မလုပ်သင့်တာတွေ လုပ်နေတာ၊ အဲဒီအထဲမှာ ကြဲရာပါမိတဲ့အတွက် ငါ့ကိုယ်ငါရှက်လာတယ်၊ အားပေးမိခဲ့တဲ့အတွက်လည်း ငါ့ကိုယ်ငါ ခွင့်မလွှတ်ဘူး၊ အလွန်အကျွံတွေမဖြစ်ခင် နင့်လုပ်ရပ်တွေကို ရပ်တန့်က ရပ်လိုက်ရင်ကောင်းမယ် ဇင်မာသန်းဝင်း၊ တကယ်တော့ နင်က ကိုယ့်ကိုယ်ကို လိမ်နေတာဟ၊ နင်ကမှ ညီညီထွန်းကို ကြိုက်နေတာ"

ညီညီထွန်းကို ကြိုက်နေတာ . . . နင်ကမှ . . . ညီညီထွန်းကို ကြိုက်နေတာ။ အေမီဂျွန်နောက်ဆုံးပြောလိုက်သော အသံက သူမတို့သုံးယောက်စလုံး၏ စိတ်ထဲမှာ ပဲ့တင်ထပ်လျက်ရှိသည်။ နီနီအောင်က မျက်လုံးကြီးပြူးကာ ငြိမ်သက်နေဆဲ။ အေမီဂျွန်မှာ မျက်လုံးစုံမှိတ်ပြီး ဆိုဖာကုလားထိုင်ပေါ်မှီ၍ အသက်ကို ခပ်ပြင်းပြင်း ရှူနေလေသည်။

ဇင်မာသန်းဝင်းက ရုတ်တရက် ထိုင်ရာမှ ထလိုက်သည်။ အံကို တင်းတင်းကြိတ်ထားရာမှ တဖြည်းဖြည်း ပြေလျော့လာသော သူမ၏မျက်နှာတွင် အပြုံးရိပ်ထင်လာသည်။ ထို့နောက် သူမက ဧည့်ခန်းတံခါးဆီ ထွက်ခွာသွားတော့သည်။ အိမ်ရှင်နီနီအောင်လည်း မတားမိ။ အေမီဂျွန်ကမူ ဘာစကားတစ်ခွန်းကိုမှ ထပ်မပြောတော့ချေ။ တံခါးပေါက်ဝကို ဖြတ်ကျော်ပြီးမှ ဇင်မာသန်းဝင်းက နောက်သို့ပြန်လှည့်လိုက်ပါ၏။ သူမမျက်နှာမှာ ပြုံးနေဆဲ။ သို့သော် အပြုံး



www.burmeseclassic.com

www.burmeseclassic.com



နှင့်မတူဘဲ ရှိ၏။ ဇင်မာသန်းဝင်းထံမှ စကားသံတို့ ထွက်ပေါ်လာသည်။

"နင်တို့ မှတ်ထား၊ ငါ ညီညီထွန်းကို လုံးဝမကြိုက်ဘူး၊ ဘယ်တော့မှလည်း ညီညီထွန်းကို ကြိုက်မှာမဟုတ်ဘူး၊ မကြိုက်တဲ့အပြင် သူ့ကို ငါက မုန်းနေတာပါ၊ သူနဲ့ ဆက်သွယ်ပတ်သက်နေတဲ့ အချိန်တိုင်းမှာ ငါသူ့ကို ပိုပိုမုန်းလာတာချည်းပဲ၊ ရည်မှန်းချက်တွေ၊ ငွေကြေးတွေ၊ အလုပ်တွေ၊ စီးပွားရေးကိစ္စတွေပဲ အမြဲတမ်းတွေးနေ၊ ပြောနေတဲ့ သူ့ကို ငါအရမ်းမုန်းတယ်"

နောက် . . . စကားကို တိကနဲဖြတ်ကာ ဇင်မာသန်းဝင်းက လှည့်ထွက်သွား၏။ ကျန်ရစ်ခဲ့သူ နှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ခေါင်းရမ်းလိုက်မိကြပါသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၉)

ရှေ့အပတ်ထဲတွင် ညီညီထွန်းတစ်ယောက် စက်ပွဲသို့ စီးပွားရေးကိစ္စများ လေ့လာရန်နှင့် အသစ်ချဲ့ထွင်ရန် တစ်လခန့် ခရီးထွက်ရမည်။ ပတ်စ်ပို့နှင့် ဗီဇာက သူ့လက်ထဲမှာ အဆင်သင့် . . . ။ လေယာဉ်လက်မှတ်လည်း လုပ်ပြီးပြီ။ မသွားခင် သူတို့ချစ်သူနှစ်ဦးသည် ညီညီထွန်းဝယ်ထားသည့် ကွန်ဒိုအခန်းမှာ အေးအေးဆေးဆေး တွေ့ဆုံစကားပြောနေကြ၏။

လီလီသည် သူမအသစ်လဲတပ်ထားသော ခန်းဆီးလေးများကိုကြည့်၍ ပီတိတွေ ဖြစ်နေပုံရသည်။ ညီညီထွန်းကတော့ သူမ၏



www.burmeseclassic.com

www.burmeseclassic.com



ဆယ်စုံခန့်ရှိပြီဖြစ်သော တန်ဖိုးကြီးခန်းဆီးများ ဝယ်ယူမှုကို အလွန်နှမြောနေရှာသည်။ လီလီတစ်ယောက် ဘောလုံးပွဲတွေနှင့် ပြတ်ခဲ့သွားတာ ဝမ်းသာရသော်လည်း ဒီတိုက်ခန်းအတွက် ငွေအသုံးကြမ်းလွန်းတာကို သူက ဘဝင်မကျပြန် . . . ။

ခန်းဆီးစများအပြင် မီးဖိုချောင်သုံးပစ္စည်းတွေ ဝယ်ရာမှာလည်း ငွေတွေ သောက်သောက်လဲကုန်ခဲ့ပြီးပြီ။ ဧည့်ခန်းထဲမှာ ပစ္စည်းတွေက လိုအပ်တာထက် များနေပြီဟု ညီညီထွန်းက ယူဆထားသည်။ သူအစောကြီးကတည်းက ဝယ်ထားသည့် LCD တီဗွီ၊ ပိုင်အိုးနီးယား DVD စက်၊ Home Theater အသံထွက်စနစ်နှင့် အခြားသော ပရိဘောဂများ၊ နောက်ပြီး အိပ်ခန်းထဲမှာလည်း နှစ်ယောက်အိပ်ကုတင်၊ မှန်တင်ခုံ၊ ဗီရိုနှစ်လုံးနှင့် ကွန်ပျူတာကိုပါ ထည့်ထားသေးသည်။ ဘောလုံးပွဲတစ္ဆေမလေးက မလောင်းတော့ပေမယ့် အခုထိ စွဲစွဲလန်းလန်း ကြည့်နေဆဲဖြစ်၏။ သူ့အနေနှင့် ဒါကိုတော့ ခွင့်ပြုပေးထားသည်။ မဟုတ်တာမလုပ်ရင် ပြီးရောဆိုပြီး တချို့နေရာများမှာ အလိုလိုက်ထားရပြန်သည်။ အခုလည်း ဒီအခန်းကို သူမစိတ်တိုင်းကျ ပြင်ဆင်ဝယ်ယူထားတာတွေက မနည်းလှပေ။ ဒါတောင် မရပ်ချင် . . . ။ မနက်ကတင်ပဲ ဒင်နာဆက်တစ်စုံ ထပ်ဝယ်လာပြန်သည်။ ပြီးတော့ ဝရံတာမှာ ဘွန်ဆိုင်းပင်လေးတွေ မနည်းမနော စိုက်ထားသေးသည်။ လောဘကလည်း ကြီးလှ၏။

"ဦးခင်မောင်ရင့်ရဲ့ ပန်းချီကားတစ်ကားလောက်တော့ ဝယ်



www.burmeseclassic.com

www.burmeseclassic.com



ဦးမှာပါပဲ"

"ဘာလုပ်ဖို့လဲ လီလီရာ၊ ဧည့်ခန်းထဲမှာလည်း ပန်းချီကား လေးကားရှိနေပြီးပြီ ဥစ္စာ . . .၊ ထမင်းစားခန်းထဲမှာရော၊ အိပ်ခန်း ထဲမှာတွေရော နံရံအလွတ်တောင် မကျန်တော့ဘူး၊ ဘာလဲ အိမ်သာ နဲ့ရေချိုးခန်းထဲမှာပါ ချိတ်ဦးမလို့လား"

ညီညီထွန်း၏ ငေါ့တော့တော့ အမေးစကားကြောင့် လီလီ က အားရပါးရပြုံးလိုက်၏။ ပြီးတော့ သူမက ညီညီထွန်းဘေးမှာ ဝင်ထိုင်လိုက်ပြီး ဆရာမကြီးလေသံနှင့် . . .

"ညီညီက အဲဒါတွေ ညံ့တာပဲ၊ ပန်းချီကားချိတ်တဲ့ ယဉ် ကျေးမှုကိုလည်း နားမလည်ပါလားနော်၊ အဲဒါတွေက ဘယ်တော့မှ မရှုံးဘူး၊ ကြာလေ . . . ဈေးတက်လေပဲ၊ လီလီတို့မှာ ဦးခင်မောင်ရင် ကား တစ်ကားမှမရှိလို့ပါ ညီညီရ၊ နောက်ပြီး မီးဖိုခန်းထဲမှာ ချိတ်ရ ဦးမယ်လေကွာ"

"ချိတ်ရင်လည်း လှလှပပလေးတွေ ချိတ်ပါ လီလီရဲ့၊ အခု မင်းပုံတွေက ဘာကြီးတွေမှန်းကို မသိဘူး"

လီလီသည် အားရပါးရရယ်မောကာ ညီညီ့လက်မောင်းပေါ် မှီတွယ်ချလိုက်ပါသည်။ ညီညီထွန်းမှာ သူမလို ပန်းချီကားတွေ ဘာတွေကို စိတ်မဝင်စား၊ နားလည်းမလည်။ ဘယ်တော့မှလည်း နားလည်ခံစားတတ်လာအောင် ကြိုးစားမည့်သူ မဟုတ်မှန်း သူမ သဘောပေါက်ထားပြီးသား ဖြစ်၏။ သူသိတာ ငွေရှာဖို့နှင့် ရှာထား



www.burmeseclassic.com

www.burmeseclassic.com



သည့်ငွေများကို တတ်နိုင်သမျှ ခြိုးခြံချွေတာဖို့ပင် ဖြစ်ပါသည်။

သူမသည်ကား ပန်းချီကိုသာမက အခြားအနုပညာပစ္စည်း တွေနှင့် လက်လှမ်းမှီရာ စာအုပ်များကိုပါ နှစ်သက်စွာ လေ့လာ ရှုတတ်သူလည်း ဖြစ်သည်။ အခုဆို သူမက ဘောလုံးပွဲတွေ မလော ဖြစ်တော့သဖြင့် စာအုပ်တွေ၊ ပန်းချီကားတွေဘက် အချိန်ပိုပေး နိုင်သည်။ ဒီတိုက်ခန်းမှာပင် သူမဝယ်ယူထားသည့် ပန်းချီကားချ နှင့် ပစ္စည်းပစ္စယတွေက မနည်းလှချေ။ ညီညီတစ်ယောက်လည်း ခေါင်းတွေမူးပြီး မျက်စိတွေ နောက်နေလောက်ပြီ။

"ညီညီ၊ စက်ဘူရောက်ရင် လီလီ့ဆီ ဖုန်းဆက်နော်၊ နေ့တိုင်း ဆက် . . . သိလား"

"ဆက်မှာပေါ့၊ ကိုယ့်အသည်းလေး ကိုယ့်ဇနီးလောင်းလေး ဆီ နေ့တိုင်းဆက်မှာ၊ ဟုတ်ပြီလား"

"တကယ်နော်၊ ပြီးမှ ကပ်စေးနည်းပြီး မဆက်ရင် လီလီ့ တွေ့မယ်"

တိတ်ဆိတ်သည့်အခန်း၊ လေအေးစက်သံသဲ့သဲ့၊ ရယ်သံတိုး တိုးလေးများနှင့် မိနစ်စက္ကန့်တချို့မှာ လျင်မြန်စွာ အရည်ပျော်က သွားပါသည်။ ရနံ့စိမ်းစိမ်းတစ်ခုက လေထုထဲတွင် ယိမ်းနွဲ့ပျံ့ဝဲနေ လီလီသည် သူ့ဆံပင်များမှာ အသာအယာ ထိုးဖွဆော့ကစားနေ လည်ပင်းနားတစ်ဝိုက်ကို ကလိထိုးလိုက်သည်။ ညီညီထွန်းက တွ လိမ်ကာ ရယ်မောလူးလွန့်နေသော်လည်း ရုန်းဖယ်မထွက်မိချေ။



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်ချင်လှပြီ လီလီရယ်၊ မြန်မြန်ယူချင်တဲ့စိတ်က အခု မှ ပိုဆိုးလာတယ်၊ မထူးပါဘူးကွာ၊ အနေအထိုင်ချင်းပဲ လက်ထပ်လိုက် ကြမယ်၊ ကိုယ် စက်ဘူသွားဖို့က ဖတ်ပတ်တော့ လိုသေးတာဆို တော့ အချိန်ရသေးတယ် . . . အဟီး ဟီး"

လီလီက မျက်စောင်းလေးထိုးပြီး ညီညီထွန်း၏လက်နှစ် ဖက်ကို အသာအယာ တွန်းဖယ်ပစ်လိုက်သည်။ ညီညီထွန်းမှာ လီလီ့ မျက်နှာလေးကို တစိမ့်စိမ့်နှင့် ကြည့်မဝနိုင်အောင် ဖြစ်နေမိ၏။ သူမ က အနေရခက်စွာ . . .

"ဘယ်လိုဖြစ်နေတာလဲ၊ ညီညီနော်၊ ကဲ . . ထပြန်ကြမယ်"

"မပြန်ဘူးကွာ၊ ဒီမှာပဲ ညအိပ်မယ်၊ လီလီလည်း မပြန်နဲ့ တော့၊ အခုချိန် တရားရုံးသွားရင် မှီသေးတယ်၊ ကိုယ်တို့လက်ထပ် လိုက်ကြစို့လေ၊ လီလီရဲ့နော်"

"သြော် . . . ညီညီရယ်၊ ကလေးကျနေတာပဲ၊ လီလီကျောင်း ပြီးရင် လက်ထပ်ဖို့က အစီအစဉ်တွေ အကုန်ဆွဲထားပြီးသားပဲ ဥစ္စာ၊ ဘယ်လိုဖြစ်နေတာလဲ၊ ကဲ . . . ထပြန်မယ်၊ ညီက လိမ္မာပါတယ်ကွာ"

"ဟင့်အင်း . . . မလိမ္မာဘူး၊ တားက လိမ္မာချင်ဘူး၊ တား . . . ဒီမှာပဲ ပျော်တယ်၊ မပြန်ဘူး"

ညီညီ့အမူအရာနှင့် စကားသံကြောင့် သူမက တခိခိရယ် ကာ သဘောတွေကျနေပြန်၏။ ခဏကြာတော့ လီလီက နောက်ထပ် သလိုပြောင်သလိုနှင့် စကားတစ်ခွန်းကို အစပျိုးလိုက်ပြီး ညီညီ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ အကဲခတ်ကြည့်နေလေ၏။

"ညီ . . . ဟိုကိုသွားနေတုန်း လီလီကို ငွေနှစ်သိန်းလောက် ခဏပေးခဲ့ပါလား၊ အခု ညီ့မှာ တာမွေက ဆိုင်ခန်းရောင်းရငွေတွေ ရှိနေတာပဲ၊ နှစ်သိန်းလောက်နဲ့တော့ ဘာမှမဖြစ်ပါဘူး၊ လီလီ ဟိုနေ့က မျိုးဝင်းဆီက နောက်ပြီးယူထားတဲ့ပိုက်ဆံ ပြန်မပေးရသေးဘူး၊ အခု လီလီ့မှာ နှစ်သိန်းလောက်လိုနေတယ်"

"ဟာ . . . လီလီကလည်း အဲဒီတာမွေဆိုင်ခန်းရောင်းထားတဲ့ ပိုက်ဆံတွေက အကုန်လုံး ဒေါ်လာလဲပစ်လိုက်ပြီ၊ ပြီးတော့ လီလီက မျိုးဝင်းကို နောက်နေ့ပိုက်ဆံပြန်ပေးမယ်လို့ပြောထားတာ အခုထိပြန်မပေးရသေးဘူးလား၊ ဘယ်လိုဖြစ်ရပြန်ပြီလဲ လီလီရာ၊ ဘာလဲ . . . ဟိုကိစ္စတွေ ထပ်လုပ်နေပြန်ပြီလား"

"ဟာ . . . ဘယ်ကလာ၊ အဲဒီကိစ္စသာဆိုရင် ညီ့ကို ပြောရဲပါ့မလား၊ အခုဟာက တကယ်ပါ၊ စုစုမင်းကို ခဏလှည့်လိုက်ရလို့ မယုံရင် မေးကြည့်လို့ရတယ်၊ မျိုးဝင်းကလည်း သိတဲ့အတိုင်း တဂျိဂျိနဲ့ဆိုတော့ . . . ၊ ဒီလိုလုပ်ကွာ၊ လီလီတို့လည်း ဒီအခန်းမှာ နေသေးတာမှ မဟုတ်ပဲ၊ ဒီ LCD တီဗွီကြီးကို အောင်လွင်ဦးတို့ ဦးလေးဆီ ခဏပေါင်ထားလိုက်မယ်လေ၊ သူတို့က မြို့ထဲမှာ Electronic ပစ္စည်းတွေ၊ ဒီလိုတီဗွီတွေရောင်းတဲ့ ဆိုင်ဖွင့်ထားတာဆိုတော့ တန်ဖိုးကိုသိတယ်၊ နောက်ပြီး တစ်ခြားလူလည်း မဟုတ်တော့ ကိုယ့်ပစ္စည်းတစ်ခုခုဖြစ်မှာ မစိုးရိမ်ရဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . မလုပ်ရပါဘူး၊ ဒီအိမ်မှာရှိတဲ့ ပစ္စည်းတွေကို လုံးဝအထိမခံနိုင်ဘူးနော် လီလီ . . . ဒါပဲ၊ ကိုယ်မရှိတုန်းမှာ လီလီ ဘာမှလည်းထပ်မဝယ်နဲ့၊ အဲ . . . ဒီထဲကဟာတွေကိုလည်း မျက်စောင်းထိုးမနေနဲ့၊ ဝယ်ချင်ရင် ကိုယ်ပြန်လာမှပဲ ဝယ် . . .၊ ဒါ တစ်ချက်လွှတ်အမိန့်ပဲ"

သူမ၏ရယ်သံလေးများက အနီးဝန်းကျင်တွင် ပဲ့တင်လှိုင်းများဖြစ်လို့သွားသည်။ ဝရံတာရှိ ဘွန်ဇိုင်းပင်လေးများမှာ ရှက်ရွံ့စိမ်းစိုနေဆဲ။ ပန်းချီကားများကတော့ နံရံထက်မှာ ဣန္ဒြေရစွာ ငြိမ်သက်လျက်ရှိ၏။ ညီညီထွန်းသည် ထိုင်နေရာမှ လေးလေးပင်ပင် ထရပ်၍ လီလို့ထံ လက်တစ်ဖက်ကမ်းပေးလိုက်ပါသည်။ လီလီက သူ့လက်ကို ဆွဲယူအားပြုလျက် ပြုံးပြုံးလေးထလာသည်။ သူ့ရင်ထဲ၌ နွေးခနဲဖြစ်သွား၏။ အို . . . ချစ်ရပါသော လီလီ . . . ကြာပန်းလေး . . . ဝါးတားလီလီ။

စက်ဘ်ပူမှာ သူ့လုပ်ငန်းတွေ အဆင်ပြေချောမွေ့ဖို့ပဲ ညီညီထွန်းဆုတောင်းနေမိသည်။ "စကြာ" နှင့်တွေ့၊ လုပ်ငန်းကိစ္စများကို အသေးစိတ်ညှိနှိုင်း၊ အမြန်ဆုံးအကောင်အထည်ဖော်နိုင်မည့် လမ်းစဉ်ကိုရွေးချယ်ဆုံးဖြတ်၊ ပြီးလျှင် မြန်မာပြည်ကို ပြန်လာရုံပေါ့၊ ထိုအတွေးနှင့် ညီညီထွန်းက လီလီလက်ကို ဆွဲကိုင်ထားရင်း ပျော်ရွှင်စွာ လေချွန်လိုက်ပါသည်။

သို့သော် လေမချွန်တတ်သဖြင့် ဘာသံမှထွက်မလာဘဲ



www.burmeseclassic.com

www.burmeseclassic.com



လီလို့ရယ်သံများသာ ဆည်းလည်းသံလေးပမာ စီစီလွင်လွင် ပေါ် ထွက်လာ၏။ သူ့စိတ်ကူးတွေ ရုတ်တရက် လက်ခနဲ ဖြစ်သွားပါသည်။ ညီညီထွန်းက လီလို့ကိုကြည့်ပြီး ပြုံးနေ၏။ ထိုအခိုက် လီလီက တစ်စုံတစ်ခုကို တွေးမိသွားဟန်ဖြင့် . . .

"ဟာ . . . ဟုတ်ပြီ၊ အခုမှ သတိရတယ်၊ ဦးခင်မောင်ရင် ပန်းချီကားကို လီလီတို့ ဝယ်စရာမလိုဘဲ ရမယ့်နည်းရှိတယ် ညီညီရဲ့"

"ဘယ်သူ့ဆီကရမှာလဲ"

"စုစုမင်းဆီက . . .၊ သူ့ဆီမှာ ဦးခင်မောင်ရင်ကားတစ်ကားရှိတယ်"

"ဟုတ်လို့လား၊ စုစုမင်းက ဘယ်က ရထားတာလဲ"

"ဟုတ်တယ်၊ ဆုံးသွားတဲ့ သူတို့ဘကြီးက ပန်းချီဆရာပဲလေ၊ သူ့ဘကြီးပိုင်တဲ့ကားပေါ့၊ ဒါပေမယ့် သူတို့မိသားစုက အဲဒီလိုဟာတွေကို တန်ဖိုးမထားကြဘူး၊ သူတို့အိမ်မှာ အဲဒါကြီးကို ဟိုချောင်ထိုး၊ ဒီချောင်ထိုးနဲ့၊ အခုနောက်ဆုံး အဲဒီပန်းချီကားက စုစုမင်းအခန်းထဲမှာ . . .၊ လီလီက စုစုမင်းဆီက အဲဒီပန်းချီကားကို မင်္ဂလာလက်ဖွဲ့အနေနဲ့ တောင်းလိုက်မယ်လေ၊ ဒါဆို စုစုမင်းက သေချာပေါက်ပေးမှာပဲ၊ မပိုင်ဘူးလား၊ အင်း . . . အခုတော့ မတောင်းသေးပါဘူး၊ ညီညီသွားမှပဲ အေးအေးဆေးဆေးလုပ်တော့မယ်၊ ပြီးရင် အဲဒါကို ဒီအခန်းမှာ လာချိတ်ရမယ် . . . ဟဲဟဲ . . . ဟဲ"

ညီညီထွန်းမျက်နှာမှာ ခပ်တည်တည်လေး ဖြစ်သွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



“ကိုယ်ပြန်လာမှပဲ ချိတ်ပါလား လီလီရာ၊ ပြီးတော့ ဟိုမှာ ကိုယ်က သိပ်မကြာပါဘူး၊ တစ်လဆိုပေမယ့် ကိစ္စတွေပြီးတာနဲ့ ချက်ချင်းပြန်လာမှာ . . .၊ ပြီးတော့ လီလီတစ်ယောက်ထဲ ဒီအခန်းကို ထားမှာကိုလည်း စိတ်မချပါဘူး၊ ကိုယ်မရှိတုန်း ပေါက်ကရတွေလည်း လျှောက်မလုပ်နဲ့ဦး၊ လိုနေတဲ့ ပိုက်ဆံနှစ်သိန်းကိစ္စကိုလည်း မျိုးဝင်းကို ကိုယ်သေချာပြောထားခဲ့မယ်၊ အဲဒီကိစ္စ ခေါင်းထဲမှာမထားနဲ့၊ ကိုယ်ပြန်လာတဲ့အထိ စုစုမင်းဆီက ပြန်မရသေးရင် ကိုယ်စိုက်ထားပေးမယ်ကွာ၊ ဟုတ်ပြီလား”

လီလီက ပြောင်စပ်စပ် အမူအရာဖြင့် သူ့ကို မဲ့ပြလိုက်သော်လည်း ညီညီထွန်းက မရယ်ပါ။ သူသည် တောင့်တောင့်ကြီးရပ်၍ လီလီ့ကို ငေးနေပြန်သည်။

“ကဲပါ . . . ဟုတ်ကဲ့ပါရှင်၊ ဘဝရှင်မင်းတရားကြီး ကိုညီညီထွန်း မိန့်တော်မူတဲ့အတိုင်း သဝေမတိမ်း လိုက်နာနားထောင်ပါ့မယ်၊ အခုမှ ဘယ်လိုဖြစ်ပြီး စိတ်တွေပူတတ်နေတယ် မသိဘူး၊ စိတ်ပူချင်းပူ လီလီက ပူရမှာ၊ စကာပူမှာ ရှုပ်ရှုပ်ယှက်ယှက်ဆိုတဲ့ အသံကြားလို့ကတော့ အသေပဲနော် . . . ဟွန်း”

လီလီ့စကားကို သူက ခွန်းတုန့်မပြန်ဘဲ ငြိမ်နေမိသည်။ ညီညီထွန်း၏စိတ်အာရုံများကို အကြံအစည်တစ်ခုက ဖမ်းစားထားခဲ့ပုံရလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

စုစုမင်းသည် ဦးခင်မောင်ရင်၏ ပန်းချီကားကြီးကို ကူသယ်ပေးရင်း လီလီ့အား စကားနာလှမ်းထိုးလိုက်ပြန်သည်။

"ကြွားထားဦးပေါ့ လီလီမရယ်၊ နင်က ယောက်ျားရှင်အတူနေမယ့် ဘုံဗိမာန်ကို ကြွားချင်တာနဲ့ မိုးရွာတာအကြောင်းပြပြီး ငါ့ကို ဒီခေါ်လာတယ်၊ ငါ့မှာ ဒီပန်းချီကားကြီးကို ပေးလည်းပေးရသေးတယ်၊ သယ်လည်း ဝိုင်းကူသယ်ပေးရတယ်၊ နောက်နေ့မှ ကိုအောင်ပြည့်ကိုခေါ်ပြီး သယ်ခိုင်းလို့ ရရဲ့သားနဲ့"

"စကားတွေ သိပ်များမနေနဲ့၊ ဟုတ်တယ် . . . ငါ့မိက,က



www.burmeseclassic.com

www.burmeseclassic.com



ကြွားချင်လို့ခေါ်လာတာ ဘာဖြစ်လဲ၊ နင့်မှာ ကြွားစရာရှိလို့လား၊ ဒါက ငါတို့ရဲ့ အိပ်မက်သုခဘုံလေးကို အရမ်းပြချင်နေတာ၊ ဒါမှ နင်အားကျပြီး အပျိုကြီးဘဝက မြန်မြန်ကျွတ်ချင်စိတ်ပေါက်လာမှာ . . . ဟီဟိ"

"အမလေး . . . အားမကျပေါင်၊ နင့်ကို အားနာလို့ ဒီအထိ လိုက်လာတာတောင် လွန်လှပြီ၊ သူများအတွဲတွေနေမယ့် အခန်းကြီး ကိုလည်း လိုက်မကြည့်ချင်ပါဘူး၊ အူတွေ၊ အသည်းတွေ ယားလွန်းလို့"

"ကဲ . . . စုစုမင်းရာ၊ စကားတွေမများနဲ့၊ ငါ့ပန်းချီကား ရေတွေစိုကုန်တော့မယ်၊ ချချ အဲဒီနေရာမှာ ခဏချမယ်၊ အေး . . . ရပြီ၊ နေဦး . . . ငါသော့ဖွင့်လိုက်ဦးမယ်"

သော့ကို ဖွင့်မည်ဟန်ပြင်လိုက်သည့် လီလီ့လက်တွေ လေထဲမှာ ရပ်တန့်သွားသည်။ စုစုမင်းလည်း သော့ခလောက်ကို မြင်သွားပြီး လီလီ့ကို နားမလည်စွာဖြင့် မော့ကြည့်ပါ၏။

"ဟဲ့ . . . ဒါက ဘယ်လိုဖြစ်ရတာလဲ၊ အိမ်ကို ချိပ်ပိတ်ထားပါလား၊ ကေန္တတော့ နင့်လူ ကြောင်ပြန်ပြီထင်တယ် လီလီ"

လီလီသည် စုစုမင်းကို ဘာမှပြန်မပြောဘဲ စူပုပ်နေသော မျက်နှာထားနှင့် ခေါင်းကိုသာ တဆတ်ဆတ်ညိတ်နေ၏။ ပြီးတော့ သူမက ဆုံးဖြတ်ချက်တစ်ခုချကာ ပန်းချီကားကို ပြန်သယ်လာတော့ သည်။ နောက် . . . တက္ကစီတစ်စီးကိုတား၍ ဈေးပင်မဆစ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ကားပေါ်သို့ ဝင်ထိုင်ပြီး တံခါးကို ဆောင့်ပိတ်လိုက်၏။ ဒရိုင်ဘာက ရယ်ဖြဲဖြဲဖြင့် လီလီ့ကို လှည့်ကြည့်ရင်း . . .

"ဖြည်းဖြည်းလုပ်ပါ အစ်မရယ်၊ တော်ကြာ တံခါးပြုတ်သွားလို့ အုံနာနဲ့ ကွိုင်နေပါဦးမယ်"

စုစုမင်းသည် သူမဘေးတွင် အူကြောင်ကြောင်နှင့် လိုက်ပါလာ၏။ လီလီက စုစုမင်းကို စကားတစ်ခွန်းမှ မပြောဘဲ မျက်နှာထားတင်းတင်းဖြစ်နေဆဲ။ ညီညီ . . . ညီညီ . . . ရှင်နဲ့ကျွန်မ တွေ့မယ်။ ရင်ခုန်သံနှင့်အမျှ သွေးခုန်နှုန်းကလည်း တဒုန်းဒုန်း ဆောင့်တက်လာသည်။ သူမမှာ အံကို တင်းတင်းကြိတ်ထားမိ၏။ တွေးလေ . . . ဒေါသထွက်လေ့။ ညီညီလုပ်တာတွေကို မတွေးဘဲလည်း မနေနိုင်ပြန် . . .။

သက်ပြင်းတွေ အခါခါချလျက် မျက်နှာထားတင်းမာလှသော သူမကို ဒရိုင်ဘာက ခိုးကြည့်ကာ အကဲခတ်နေ၏။ လီလီသည် ဘာကိုမှ ဂရုမစိုက်ဘဲ သူမအာရုံများက ညီညီ့ဆီမှာ။ တိုက်ခန်းတံခါးပေါက်ဝမှာ။ ချိပ်ပိတ်ထားသော သော့ခလောက်ကြီးမှာ။

ဒါ ဘာအဓိပ္ပါယ်လဲဆိုတာ သူမ အရမ်းသိချင်ပါသည်။ စိတ်ကလည်း အရမ်းတိုနေပြီ။ ညီညီက ဘာသဘောလဲ။ ဘာတွေလုပ်နေတာလဲ။ သူမ လုံးဝနားမလည်နိုင်တော့ . . .။

ညီညီထွန်း စင်္ကာပူသွားတာ ဒီနေ့နှင့်ဆို သုံးရက်တိတိရှိပြီ။ သွားခါနီးတုန်းက ဖုန်းဆက်ပါမည်ဟု တတွတ်တွတ်ပြောခဲ့သူက



www.burmeseclassic.com

www.burmeseclassic.com



အခုထိ ဖုန်းမခေါ်သေး . . .။ ကတိကို မလေးစားဘဲ မိမိကိုပင် အတိတရ ဖုန်းမဆက်သည့်အတွက် စိတ်တိုမိပေမယ့် မနေ့ကအထိ လီလီ ခွင့်လွှတ်ပေးနိုင်သည်။ ဒါ သူ့အကျင့်၊ သူ့ဗီဇ။ ဖုန်းခကပ်စေးနဲ ပြီး မဆက်တာပဲ ဖြစ်မည်။ သို့သော် ယခုမူ ခွင့်မလွှတ်နိုင်တော့။

ပန်းချီကားကြီးကို မနိုင်မနင်းသယ်လာရသော သူမမှာ သော့ ခွင့်မည်လုပ်မှ မျက်စိတွေ၊ အာရုံတွေ ချာချာလည် သွားရသည့် အဖြစ်။ ချိပ်ပိတ်ထားသော သကော်တနှင့် သော့ခလောက်။ ဒါ ဘာ သဘောလဲ။ ညီညီ . . . ရှင် ဒါဘာလုပ်ခဲ့တာလဲ။

သူမတို့နှစ်ယောက် နောက်ဆုံးအတူတူရောက်ခဲ့သည့်နေ့က ညီညီ့စကားနှင့် အမူအရာများကို ပြန်လည်တွေးတောမိတော့ လီလီ့စိတ်တွေ ပို၍မရိုးမရွ ဖြစ်လာသည်။

စုစုမင်းသည်လည်း သူမလိုပဲ အတွေးတွေ ပလုံစီလျက် ငြိမ်သက်နေ၏။ လီလီဒေါပွနေသည်မို့ ဘာမှတော့ဝင်မပြော။ ညီညီ ထွန်းက ဘာအဓိပ္ပါယ်နှင့် ဒါမျိုးလုပ်သွားသလဲဆိုတာ သူမလည်း သိချင်လှပါသည်။

ထိုအဖြေကို ညီညီထွန်းမှလွဲ၍ အခြားမည်သူမှဖြေနိုင်မည် မထင်ပါ။ သူ့အမေ အန်တီဒေါ်မို့မို့ဝင်း . . .။ အောင်ပြည့် . . .။ မဖြစ်နိုင်။

သို့သော် ဘယ်လိုအခြေအနေမျိုးမှာ အိမ်ကို ချိပ်ပိတ်ထား လို့ရသည်ဆိုတာကိုတော့ တစ်ယောက်ယောက် ဖြေနိုင်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



လီလီက အံကိုကြိတ်၍ မဲ့ပြုံးပြုံးလိုက်ပါ၏။ တက္ကစီသည် သမ္မာ Internet Cafe ဆိုင်ရှေ့မှာ တုန့်ခနဲ ရပ်တန့်သွားလေသည်။

* * * *

လီလီ့မေးခွန်းများအဆုံး အောင်ပြည့်က အိုးတိုးအမ်းတမ်း အမူအရာဖြင့် ခေါင်းကုတ်လိုက်၊ လည်ပင်းပွတ်လိုက် လုပ်နေမိသည်။ သူမမျက်နှာကို မကြည့်ဘဲ အလုပ်ရှုပ်ချင်ယောင်ဆောင်နေသော အစ်ကိုဖြစ်သူအား အကဲခတ်လျက် လီလီ့စိတ်ထဲမှာ သံသယက ပိုမိုကြီးထွားလာရသည်။ သေချာပြီ . . . ကိုကို အားလုံးကို သိထားတာ သေချာနေပါပြီ။

"ကဲ . . . ကိုကိုရာ၊ လိမ်လည်း မလိမ်တတ်ဘဲနဲ့ လာလိမ်မနေနဲ့၊ သူများတကာကို ဖိန့်တာ၊ ရှိုးတာ၊ လှည့်ပတ်ပြောတာ . . . ဒါတွေအားလုံး လီလီတို့က ဖြစ်လာတာ၊ သဘောပေါက်လား၊ ကိုကို့ အမူအရာတွေကို ကြည့်လိုက်ရုံနဲ့ လိမ်ဖို့ကြိုးစားနေတယ်ဆိုတာ သိသာပါတယ်၊ အခု . . . လီလီ့ကို အမှန်အတိုင်းပြောပါ"

"အေးပါ . . . ငါလည်း မလိမ်ချင်ပါဘူး၊ အဲ . . . ဟာ နင်ကလည်း . . ."

အောင်ပြည့်မျက်နှာမှာ ရှုံ့မဲ့သွားသည်။ ရုတ်တရက် ဝန်ခံလိုက်သလို ဖြစ်သွားသည့်အတွက် စုစုမင်းက ခွိကနဲ ထတ်ချက်ရယ်မိ



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ မျက်နှာကို အသာပြန်တည်လိုက်၏။ အောင်ပြည့်ခများတော့ ခေါင်းကို လက်နှစ်ဖက်ဖြင့် အားရပါးရကုတ်ကာ စိတ်ပါတ်ကျဆင်း သွားပုံရပါသည်။ လီလီက အောင်ပြည့်ပုံစံကိုကြည့်လျက် ခပ်တိုးတိုး ရယ်လိုက်၏။ အောင်ပြည့်က စိတ်ပျက်လက်ပျက်လေသံဖြင့် မပွင့် တပွင့်ပြောပြီး လီလီ့ကို ပြုံးကြည့်နေသည်။

"ငါ . . . ငါက နင်တို့ကို ဘာမဟုတ်တာလေးနဲ့ ပြဿနာ ဆက်ကုန်ကြမှာစိုးလို့ပါ။ ဟုတ်တယ် . . . နင်ထင်တဲ့အတိုင်းပဲ လီလီ၊ သူ့ အဲဒီတိုက်ခန်းကို ဘဏ်မှာပေါင်သွားခဲ့တာ"

စုစုမင်းသည် အောင်ပြည့်ကိုတစ်လှည့်၊ လီလီ့ကိုတစ်လှည့် ကြည့်၍ အံ့သြပြီး စိတ်ရှုပ်ထွေးနေဟန်တူသည်။ သိချင်တာကို ဘယ် ကဘယ်လို စမေးရမှန်းတောင် မသိတော့ပေ။ ကာယကံရှင် လီလီ ကမူ ရေ့မှစားပွဲကို လက်ဖြင့် ကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး အား ယူလျက်ရှိသည်။ ဘုရား၊ ဘုရား . . . ။ ကြားလိုက်ရသည့် စကားတို့ ကြောင့် မူးနောက်ပြာဝေသွားသည်ကို ထိန်းသိမ်းရင်း အောင်ပြည့် ကို ဆက်မေးရန် လီလီက ကြိုးစားလိုက်ပါ၏။ လီလီထင်ခဲ့တာ အဲ သလိုမဟုတ်ချေ။ သူနိုင်ငံခြားသွားနေတုန်း လီလီက ပစ္စည်းတွေ၊ ပန်းချီကားတွေကို အရမ်းစွတ်ဝယ်ပြီး လာထားမှာစိုး၍ ကပ်စေးနှဲ သော စိတ်အခံနှင့် ညီညီက ကလေးဆန်ဆန် ညစ်ပတ်သွားတာဟု သာ သူမထင်မှတ်ထားခဲ့ပါ၏။ လီလီသည် အောင်ပြည့်ကို မယုံကြည် နိုင်စွာ ကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား ကိုကိုရယ်၊ တကယ် ပေါင်ခဲ့တာ ဟုတ်ရဲ့လား"

"ဟုတ်လို့ ချိပ်ပိတ်ထားတာပေါ့ဟ၊ နင်တို့ကြားမှာ ငါတော့ အာရုံနောက်တယ်၊ ငါ့မှာ တစ်ဖက်က သူငယ်ချင်း၊ တစ်ဖက်ကလည်း ညီမ . . . ဖွီး"

အောင်ပြည့်၏ တညည်းညည်း တညူညူအသံကို လီလီက ကြားဖြတ်ပြီး အတင်းဝင်မေးလိုက်ပြန်သည်။

"သူ့မှာ အဲဒီလောက် ငွေလိုလို့လားဟင် . . .၊ ကိုကိုသိ ထားတာရှိသေးရင် လီလီ့ကို ပြောပြပါ၊ တကယ်ငွေလိုလို့ ပေါင်မယ် ဆိုလည်း လီလီ့ကို ပြောပါလား၊ လီလီက ဘာပြောမှာမို့လို့လဲ၊ သူ ပြောတာက တာမွေကဆိုင်ကို လိုချင်တဲ့လူနဲ့ တည့်တည့်တိုးပြီး ကြိုက်ဈေးရလို့ ရောင်းထုတ်ပစ်လိုက်တယ်တဲ့၊ အဲဒီပိုက်ဆံကလည်း နည်းမှမနည်းတာပဲ ကိုကိုရယ်၊ သူ့မှာ နိုင်ငံခြားသွားဖို့ ငွေလိုနိုင်ပေ မယ့်၊ ဒီတိုက်ခန်းကိုပါ ထပ်ပေါင်သွားရလောက်အောင်ကျတော့ အစိပ္ပါယ်မရှိတော့ဘူးလေ၊ သူက အဲဒီမှာ ဘာတွေလုပ်မှာမို့လို့လဲ"

"ဘာတွေလုပ်မလို့လဲ ဆိုတာတော့ ငါမသိဘူး၊ ငါအမှန် အတိုင်းပြောတာ . . . နင်ယုံချင်ယုံ၊ မယုံချင်နေ၊ အခု စင်္ကာပူသွား တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ငါ့ကို ဟိုတုန်းကတည်းက တစွန်းတစပြောပြ ထားခဲ့ပေမယ့် ငါဘာမှရေရေရာရာ တိတိကျကျ မသိဘူး၊ အခုသွား တော့လည်း ငါ့ကို ဘာမှမပြောသွားဘူး၊ ငါကလည်း သူမသိစေချင် လို့ပဲလေဆိုပြီး မမေးတော့ဘူးပေါ့၊ အဲ . . . ဒါပေမယ့် ငါသိတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ရှိတယ်၊ နင်စိတ်ဆိုးမှာစိုးပေမယ့် မထူးပါဘူးဟာ၊ အခု လည်း နင်က စိတ်ဆိုးနေတာပဲ၊ ဒီလိုဟာ . . . ငါပြောပြမယ်၊ အဲဒီ ကောင်အကြောင်းလည်း နင်သိထားပြီးသားပဲ၊ တကယ်ဆို ဒီကိစ္စက ရယ်ဖို့တောင်ကောင်းတယ်၊ အဲဒီကွန်ဒိုတိုက်ခန်းကို သူပေါင်ခဲ့တာ ငွေလိုလို့ လုံးဝမဟုတ်ဘူး၊ အဲဒါသေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတိုက်ခန်းကို ဒီကောင်က ဘဏ်မှာ တစ်သိန်းထဲနဲ့ ပေါင်သွား တာ"

"အို . . . . . . . . "

". . . . . . . . . . ?"

"+ - × + . . . . . .

. . . . . . . . . . . . "

. . . . . . . . . . . . . .

. . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . ။ ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၂၁)

"Yes" အဖွဲ့ဝင်သုံးယောက်သည် Internet ဆိုင်တစ်ဆိုင်ရှိ ကွန်ပျူတာမော်နီတာတစ်လုံးရှေ့တွင် စုပြုံခေါင်းချင်းဆိုင်၍ တွတ်ထိုးနေကြသည်။ သို့သော် ထိုဆိုင်သည် သူမတို့ထိုင်နေကျ သမ္မတ Internet Cafe တော့ မဟုတ်ချေ။

ဇင်မာသန်းဝင်းမှာ ကြိတ်ရယ်နေသော်လည်း တခွိခွိနှင့် အသံမြည်နေသဖြင့် နီနီအောင်က လက်တို့သတိပေးလိုက်ရ၏။ ဘေးမှာက အခြားသော Internet သုံးသူတွေနှင့်မို့ အားနာစရာကောင်းသည်။ ဒါပေမယ့် တကယ်တမ်းမှာ ဇင်မာသန်းဝင်းတင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ နီနီအောင်ပါ လိုက်ရယ်နေမိခဲ့ပါသည်။ ဘာကြောင့်မှန်းမသိ။ သူမက ဇင်မာသန်းဝင်းရယ်လျှင် အလိုလို လိုက်ရယ်မိသူ။ အေမီဂွန် ရယ်လျှင်လည်း ရောရယ်နေတတ်သူ။ သူမက သူငယ်ချင်းတွေ၏ ခံစားမှုအတိုင်း အမြဲတမ်း လိုက်လံနေထိုင်ပေးတတ်ခဲ့သည် မဟုတ်လား။ နီနီအောင်သည် ပြုံးစိစိမျက်နှာဖြင့် အေမီဂွန်ထံ လှမ်းကြည့်လိုက်မိသည်။ သူမတို့၏ အောင်မြင်မှုအတွက် အေမီဂွန်လည်း ပျော်မှာပဲဟု သူမယုံကြည်ထား၏။

"ဟဲ့ . . . အေမီဂွန်၊ နင်က ဘာတွေစဉ်းစားနေတာလဲ၊ ငါတို့အောင်မြင်မှုကို နင်ဂုဏ်မပြုချင်ဘူးလား၊ ဟို . . . ညီညီထွန်းက စက်ဘုပူရောက်သွားပြီတဲ့၊ ဘာပဲပြောပြော သူပြန်ရောက်လာရင် လီလီနဲ့ ကွိုင်မှာ သေချာတယ်"

နီနီအောင့်အပြောကို အေမီဂွန်က ထောက်ခံလိုက်ပါသည်။

"အင်းလေ၊ ညီညီထွန်းလို စီးပွားရေးလုပ်နေတဲ့ လူတစ်ယောက်က ဒီလောက်ယုံလွယ်လိမ့်မယ်လို့ ငါထင်မထားတာတော့ အမှန်ပဲ၊ အကြောင်းစုံသိရင် လီလီတစ်ယောက် စွေ့စွေ့ခုန်နေမှာကို ငါမြင်ယောင်သေးတယ်၊ ဒါပေမယ့် ဘာမှမဆိုင်တဲ့ ညီညီထွန်းကတော့ သနားစရာကောင်းပါတယ်"

ထိုအခါ ဇင်မာသန်းဝင်းက . . .

"မိန်းမမာယာဆိုတာ အဲဒါပဲလေ၊ ဘယ်လောက်ကြီး စိတ်ခါတ်ခိုင်မာတဲ့ ယောက်ျားပဲဖြစ်ဖြစ်၊ သူတို့စိတ်ထဲမှာ မိန်းမလေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် အလိုလိုသနား၊ အလိုလိုလျှော့တွက်တတ်တဲ့ ဗီဇပါပြီးသား တကယ်တော့ ငါလည်း ညီညီထွန်းကို ငါ့အပေါ် ယုံကြည်ပြီး စက်ဘူ အထိ ထွက်သွားလိမ့်မည်လို့ ထင်မထားမိဘူး၊ ဒါပေမယ့် သူ့ကို ညဲ့တာပါ၊ Online ပေါ်မှာ တွေ့ပြီးသိတဲ့ လူတစ်ယောက်ကို ဒီလောက်အထိ ယုံကြည်စရာလား၊ သနားစရာတော့ မရှိပါဘူး၊ ပြီး တော့ . . . အေမီနော်၊ နင်နဲ့ငါ အချင်းချင်းတွေ ထပ်ရန်မဖြစ်ချင် ဘူး၊ နင်သိထားဖို့က ညီညီထွန်းရော လီလီပါ ငါတို့ရဲ့ရန်သူပဲ၊ ဘာမှ သနားနေစရာ အကြောင်းမရှိဘူး၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို အောင် မြင်အောင် လုပ်လိုက်နိုင်လို့ ငါတော့ပျော်တယ်၊ အဲဒီတော့ အောင်ပွဲ အထိမ်းအမှတ်အဖြစ် နင်တို့ကို ငါလိုက်ပြုစုမယ်၊ နင်တို့ စားချင်တာ စား၊ ဟုတ်ပြီလား၊ လာ . . . ထ သွားကြမယ်"

ဇင်မာသန်းဝင်းသည် ပြောပြောဆိုဆိုနှင့် ရှေ့ဆုံးမှ ဦးဆောင် ၍ ထထွက်သွား၏။ အေမီ၌ကျန်ကမူ ကွန်ခြေရရနှင့် ရှိသည်။ သို့သော် ကမန်းကတန်း ထလိုက်မိသော နီနီအောင်၏ ထွားထွားကြိုင်းကြိုင်း ခန္ဓာကိုယ်ကြီးက ထိုင်နေသူတစ်ယောက်ကို မတော်တဆ ဝင်တိုက် လိုက်မိပြီး ဆောရီးဟု တောင်းပန်ခဲ့ရသေး၏။ အမှန်တော့ နီနီအောင် ဗိုက်ဆာနေတာ အတော်ကြာနေပြီ ဖြစ်သည်။

သူမ၏ဝင်တိုက်သွားခြင်းကို ခံလိုက်ရသူမှာ တခြားလူ မဟုတ် . . .။ စုစုမင်းပင် ဖြစ်လေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com



မီးထွန်းထားသည့် ဧည့်ခန်းကြီးမှာ လီလီမျက်လုံးထဲတွင် မှိန်ပျပျလေးသာ ဖြစ်နေရှာပါသည်။ သူမစိတ်တွေက မှောင်ရီအုံ့မှိုင်း လျက်ရှိ၏။ အပြင်မှာတော့ ညသည် ပိုမိုနက်ရှိုင်းနေသည်။ ကိုးနာရီ ထိုးပြီဟု တိုင်ကပ်နာရီကြီးဆီမှ အချက်ပေးသံပေါ်ထွက်လာ၏။ အပေါ်ထပ်ရှိ ဦးသက်ထွန်း၏ ချောင်းသံသဲ့သဲ့ကို သူမတို့ ကြားနေရ သည်။ စုစုမင်းသည် လီလီ့ကို မသက်မသာနှင့်ကြည့်၍ သက်ပြင်း မောများကို အကြိမ်ကြိမ်ချနေမိတော့သည်။

"လီလီ . . . ငါပြောလိုက်လို့ နင်စိတ်မကောင်းဖြစ်ပြီး ဒေါ်သ ထွက်မှာကိုသိပေမယ့် ငါက ပြောသင့်တယ်လို့ လာပြောတာပါဟာ၊ အဲဒါ ငါကြားခဲ့တဲ့အတိုင်း နင့်ကို မချွင်းမချန် အကုန်ပြန်ပြောပြတာ ပဲ၊ နင်နဲ့ ကိုညီတို့ကြားက ဆက်ဆံရေးပျက်စီးအောင် ရည်ရွယ်ပြီး လုပ်ခဲ့တာ မဟုတ်ရိုးအမှန်ပါ၊ ဒါကိုတော့ ငါကျိန်ပြောရဲ . . ."

"ဟာ . . . စုစုမင်းရာ၊ အခုဟာက ငါ့အပေါ်မှာထားတဲ့ နင့်ရဲ့သူငယ်ချင်းကောင်းစိတ်ဓါတ်ကို ပြလိုက်တာပဲ၊ အဲဒီအတွက် လည်း ငါနင့်ကို ကျေးဇူးတင်ပါတယ်၊ အေး . . . ပြီးတော့ ငါဒေါသ ထွက်မိတာလည်း အမှန်ပဲ၊ ဒါပေမယ့် ငါဒေါသထွက်အောင်လုပ်တဲ့ တရားခံက နင်မှမဟုတ်တာ၊ ဒီပြဿနာကို နင်လည်း အစအဆုံး သိပြီးသားပဲဟာ"

လီလီသည် အံတင်းတင်းကြိတ်ပြီး နှုတ်ခမ်းကို ပြတ်ထွက် လုမတတ် ကိုက်ထားမိပါသည်။ သူမအာရုံများမှာ ညီညီထွန်းမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



က ဘဝလည်လည်ဖြစ်နေ၏။ လီလီ့အာရုံထဲက ရုပ်ပုံများမှာ သူပြုံးနေပါသည်။ သူ့အပြုံးကြောင့် လီလီ အန်ချင်လာမိ၏။

"နေပါဦး၊ အဲဒီကောင်မတွေက အရမ်းကိုပျော်ပြီး အောင်ပွဲခံနေကြတာပေါ့၊ ဟုတ်လား . . . စုစုမင်း၊ ငါ့ကို သေချာပြောပြစမ်းပါ၊ မိန်းမမာယာတွဲလား၊ သနားစရာမလိုဘူးတဲ့လား၊ တွေ့ကြသေးတာပေါ့ဟာ . . ."

စုစုမင်းသည် သူငယ်ချင်းဖြစ်သူအား ကြည့်ရင်း ခေါင်းကို လေးတွဲ့စွာ ခါရမ်းလိုက်မိပါသည်။ ကာယကံရှင် လီလီမပြောနှင့်၊ သူမပင် ထိုသုံးယောက်၏စကားတွေကို ကြားကြားချင်း အံ့သြပြီး ညီညီထွန်းကို ဒေါသထွက်မိသေး၏။ တိုက်ဆိုင်လွန်းသည့် ကံကြမ္မာကို ကျေးဇူးပဲတင်ရမလား။ ဒါမှမဟုတ် . . . အပြစ်တင်ရမလား။ လီလီ့ဆီကို ညနေခြောက်နာရီဝန်းကျင်လောက်ထဲက သူမရောက်နေတာ အခုဆို ကိုးနာရီခွဲကျော်၍ ဆယ်နာရီပင် ထိုးတော့မည်။

"စုစုမင်း . . . နင်မပြန်နဲ့တော့ဟာ၊ ဒီည ငါ့အိမ်မှာ အိပ်မယ်လို့ နင့်အမေဆီ ဖုန်းဆက်လိုက်"

ထိုလီလီ့စကားကြောင့် ဒီညတစ်ညလုံး သူမတို့တွက်ထိုးရင်း မိုးလင်းတော့မှာကို စုစုမင်းက အတပ်သိလိုက်ပါသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၂၂)

Mr Guitar သည် အရင်ထက်ပို၍ ကျယ်ဝန်းနေသလို ထင်ရသည်။ တကယ်တော့ အရာရာသည် ပြီးခဲ့သည့် ဆယ်ရက်ခန့် (သူစက်ဘုပူမသွားခင်) က အတိုင်းသာ ဖြစ်ပါ၏။ ကြားရက်မို့ ဆိုင်ထဲမှာ လူအနည်းငယ်ပါးနေပြီး စားပွဲလွတ်တွေ များလှသည်။ ရက်ဂေးအဆိုတော်ဘော့မာလေ (Bob Marley) ၏ တေးသီချင်း သံများ ဆိုင်ထဲမှာ ပျံ့လွင့်လျက်ရှိသည်။ နိုင်ငံခြားသား စုံတွဲတစ်တွဲ က သူတို့နှင့် တစ်ဝိုင်းကျော်မှာထိုင်လျက် စကားတွေ ပြောဆိုရယ် မောနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



Mr Guitar ရှိ အရာအားလုံးမှာ ဟိုအရင်ကအတိုင်းပင် ရှိနေဆဲ။ သူနှင့် လီလီကလည်း ဟိုစဉ်ကလိုပါပဲ။ ကော်ဖီနှစ်ခွက်၊ အေးချမ်းနှစ်သက်ဖွယ် အပြင်အဆင်၊ သေသပ်စွာ ဝတ်ဆင်ထားသော စားပွဲထိုးများ၊ ဥရောပဆန်ဆန် ယဉ်ကျေးမှုများ ရောပြွန်းနေသည့် ဘားကောင်တာကြီး . . . အားလုံးမှာ အရင်လိုပဲ ဖြစ်သည်။ သို့သော် တစ်စုံတစ်ရာကတော့ အကြီးအကျယ် ပြောင်းလဲနေခဲ့ပြီ။ ထိုအပြောင်းအလဲသည် သူ့စိတ်ထဲမှာ၊ သူ့ရှေ့တွင် ထိုင်နေသည့် လီလီ့ဆီမှာ၊ ဒီထက်ရှင်းအောင်ပြောရလျှင် သူတို့နှစ်ယောက်၏ သီးသန့်စားပွဲဝိုင်းတစ်ခုတည်းမှာ ရှိနေပါသည်။ လီလီ့မျက်နှာမှာ ဘာအရောင်အဆင်းမှမရှိ။ ပကတိငြိမ်သက်နေ၏။

"ကိုယ် တကယ်ပဲ အနူးအညွတ်တောင်းပန်ပါတယ် လီလီရယ်၊ ကိုယ်မှားတယ်လို့လည်း ဝန်ခံပြီးပါပြီ၊ ဒါပေမယ့် လီလီစွပ်စွဲသလိုတော့ လုံးဝမဟုတ်ရပါဘူးကွာ၊ မိန်းကလေးတစ်ယောက်နဲ့ ဓာတ်ရှုပ်ဖို့အတွက်လောက်နဲ့တော့ စကော်ပူအထိ သွားနေမလား၊ ကိုယ်သာ ရှုပ်ချင်ရင် ဒီမှာလည်း . . ."

"တော်ပါတော့ ကိုညီညီထွန်းရယ်၊ ဟုတ်ပါတယ် . . . ရှင် ဘယ်နေရာမှာမဆို ရှုပ်ရှုပ်ပွေပွေလုပ်လို့ ရတယ်ဆိုတာ၊ ရှင့်မှာ အစွမ်းရှိတယ်ဆိုတာတွေကို ဂုဏ်ယူဝံ့ကြွားပြီး ပြောမနေပါနဲ့တော့၊ ရှင့်ဘာသာ ရှုပ်ချင်သလောက်ရှုပ်လို့ရတယ်၊ ဒါပေမယ့် အခုကျွန်မကို ပြန်ခွင့်ပြုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



ညီညီထွန်းသည် လီလီ့အမူအရာ၊ မျက်နှာပေးနှင့် လေသံတို့ကြောင့် ရင်ထဲမှာ နင့်ကနဲ ဖြစ်သွားသည်။ ရှင် . . . တဲ့လား။ ကျွန်မ . . . တဲ့လား။ လီလီရယ် . . . အရင်တုန်းက စိတ်ကောက်ရင်ပြောသလို "ခင်ဗျားတွေ၊ ကျွန်တော်တွေ . . ." တောင် မသုံးနှုန်းတော့တာ သူသတိထားမိသည်။ ထိုင်ရာမှ ထရန် ဟန်ပြင်နေသော လီလီ့လက်ကို သူက ဖမ်းဆွဲထားရင်း . . .

"နေပါဦး လီလီရာ၊ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်အတွက် အချိန်နည်းနည်းလောက် ထပ်ပေးပါဦးကွာ၊ ပြီးရင် . . . လီလီကြိုက်သလို ဆုံးဖြတ်နိုင်တယ်၊ အခုတော့ ကိုယ်တောင်းပန်တယ်၊ ခဏလေးပါ"

ညီညီထွန်းအသံက မသိမသာလေး တိမ်ဝင်သွားသည်။ သူမကို စိုးရိမ်တကြီးကြည့်နေသော ညီညီထွန်း၏ သောကမျက်ဝန်းများကို လီလီက သရော်တော်တော်လေး ပြုံးလိုက်မိ၏။ ခဏကြာတော့ ကြည်လင်နေသည့် သူမမျက်နှာလေးမှာ မသိမသာ တင်းမာလာပြန်သည်။

"တောင်းပန်တယ်ဆိုတာ ကောင်းပါတယ်၊ ဒါပေမယ့် ဖြစ်နိုင်ရင် မတောင်းပန်တာက ပိုကောင်းလိမ့်မယ်၊ ဘာမှမမှားရင် ဘာမှ တောင်းပန်စရာ မလိုဘူးပေါ့၊ ကျွန်မကလေ ရှင်ဘဏ်မှာ အခန်းပေါင်သွားတာ သိသိချင်းတော့ အရမ်းစိတ်ဆိုးတယ်၊ ဒါပေမယ့် ဒီလောက်ကြီး မဟုတ်ဘူး၊ အခု အဲဒီမိန်းမတွေနဲ့ပတ်သက်ပြီး ရှင် တစ်ယောက်တည်း ကြိတ်ကြံ၊ အဆက်အသွယ်တွေလုပ်၊ ဟိုဒီ ပြော



www.burmeseclassic.com

www.burmeseclassic.com



သမျှကိုယ့်၊ ဘယ်သူ့ကိုမှလည်း မတိုင်ပင်ဘဲ လျှို့ဝှက်ထားတဲ့ ရှင့် အရှုပ်ထုပ်ကြီးကို သိလိုက်ရတော့ အရမ်းနာကျင်သွားတယ်၊ ကျွန်မ ဘဝမှာ ဒီလိုအသည်းနာတာမျိုး ဒီတစ်ခါပဲ ရှိဖူးတယ်၊ သိလား"

လီလီသည် ပြောရင်းနှင့် စကားသံတွေ ပိုကျယ်လာပြီး ကဲ့ အက်တုန်ယင်လာသည်။ ထိုအခါ သူက သူမလက်ကိုဆွဲ၍ အတင်း ပြန်ထိုင်ခိုင်း၏။ ပတ်ဝန်းကျင်ကို သတိရသွားသော လီလီက ခုံမှာ ပြန်ထိုင်သည်။ နောက် . . . သူမသည် ခေါင်းကိုငုံ့ပြီး တစ်ရှုံးစဖြင့် မျက်နှာကို မသိမသာ သုတ်နေပြန်သည်။ ပြီးတော့ ညီညီထွန်းကိုင် ထားသည့် သူမ၏လက်ကို ဆောင့်ရုန်းထွက်လိုက်ရင်း . . .

"ကဲ . . . ပြော၊ ရှင် ဘာပြောမလို့လဲ၊ ပြောစရာရှိတာ အကုန်ပြော၊ ရှင်ပြောတာတွေကို နားထောင်ပေးပြီးရင် ကျွန်မပြန် မယ်၊ ရတယ် ရှင်ပြောချင်ရာသာ ပြော၊ ဒီလောက်တော့ ကျွန်မလိုက် လျောနိုင်ပါတယ်၊ ရှင့်ဘက်က ရှင်ပြောစရာရှိတာ ပြောပြီးရင် ကျွန်မ ကို လုံးဝထပ်မနှောက်ယှက်နဲ့တော့"

လီလီရယ် . . . ဟု ခပ်ဖွဖွလေးညည်းလျက် ညီညီထွန်း ခေါင်းငိုက်စိုက်ကျသွားသည်။ သူ့ဦးခေါင်းထဲမှာ လေပြင်းတိုက်သလို အသံတွေ တစီစီမြည်ဟိန်းနေသည်။ ဒီအခြေအနေကို ဘယ်လိုဖြေ ရှင်းရမှန်းပင် မသိတော့။ ပြီးခဲ့သော စက်ာပူခရီးစဉ်၌ သူစိစဉ်ထား သမျှ အားလုံးလွဲချော်၍ ထင်နေတာတွေ အကုန်မှားယွင်းကြောင်း သဘောပေါက်သွားခဲ့၏။ လိပ်စာအတု၊ အဆက်အသွယ်အတု၊ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ . . . မြန်မာပြည်ထက် အများကြီးမြင့်မားသော လူနေမှုစရိတ်။ သူ့မှာ ကပ်စေးနဲဖို့ပင် အချိန်မရလိုက်ဘဲ ပါသမျှငွေတွေနှင့် မထူးခြားတဲ့ခင်းကား သိလိုသမျှကို စူးစမ်းလေ့လာကြည့်မိသည်။ ငွေအတော်များများကုန်ပြီး နောက်ဆုံးတွင် သူ့အဖြေမှန်ကို စုံစမ်းနိုင်ခဲ့၏။ သူ့ကို "စကြာ" account ပိုင်ရှင်ကောင်မလေးသည် ကောင်းကောင်းအရှုံးလုပ်၍ လှည့်စားသွားခြင်းဖြစ်သည်။ ဘာရည်ရွယ်ချက်ရှိမှန်းမသိသော်လည်း လောလောဆယ်မှာတော့ သူခံလိုက်ရသည်။

"ရှင် . . . ဘာမှပြောစရာမရှိဘူးဆိုရင် ကျွန်မပြန်တော့မယ် ကိုညီညီထွန်း"

လီလီအသံကြောင့် သူဆတ်ကနဲ ခေါင်းထောင်ထလာပြီး ကပျာကရာ ပြောလိုက်မိ၏။

"နေ . . . နေပါဦး လီလီ၊ ကိုယ် . . . ကိုယ်လေ . . ."

သူ ဆွံ့အသွားပြန်သည်။ လီလီက သူ့ကိုမကြည့်။ ဖွင့်ထားသည့် သီချင်းသံတွေက သူ့နားထဲမှာ ရေလိုဆူပွက်နေ၏။ ညီညီထွန်းက ချောင်းတစ်ချက်ဟန့်လိုက်ပါသည်။ လီလီ . . . ဝါးတားလီလီ . . . ကြာပွင့်လေးကို သူဆုံးရှုံးရပါတော့မည်။

"ကိုယ့်မှာ ပြောစရာက ခုနပြောတဲ့ တောင်းပန်စကားတွေပဲရှိတာပါ၊ လီလီက ကိုယ်တောင်းပန်တာကို လက်မခံဘူးဆိုတာကိုလည်း သိပါပြီ၊ ဒါပေမယ့် ကိုယ်တောင်းပန်ပါတယ်၊ ဟုတ်ပါတယ် . . . ကိုယ့်ကိုယ်ကို အထင်ကြီးပြီး ဒီကိစ္စမှာ ဘယ်သူနဲ့မှ မတိုင်ပင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



မိဘူး၊ Internet ထဲမှာတွေ့တဲ့ အဆက်အသွယ်ဆိုတာကို အကြောင်း မသိဘဲ မျက်စေ့မှိတ်ယုံခဲ့တယ်၊ ဒါကို ဝန်ခံပါတယ်၊ ဒါပေမယ့် လီလီ ထင်သလို ကိုယ်က အဲဒီကောင်မလေးအပေါ် မရိုးမသားစိတ်နဲ့ ဆက်ဆံခဲ့တာမျိုးတော့ လုံးဝမရှိပါဘူး၊ သူနဲ့တိုင်ပင်ပြောဆိုခဲ့တာ မှန်သမျှဟာ စီးပွားရေးနဲ့ပတ်သက်တဲ့ ကိစ္စတွေချည်းပဲ၊ နောက်ပြီး အခန်းကို ပေါင်ခဲ့တယ်ဆိုတာကလည်းလေ . . . လီလီရယ်"

"တော်လောက်ပြီထင်တယ် ကိုညီညီထွန်း၊ အဲဒီ ရှင့်စကား တွေကို ကျွန်မအလွတ်ရနေပြီ၊ အရမ်းလည်း ညည်းငွေ့လာပြီ၊ ဒီထက် ပိုပြီး ရုပ်ဆိုးတဲ့ အခြေအနေကို မရောက်ခင်၊ ကျွန်မ ဒေါသသိပ် မထွက်ခင် အိမ်ကို ပြန်ခွင့်ပြုပါတော့ . . ."

"လီလီပြန်မယ်ဆိုလည်း ပြန်ပါ၊ ကိုယ် မတားတော့ပါဘူး ဒါပေမယ့် ကိုယ်တို့နှစ်ယောက်ရဲ့ ပတ်သက်ခဲ့ဖူးတဲ့ သံယောဇဉ်တွေ ကို ထောက်ထားပြီး လီလီ့ကို လိုက်ပို့ခွင့်ပြုပါနော်"

"ဟင်းဟင်း . . . တော်ပါတော့ရှင်၊ တော်ပါတော့၊ အဲဒီ အတိတ်က ကိစ္စတွေကိုလည်း ခုတုံးမလုပ်ချင်ပါနဲ့တော့၊ ဘာဖြစ်လို့ လဲ သိလား၊ အဲဒီတုန်းက ကျွန်မ ရှင့်ကို ချစ်ခဲ့တယ်၊ ယုံကြည်ခဲ့တယ်၊ ရှင်ကလည်း ကျွန်မရဲ့ချစ်ခြင်း၊ ကျွန်မရဲ့ယုံကြည်မှုနဲ့ ထိုက်တန်တဲ့ လူတစ်ယောက် အသေအချာဖြစ်ခဲ့တယ်၊ ဒီတော့ ကျေးဇူးပြုပြီး အဲဒီ အတိတ်ကာလလေးကို အကျည်းတန်အောင် လုပ်မပစ်ပါနဲ့၊ အဲဒီ အတိတ်ကို သူ့အတိုင်းလေးပဲ ထားလိုက်ပါ ကိုညီညီထွန်း၊ ကျွန်မနဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်း မဆိုင်၊ ရှင်နဲ့လည်း မဆိုင်တဲ့ အတိတ်လှလှလေးအဖြစ် သူ့ဘာသာ ကျန်ရစ်ခဲ့ပါစေရှင် . . .၊ ဒီအချိန်မှာ ရှင်လည်း ရှင်ရွေးတဲ့လမ်းကို ဆက်လျှောက်ပါ၊ ကျွန်မလည်း ကျွန်မဘဝကို ကျွန်မရပ်တည်မယ်၊ အမုန်းတွေမပါဘဲ ရိုးရိုးသူစိမ်းတွေလိုပဲ ကျွန်မတို့ ရှေ့ဆက်ကြတာပေါ့"

ပြောပြီးသည်နှင့် သူမက ထထွက်သွားပါသည်။ လီလီ ထွက်ခွာသွားလေပြီ။ ဒါပေမယ့် သူမအသံတွေက သူ့နားထဲမှာ၊ သူ့အသိစိတ်ထဲမှာ မဆုံးနိုင်အောင် ပဲ့တင်ထပ်၍ ကျန်ရစ်ခဲ့၏။ ပြောရက်လိုက်တာ လီလီရယ်၊ ပြောတတ်လိုက်တာ။ အစိတ်စိတ်၊ အမွှာမွှာ ပြိုကွဲနေတဲ့ ငါ့ဘဝကြီးတစ်ခုလုံး မီးထတောက်အောင် မင်းမှ ပြောတတ်ပေရဲ့။ သူ့ကို ကျောခိုင်းထွက်ခွာသွားသော လီလီသည် တစ်ခဏအတွင်း မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်။

သူက တစ်ယောက်ထဲ ဆက်ထိုင်နေမိသည်။ အချိန်တွေ ဘယ်လောက်ကြာသွားသည် မသိ။ သူထိုင်နေ၏။ လီလီမရှိတော့။ မဟုတ်သေးပါဘူး။ သူ့အမြင်အာရုံမှာ လီလီရှိနေပါသည်။ သူမကို သူမြင်နေရ၏။ လီလီသည် ငိုလျက်ရှိ၏။ သူက လီလီကို ချော့မော့ရန် ကြိုးစားလိုက်သည်။ ထိုသို့ရှိနေစဉ် ငိုနေသော လီလီသည် သူကိုယ်တိုင်ပဲ ပြန်ဖြစ်နေလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

အခုနောက်ပိုင်းတွင် သမ္မတ Internet Cafe ၌ အောင်ပြည့်က ပိုမိုတာဝန်ယူပေးသည့်အနေနှင့် အချိန်ပြည့်ရှိနေတတ်သည်။ အောင်လွင်ဦးမှာ တက္ကစီမောင်းရင်း တစ်ခါတစ်ရံ ဝင်လာလေ့ရှိ၏။ မျိုးဝင်းကတော့ မကြာခဏဆိုသလို ရောက်လာတတ်စမြဲ။ ညီညီထွန်းသည်ကား သူ့စတိုးဆိုင်များနှင့် အလုပ်တွေ ပြန်ရှုပ်လျက်ရှိလေသည်။

သို့သော် သူတို့ချင်း အရင်လို သိပ်မဆုံဖြစ်ကြတော့ . . . ။ ဆုံမိဖို့လည်း ဘယ်သူကမှ မကြိုးစားကြတော့ဘဲ တိုက်ဆိုင်စွာ ရှား



www.burmeseclassic.com

www.burmeseclassic.com



နှုးပါးပါးဆုံမိသော် ဟန်ဆောင်မှုတွေနှင့် မျက်နှာဖုံးစွပ်ထားကြပြန်သည်။

တစ်စုံတစ်ရာသော အဖြစ်အပျက်တစ်ခု . . . သို့မဟုတ် . . . လူတစ်ယောက် . . . သို့မဟုတ် . . . လူများအားလုံးအတွက် . . .။ ဘယ်လိုပင်ဖြစ်စေ . . .၊ ဟန်ဆောင်မှုဆိုသည်မှာ ပင်ပန်းလွန်းလှပါသည်။

ဖြစ်နိုင်လျှင် သူတို့က လီလီနှင့် ညီညီထွန်းတို့ကို မဆုံချင်ကြပါ။ မတော်တဆ ဆုံမိသည့်အခါတွင်လည်း တတ်နိုင်သမျှ ပျော်ချင်ဟန်ဆောင်ပေးကြ၏။

ခေါင်မိုးများပေါ်တွင် ခိုတွေ တည်ရှိမြဲရှိနေသကဲ့သို့ ကောင်းကင်၌ တိမ်များ ခရီးသွားမြဲသွားလာနေသကဲ့သို့ လူ့ဘဝ၏ ညည်းငွေ့ဖွယ်များသည် သူတို့ရင်ထဲမှာ ယာယီအုပ်စုဖွဲ့နေထိုင်လျက် ရှိပါသည်။ သို့ရာတွင် သူတို့အားလုံး သတိရနေမိသည်မှာ သေဆုံးသွားသည့် ပျော်ရွှင်မှုတစ်ခုအကြောင်းသာ ဖြစ်၏။ ဟုတ်ပါသည်။ သူနှင့် လီလီတို့အကြားမှာ ကဗျာမဆန်လှသော ပျော်စရာအတိတ်ကာလများ ရှိခဲ့ဖူးသည်။ ထိုအတိတ်တွင် ကော်ဖီခွက်တွေ ပါဝင်ခဲ့၏။ ငွေစက္ကူအချို့ ပါဝင်ခဲ့၏။ ပြီးတော့ စနေ၊ တနင်္ဂနွေည ဘောလုံးပွဲများ၊ ရယ်သံနှင့် ရန်ပွဲတွေ၊ ပြာနှမ်းပေ့ပါးသော ကောင်းကင်၊ စိတ်ကောက်နုတ်သမီးပုံတူ၊ သူ့တစ်ယောက်တည်းသီးသန့် စကြဝဠာ၊ သူမ၏ မွှေးပျံ့သည့် ရွှေအိုရောင်မျက်ခွံ၊ တစ်ချပ်မှောက်ဖဲဝိုင်း၊ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



သောက်၏ အခြားသော ခန္ဓာကိုယ်နှင့် ကြာပန်းတစ်ပွင့် . . . (ဓ
သဖြင့်) များစွာ ပါဝင်ခဲ့ဖူးကြပါသည်။

* * * *

လီလီသည် ဒဂုံစင်တာ စီးတီးမတ်ခ်ထဲတွင် အချိန်တော်
တော်ကြာအောင် တဝဲဝဲ၊ တလည်လည် ဖြစ်နေ၏။ စိတ်လေနေတာ
ကို သူမကိုယ်သူမ သတိထားမိကာ ပြုံးလိုက်ပါသည်။

နောက်ဆုံးတော့ ဖေဖေ့အတွက် ရှပ်အင်္ကျီနှစ်ထည်နှင့် စွပ်
ကျယ်တစ်ထည်ကိုသာ ဝယ်ရန်ဆုံးဖြတ်လိုက်ပြီး သူမက ငွေရှင်း
ကောင်တာတစ်ခုမှာ ဝင်တန်းစီရပ်နေမိ၏။ ပုံမှန်ထက် နည်းနည်း
ပိုကြာလာသဖြင့် သူမရှေ့ရှိ တန်းစီငွေရှင်းနေသူများကို လီလီက
စိတ်ပျက်စွာ တစ်ချက်လှမ်းကြည့်လိုက်လေသည်။ မပြီးနိုင်တော့ဘူး
လား။ သူမရှေ့မှာ လူနှစ်ယောက်တောင် ရှိနေသေးသည်။ ကောင်
တာတွင် လက်ရှိငွေရှင်းနေသူကို သူမမြင်သွား၏။ ဟင် . . . လီလီ
ကလည်း ချက်ချင်းမှတ်မိလိုက်၏။ Yes အဖွဲ့ဝင် တစ်ယောက်ပါ
လား။ နာမည်က အေမီဂွန်ဆိုလားပဲ။

ကောင်တာမှ ဝန်ထမ်းအမျိုးသမီးက အေမီဂွန်ကို မသိ
မသာ အကဲခတ်လျက် နောက်တွင်တန်းစီစောင့်နေသည့် လူတွေဆီ
တစ်ချက်ဝေ့ကြည့်လိုက်၏။ သူမနောက်က လူတွေလည်း စိတ်မရှည်



www.burmeseclassic.com

www.burmeseclassic.com



ဘော့ဟန်ဖြင့် မျက်မှောင်ကုပ်လျက် ရှိကြသည်။

အေမီဂွန်သည် စိတ်လှုပ်ရှားမှုကြောင့် မျက်နှာတစ်ခုလုံး နီရဲကာ ချွေးတွေပြန်လာသည်။ သူမပိုက်ဆံအိတ်မှာ ဘယ်ရောက် နေသနည်း။ သို့သော် သူမက နောက်ဆုံးအကြိမ်အဖြစ် လက်ကိုင် အိတ်ကြီးထဲမှာ ပြန်ရှာကြည့်မိပြန်သည်။ နောက် . . . ဝတ်လာသည့် ဘောင်းဘီအိတ်ထဲမှာပါ သူမက ထပ်နှိုက်ကြည့်နေ၏။ မရှိ။ လုံးဝ မရှိ။ သေချာသွားပြီ။ သူမမှာ ပိုက်ဆံအိတ်မရှိတော့ . . . ။ အိမ်မှာ ပဲ ကျန်ရစ်ခဲ့သလား၊ တစ်နေရာရာမှာပဲ ခါးပိုက်အနှိုက်ခံရသလား ဆိုတာတော့ အေမီဂွန်လည်း မသိချေ။ နှုတ်ခမ်းကို ခပ်ဖွဖွကိုက်၍ သူမနောက်မှာ စောင့်နေကြသော လူတန်းကြီးကို မရဲတရဲလေး ပြန် လှည့်ကြည့်လိုက်ပါ၏။ သူမအကြည့်တွေက တစ်စုံတစ်ရာကို မတော် တဆ တွေ့မြင်သွားလေသည်။

"ဟင် . . . သွားပြီ"

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

အေမီဂျွန်လည်း ထိုနေရာမှာ လဲသေချင်စိတ်ပေါက်သွားတော့သည်။ လီလီနဲ့မှ လာဆုံရတယ်လို့ပဲ။ အရှက်တွေတော့ ကွဲပါပြီ။ သူမမျက်လုံးတွေက အေမီဂျွန်ဆီမှာ။ သူမ၏အရှက်ကွဲခန်းကို လီလီက ပြုံးပြုံးကြီးကြည့်နေသဖြင့် ခံရခက်လှ၏။ Cashier အမျိုးသမီးက အေမီဂျွန်ကိုကြည့်ကာ ချောင်းတစ်ချက်ဟန့်လိုက်ပြီး . . .

"အစ်မ . . . တကယ်လို့ အခက်အခဲတစ်ခုခုရှိရင်လည်း ဒီဘက်နားကို ခဏလာပေးပါလားရှင်၊ ကျွန်မပြောတာက ဖို့ပဲလေ နောက်မှာ လူတွေကများတော့ . . . အဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် . . . ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျွန်မကလည်း . . ."

"အေဗီဂျွန် . . ."

ထိုစဉ် သူမနာမည်ကို လှမ်းမေး လိုက်သော လီလီအသံကြောင့် အေဗီဂျွန်တစ်ယောက် ဆတ်ကနဲ တုန်ခါသွား၏။ ငါ့ကို ဘာပြောချင်လို့လဲ။ ရှက်စိတ်တွေ မွှန်ထူနေသည့်ကြားက မခံချင်စိတ်ကလေးသည် ရုန်းကြွလာ၏။ နင် ငါ့ကို ဘာပြောမလို့လဲ။ ပြောချင် ပြောကြည့်စမ်း လီလီ . . .။ အေဗီဂျွန်သည် စူးစူးရဲရဲ မျက်လုံးများဖြင့် လှည့်ကြည့်လိုက်မိသည်။ လီလီ့အပြုံးမျက်နှာလေးနှင့် အမှတ်မထင် ဆုံလိုက်ရတော့ အေဗီဂျွန်မှာ အိုးတိုးအမ်းတမ်း ဖြစ်သွားရှာသည်။ လီလီက ရင်းနှီးဖော်ရွေသော အမူအရာဖြင့် သူမကို မျက်ခုံးပင့်ကြည့်လိုက်ရင်း . . .

"နင်ဘာဖြစ်နေတာလဲ၊ ပိုက်ဆံက ငါ့ဆီမှာလေ၊ စိတ်ညစ်လိုက်တာ အေဗီဂျွန်ရယ်၊ ဒီမှာ ငါ့ဟာတွေပါပေါင်းပြီး ရှင်းလိုက်၊ မြန်မြန်လုပ်ပါဟဲ့၊ သူများတွေကို အားနာစရာ၊ ရော့ ရော့ . . . အဲ အဲ အစ်ကိုကြီး ဒါလေးကို တစ်ဆိတ်လောက် လှမ်းပေးလိုက်စမ်းပါ"

စီတန်းနေကြသူများဆီမှ မကြားတကြား စူပွစူပွရေရွတ်သံများ၊ ငွေစာရင်းဖြတ်ပိုင်းစာရွက်နှင့် ခြင်းတောင်းထဲမှ ပစ္စည်းတွေကို အေဗီဂျွန်က ငေးငိုင်ကြည့်နေမိသည်။ ဘာတွေဖြစ်ကုန်တာလဲ။ လီလီက . . .။ ငါ့ကို . . .။ သူမပိုက်ဆံအိတ်နှင့် ဝယ်ယူထားသည့် ပစ္စည်းတွေကို လှမ်းပေးလိုက်ပါ၏။ အေဗီဂျွန်၏ အကြည့်မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ လူတွေက လုံးထွေးပိုးဝါးနေသည်။ အသံတွေကလည်း ရောနှော ဆူညံလျက်ရှိသည်။

အထုတ်နှစ်ထုတ်အား ဘယ်ညာကိုင်ဆွဲ၍ စီးတီမတ်ခ်ထဲက ထွက်လာခဲ့ပြီး တစ်စုံတစ်ခုကို အေမီဂျွန်က သတိတရနှင့် ပြန်လှည့်ကြည့်လိုက်မိသည်။ လီလီက သူမပစ္စည်းတွေကို လက်ကမ်းကာတောင်းရင်း အေမီဂျွန်ကို ပြုံးကြည့်နေလေသည်။

"ပေး . . . အေမီဂျွန်၊ နင်ကလည်း ဘာတွေလောနေတာလဲ၊ ငါ့ကိုတောင် မစောင့်ဘူး"

လီလီ၏ တရင်းတနှီးလေသံကြောင့် အေမီဂျွန်ရင်ထဲမှာ လှိုက်ကနဲ ဆို့တက်လာ၏။ လီလီရယ်။ နင်က ငါ့ကို ငွေကြေးကူညီရုံသာမက အရှက်နှင့်သိက္ခာအတွက်ပါ ဆက်ပြီးသရုပ်ဆောင်ပေးခဲ့တာပါလား။ အေမီဂျွန်က သူမကို သူငယ်ချင်းတစ်ယောက်ပမာ ဖော်ရွေပေ့ါပါးစွာ ပြောဆိုနေသော လီလီ့လက်ထဲသို့ အထုတ်တစ်ထုတ် ထည့်ပေးလိုက်ပါသည်။ ငါသာ လီလီနေရာမှာဆို သူမလို သဘောထားနိုင်ပါ့မလား။ ကူညီနိုင်ပါ့မလား။ ဖော်ရွေနိုင်ပါ့မလား။ အေမီဂျွန်သည် မျက်တောင်ကို တဖျပ်ဖျပ်ခတ်၍ လီလီ့အား ပြုံးပြလိုက်မိ၏။

"ရော့ . . . ဒီမှာ နင့်ပိုက်ဆံအိတ် . . ."

လီလီက ပိုက်ဆံအိတ်ကို လှမ်းယူလိုက်ရင်း ပြုံးလျက် လက်တစ်ချက်ထောင်ပြ၏။ ဆောရီးပါ လီလီရယ်။ အေမီဂျွန်သည် ထိုစကားကိုသာ အထပ်ထပ်၊ အခါခါ ရေရွတ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ လီလီတို့နှစ်ယောက်မှာ အထုပ်တွေဆွဲလျက် စီးတီးမတ်ခ်ထဲမှ ပြန်ထွက်လာသည်။ အေမီဂျွန်က လီလီ့လက်ကို ရည်ရွယ်ထားခြင်းမရှိဘဲ ရုတ်တရက် ဆွဲယူဆုပ်ကိုင်လိုက်မိ၏။

"လီလီ . . . ငါ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး ဟာ၊ အရမ်းကို ကျေးဇူးတင်တာပါ၊ နင့်ပိုက်ဆံကို ဘယ်အချိန်မှာ ပြန်လာပေးရမလဲ၊ ဒါမှမဟုတ် အခု အိမ်ကို လိုက်ယူပါလားဟင်၊ အဲလိုပြောလို့ တစ်မျိုးတော့ မထင်ပါနဲ့နော်၊ ငါက အရမ်းအားနာ လို့ပါ"

"ရပါတယ်၊ ကိစ္စမရှိပါဘူး၊ နောက်ကြုံမှပဲပေးပေါ့၊ လီလီ့ကို လုံးဝအားမနာပါနဲ့၊ အိုကေ . . . နော်"

"နေ . . . နေပါဦး၊ ဒီလိုလုပ်ပါလား၊ ငါအရင်ဆုံးအိမ်ပြန်ပြီး ပိုက်ဆံသွားယူမယ်၊ ပြီးရင် ငါတို့ ဆိုင်တစ်ဆိုင်မှာ တစ်ခုခုစားရင်း စကားလေး၊ ဘာလေး ပြောကြတာပေါ့၊ လီလီ အဆင်ပြေမယ့် ဆိုင်ကိုသာ ရွေးပါ၊ ငါကျွေးပါ့မယ်"

လီလီသည် တည်တည်ငြိမ်ငြိမ်ပြုံးလျက် ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်ပါသည်။

"အဲဒါဆိုလည်း . . . . ."

* * * *

ထို့နောက် သူမတို့နှစ်ယောက်သည် Mr. Poem ကွင် တစ်



www.burmeseclassic.com

www.burmeseclassic.com



နာရီခန့်ထိုင်၍ စကားများစွာ ပြောဖြစ်ခဲ့ကြ၏။ အေမီဂျွန်ခမျာ လီလီ့ကို တောင်းပန်လိုက်၊ ရှင်းပြလိုက်၊ ဝန်ခံလိုက် . . . နှင့် တစ်ယောက်ထဲ ဖတ်ဖတ်ကိုမောနေရှာသည်။

လီလီကား ငြိမ်သက်နေဆဲ။ အေမီဂျွန်သည် စကားတွေ ပြောရလွန်းသဖြင့် မောသွားပြီး အအေးသောက်ကာ အမောဖြေနေပြန်သည်။ အပြင်ဘက်လောကတွင် အလင်းတို့က ဝေသီမှိုင်းမှုန်လျက်ရှိ၏။ ကောင်းကင်၌ ငှက်ကလေးနှစ်ကောင်သည် အုပ်စုမှခွဲထွက်၍ မြောက်အရပ်သို့ ပျံသန်းသွားကြသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၂၅)

အေမိဂ္ဂျန်က ပြန်သွားပြီဆိုတော့ လီလီလည်း Mr. Poem မှ အိမ်သို့ပြန်ရုံသာ။ မဝေးလှသည့် ခရီးမို့ သူမက ခြေလျင်လမ်း လျှောက်ပြန်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

နေလုံးဝါဝါပင် မိုးကုပ်စက်ဝိုင်းအစွန်းသို့ ခုန်ဆင်းသွားလေပြီ။ လမ်းမီးတိုင်များမှာ ရုတ်တရက် လန့်နိုးလာကာစ။ သစ်သီးများ၊ ပန်းပွင့်များသည်ကား ဆည်းဆာနေညိုရိပ်ထဲမှာ စုပုံငြိမ်သက်နေကြ သည်။ မြို့ပြသည် ရောင်းသူဝယ်သူတို့၏ အော်သံများ၊ လေတိုး သံများ၊ လျှပ်စစ်မီးရောင်များဖြင့် လှုပ်ရှားသက်ဝင်လို့နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမပေါ်တွင် လူနှင့်ကားများ ရောနှောရွေ့လျားလျက်ရှိသည်။ လမ်းဘေးဈေးသည်များက ပလက်ဖောင်းပေါ်မှာ ပြည့်နှက်နေ၏။ ရွံ့ရေအိုင်ငယ်တချို့ကို ရှောင်ကွင်း၍ ရှေ့နောက်ဝဲယာမှ ကားများကိုလည်း သတိထားရင်း လီလီတစ်ယောက်ထဲ အိမ်ပြန်လာခဲ့ပါသည်။

သို့သော် သူမစိတ်တွေက လူနှင့်အတူရှိနေရဲ့လား (သို့မဟုတ်) ဝေးကွာနေသလားဆိုတာ သူမကိုယ်သူမ သေချာမသိပေ။ သေချာတာကတော့ သူမခြေထောက်တွေ ရွေ့လျားနေခြင်းပင်ဖြစ်၏။ ပို၍သေချာသည်တစ်ခုက တစ်နေရာရာဆီသို့ သူမ,သွားချင်နေပါ၏။ ရင်းနှီးသော သူစိမ်းများနဲ့ဝေးရာ၊ အမှန်အမှားတွေနဲ့ဝေးရာ၊ အသံများနဲ့ဝေးရာ၊ သိမှုတချို့နဲ့ဝေးရာ၊ ကာလတရားနဲ့ဝေးရာ . . . ။ ဘယ်နေရာဖြစ်ဖြစ် ရပါသည်။

ပတ်ဝန်းကျင်၏ ရှုပ်ထွေးမှုများစွာက လီလီဦးနှောက်တွေကို လာရောက်ထိုးဆွနေကြသည်။ ထိုအခြေအနေမျိုးတွင် လူ၏ဦးခေါင်းသည် ခေါင်းကိုက်ဝေဒနာစွဲကပ်ရန် အကောင်းဆုံးနေရာတစ်ခုလည်း ဖြစ်လေ၏။ ရုတ်တရက် တစ်စုံတစ်ယောက်က သူမ၏နာမည်ကို လှမ်းခေါ်လိုက်ပါသည်။

"လီလီ"

မကြားချင်ယောင်ဆောင်ပြီး Akon သီချင်းသံနှင့် ဆောပတ်နဲ့တို့ ရောယှက်နေသည့် ဘိန်းမုန့်လှည်းတစ်ခုကို သူမက မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကျော်၍ ဆက်လျှောက်ရန် ကြိုးစားလိုက်၏။

"လီလီ . . . ဘယ်သွားမလို့လဲ"

နောက်ထပ် မေးခွန်းသံတစ်ခုနှင့်အတူ သူမ၏လက်တစ်ဘက်ပါ ဖမ်းဆုပ်ကိုင်ခြင်း ခံလိုက်ရသည်။ လီလီလည်း ရပ်တန့်သွား၏။ သူမအနီးမှာ လာရပ်သူကို လှည့်ကြည့်စရာမလိုဘဲ လီလီသိလိုက်ပါသည်။ သူမကို ဒီလိုပိုင်စိုးပိုင်နင်း လုပ်ရဲသူမှာ (ကမ္ဘာကျော်ဘပ်စေးနဲကြီး) ညီညီထွန်းမှလွဲ၍ တခြားဘယ်သူရှိဦးမည်နည်း။

"လီလီ . . . ကိုယ်က လမ်းထိပ်မှာ ထိုင်စောင့်နေတာကြာလှပြီ၊ လီလီက လမ်းထဲမဝင်ဘဲ ဆက်လျှောက်သွားလို့ လှမ်းခေါ်လိုက်သေးတယ်၊ မကြားတာနဲ့ ထပ်ခေါ်ရင်း အခုလို အမှတ်တမဲ့ လှမ်းဆွဲလိုက်မိတာ . . ."

ပြောရင်းနှင့် လက်ကို အသာအယာ ပြန်လွှတ်ပေးကာ သူမကို ငေးကြည့်နေလိုက်ပါသည်။ သူမလည်း ဘေးဘီဝဲယာကို လှည့်ပတ်ကြည့်မိလိုက်တော့မှ ဝင်ရမည့်လမ်းကို ကျော်လာခဲ့မှန်း သတိထားလိုက်မိ၏။

ညီညီထွန်းက . . .

"ကိုယ် အိမ်ကိုရောက်ခဲ့ပြီးပြီ၊ အန်ကယ်နဲ့တွေ့တယ်၊ လီလီထွက်သွားတာ ကြာပြီဆိုလို့ ဒီလမ်းထိပ်မှာ လာစောင့်နေတာ၊ အေမီညွှန်ကလည်း ကိုယ့်ဆီ ဖုန်းလှမ်းဆက်ပြီး တောင်းပန်တယ်လေ"

လီလီသည် လမ်းထိပ်ပလက်ဖောင်းအစွန်းမှာရပ်၍ ရည်



www.burmeseclassic.com

www.burmeseclassic.com



ရှယ်ရာမဲ့ ငေးကြည့်နေဆဲ။ သူမဘေးမှ ညီညီထွန်း၏ တတွတ်တွတ် စကားသံများက ဘိန်းမုန့်လှည်းမှ သီချင်းစည်းချက်တွေနှင့် ပေါင်း စပ်ရောယှက်ကာ သွားသည်။

"အဲလိုကြီးတော့ မလုပ်ပါနဲ့ လီလီရယ်၊ ကိုယ် တကယ်မနေ တတ်လို့ပါ၊ လီလီ စိတ်ကျေနပ်တဲ့အထိ ကိုယ့်ကို အပြစ်တစ်ခုခုပေး လိုက်ပါ၊ အခုလို စကားလည်းမပြော၊ ဘာမှလည်း မတုန့်ပြန်ဘဲ ဆက်ဆံတာလောက် အခံရခက်တာ မရှိဘူး၊ လီလီ . . . မင်း ကိုယ့် ကို သတ်ပစ်ချင်သတ်ပစ်လိုက်စမ်းပါ၊ အခုလို မသေမရှင် ဘဝမျိုး နဲ့တော့ မနေပါရစေနဲ့၊ မင်း ငါ့ကို မလုပ်ဘူးလား၊ ကဲကွာ . . ."

"ဖြောင်း ဖြောင်း ဖြောင်း"

ထင်မှတ်မထားသောကြောင့် လီလီလည်း ကြောင်နေမိ၏၊ ပြီးမှ သတိဝင်လာကာ သူ့ပါးသူရိုက်နေသော ညီညီထွန်းလက်တွေ ကို အတင်းဝင်ဆွဲရတော့သည်။

"အို . . . အဲဒီလိုမလုပ်ပါနဲ့ ညီညီရယ်"

ခန္ဓာကိုယ်နှစ်ခုမှာ ပူးကပ်လုံးထွေးသွားပြီး ရုတ်ရုတ်သဲသဲ တွေ ဖြစ်ကုန်သည်။ ခဏမျှကြာတော့ အခြေအနေက ပြန်လည်ငြိမ် သက်လို့သွား၏။ လီလီသည် သူ့ရင်ခွင်ထဲရောက်နေကြောင်း သတိရ သွားက ရှက်ကိုးရှက်ကန်းနှင့် ဆောင့်ရုန်းပစ်လိုက်ပါသည်။ ညီညီ ထွန်းလည်း ဝမ်းနည်းနာကျင်စွာ ခေါင်းငိုက်စိုက်ကျသွား၏။ လီလီက သူမရှေ့မှာ ခေါင်းငုံ့ရပ်နေသော ညီညီထွန်းကိုကြည့်လျက် မျက်စောင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုးလိုက်ပြန်သည်။

"ခင်ဗျားကို အဲသလို မဆင်မခြင်နဲ့ ရှုးကြောင်ကြောင်တွေ လျှောက်လုပ်လို့ကို ကျွန်တော်က မုန်းတာ"

ညီညီထွန်းမှာ ဆတ်ကနဲ ခေါင်းကိုမော့ပြီး လီလီ့ကို အံ့သြတကြီး ကြည့်နေမိ၏။ ကြာပန်းလေး၏မျက်နှာပေါ်တွင် ရင်းနှီးခဲ့ဖူးသော ချစ်ခြင်းရနံ့များနှင့် ဆွတ်ဆွတ်ဖြူလို့နေလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

ညအပြာသည် ခါတိုင်းထက် ပိုမိုကြည်စင်နေသလို ထင်ရ၏။ နီယွန်မီးတွေ လင်းထိန်နေပုံကလည်း မြို့ပြ၏လျှပ်စစ်ကဗျာများနှယ် အသက်ဝင်လျက်ရှိသည်။ လူတွေဆီမှ လွတ်လပ်ပေါ့ပါးသောရယ်သံများသည် ကောင်းကင်ထဲသို့ အလုအယက် တိုးဝေ့ပျံတက်သွားကြ၏။

ဒီလိုညမျိုးမှာ လီလီကလည်း သူမရဲ့ကြာညိုရနံ့ကို မျက်စောင်းလေးတွေနဲ့ ပုံမှန်ထုတ်လွှင့်နေလေရဲ့။ ခဏကြာတော့ မျက်စောင်းထိုးရုံတင် အားမရတော့ဘဲ ရန်စကားတွေပါလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ လူနားကို အတင်းတိုးကပ်နေတာလဲ၊ ဒီမှာ သမ်းလျှောက်လို့တောင် မရတော့ဘူး၊ ဟိုဘက်တိုး . . .၊ ဟွန်း . . ခင်ဗျားနော်၊ ရုပ်က စပ်ဖြဲဖြဲနဲ့ ကြည့်လို့ကို မရဘူး . . . သွား . . ."

"................

....................

................"

"ဘာမှလာမပြောနဲ့၊ ခင်ဗျားဘာသာ ခင်ဗျားစကားပူကို ဘူးဆပြီးပဲ သွားသွား၊ အလုပ်ကိစ္စနဲ့ပဲ သွားသွား၊ စိတ်မဝင်စားဘူး၊ ကျွန်တော့်ကို လာရှင်းပြမနေနဲ့၊ ကျွန်တော်မသိအောင် တိုက်ခန်းပေါင်သွားတဲ့ကိစ္စကိုတော့ လုံးဝကို မကျေနပ်တာ . . ."

"................

...................."

သူဘယ်လိုပြောပြော ကြာပန်းလေးက ခေါင်းတခါခါ၊ လည် တခါခါနှင့် ငြင်းဆန်မြဲငြင်းဆန်လို့နေ၏။ ပြီးတော့ သူမက နှုတ်ခမ်းကို ဝလုံးထူထူလေးလို စူထားလိုက်သေးသည်။ အဲဒီနှုတ်ခမ်းလေးနောက်ကွယ်မှာ သူမ၏လျှို့ဝှက်ထားသော အလွမ်းတွေကိုမူ သူက မမြင်ချင်ယောင်ဆောင်ပေးထားရလေသည်။

"ဟိုးထား . . . စိတ်ဆိုးတာကို ခဏလေးဟိုးထားဖေး၊ ကိုယ်ပြောလို့ပြီးမှ ဆက်ဆိုးချင်ဆိုး . . . ဟုတ်ပြီလား၊ ဒီလိုလေ . . . လီလီက အဲဒီအခန်းက ပစ္စည်းတွေကို ပေါင်စားမယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



စသလို၊ နောက်သလိုနဲ့ ခဏခဏပြောနေတော့ ကိုယ်လည်း စိတ်ညစ်တာပေါ့၊ ကိုယ်က အဲဒီအခန်းလေးကို ကိုယ်တို့နှစ်ယောက်ရဲ့ သီးသန့်ကမ္ဘာလေးမို့ အရမ်းတန်ဖိုးထားတာ . . .၊ ကိုယ်ဟာ ကပ်စေးနှဲ တတ်တာမှန်ပေမယ့် အဲဒီအခန်းနဲ့ ပတ်သက်လာရင် ကိုယ့်တွန့်တိုမှုက ခါတိုင်းနဲ့မတူဘူး၊ ဘယ်လိုပြောမလဲကွာ . . .၊ ကိုယ်တို့ရဲ့အထိမ်းအမှတ် ဗိမာန်နေရာလေးကို လုံးဝအထိပါးမခံနိုင်တာမျိုးပါ"

ထိုအခိုက် လီလီ့ဆီမှ မျက်စောင်းပျံလေးတစ်ခုက လွင့်ခနဲရောက်ရှိလို့လာသည်။ သူက ခပ်တည်တည်နှင့် စကားတွေ ဆက်ပြောနေမိသည်။

"အဲဒီတော့ လီလီပေါက်ကရတွေ လျှောက်လုပ်မှာတော့ တကယ်ပဲ ကိုယ့်စိုးရိမ်မိခဲ့တယ်၊ ငွေကြေးကြောင့် မဟုတ်ဘူးနော်၊ အဲဒီအခန်းနဲ့ ပတ်သက်လာရင် ဘယ်လိုပုံစံနဲ့မှ မတော်တဆလေး တောင် (image) အင်းမေ့ချ်ကို မထိခိုက်စေချင်တာ . . . လီလီရဲ့"

လီလီက ရွဲ့ပြီး . . .

"ဒါဆိုလည်း အစောင့်သာ ငှားထားလိုက်တော့ . . ."

"အစောင့်ငှားမယ်ဆိုရင်လည်း အဲဒီအစောင့်က ကိုယ်တို့ အခန်းလေးထဲ ဝင်မှာပဲ၊ အဲဒီလိုဝင်မှာကို ကိုယ်က မကြိုက်တာ . . .၊ သိပြီလား၊ ပြီးတော့ အစောင့်ငှားရင် ပိုက်ဆံကုန်ဦးမယ်လေ လီလီရဲ့ . . .၊ အဟီး . . .၊ အဲဒါနဲ့ ဘဏ်မှာပိုက်ဆံတစ်သိန်းထဲနဲ့ အပေါင်ထားလိုက်တယ်၊ ဘဏ်က ထိန်းသိမ်းစောင့်ရှောက်ပေးထားတော့



www.burmeseclassic.com

www.burmeseclassic.com



အစောင့်မလိုတော့ဘူးပေါ့၊ အတိုးကလည်း တစ်သိန်းကို ဘာကျတိုးလေးပဲ ပေးရမှာဆိုတော့ ဘာမှမကျဘူး၊ စိတ်လည်းချရတယ်လေ . . . မဟုတ်ဘူးလား၊ ဟီးဟီးဟီး . . . "

"ခစ်ခစ် . . . ခစ် . . . "

ကြာပန်းလေးမှာ သူ့စကားအဆုံးတွင် ဘယ်လိုမှ မရယ်ဘဲမနေနိုင်တော့ချေ။ သူ့ကို စိတ်ကုန်တယ်ဆိုသည့် အကြည့်မျိုးနှင့်ကြည့်၍ လီလီတစ်ယောက် အူလှိုက်၊ သည်းလှိုက် ရယ်နေမိသည်။ ထိုသူမ၏ ရယ်မောသံများတွင် အချစ်ဆိုတာ အမိပွါယ်တွေ ပျော်ခင်နေတာ သေချာလှ၏။

သူက ကြာပန်းလေးကို ငေးကြည့်ရင်း ရုတ်တရက် စိတ်ကူးတစ်ခုရလိုက်ပါသည်။ သူ့စိတ်ကူးမှာ ကလေးဆန်သည်။ ရိုးသည်။ တစ်ပြိုင်နက်ထဲမှာ ဘယ်လိုမှ မရိုးနိုင်အောင် ချစ်စရာကောင်းသည့် ဖြစ်ခင်မှုတစ်ရပ်လည်း ဖြစ်နေပြန်သည်။

ညီညီထွန်းသည် သူ့စိတ်ကူးအတိုင်း လက်ညှိုးနှင့် လက်ခလယ်ထိပ်ဖျားချင်းထိပြီး "ကွင်း" လုပ်ထားသော လက်ကို ကြာပန်းလေးရှေ့သို့ ထိုးပေးလိုက်၏။ ကြာပန်းလေးလီလီက သူ့လက်ကို ရယ်နေသော မျက်လုံးလေးများဖြင့် ကြည့်နေရာမှ ဆောင့်ကြီး၊ အောင့်ကြီး ဖိချလိုက်ပြီး . . .

"ရော့ . . . အင့်၊ နောက်ဆို ဒီလိုမျိုး ထပ်ဖြစ်ရဲဖြစ်ကြည့်ခင်ဗျားနဲ့ကျွန်တော် လုံးဝပြန်မခေါ်ကြေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ချောင်းလေးနှစ်ချောင်းက အခုတော့ သူမဖဝါးထဲမှာ နွေးထွေးစွာ ပူးကပ်လို့နေပါပြီ။ ထိုအထိအတွေ့လေးသည် သူ့ရင်ထဲတွင် နွေးဦးအကြိမ်ကြိမ်၊ မိုးကြိုးအကြိမ်ကြိမ်၊ မုန်တိုင်းအကြိမ်ကြိမ် . . . ပန်းတွေပွင့်နေပါလိမ့်ဦးမည်။

ဒီလိုနှင့် . . . . . . . ။ ။

လေးစားစွာဖြင့်

ဝေမှူးသွင်
Weihmuthwin @ gmail.com
အမှတ် (၇၇/၈၃)၊ အခန်း (၅၁)
မန္တလေးလမ်း၊ ကန်တော်လေး၊
ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

## ဝေမှူးသွင်၏ ထုတ်ဝေပြီးသောစာအုပ်များ

၁။ လဆွဲအားနဲ့မိန်းမ
၂။ အဆင့်မြင့်ချည်တိုင် (ဒုတိယအကြိမ်)
၃။ အနှေးသွားလွန်းပျံယာဉ် (ဒုတိယအကြိမ်)
၄။ စိတ်ကောက်နတ်သမီး (ဒုတိယအကြိမ်)
၅။ လေလုံဇကာ (ကဗျာ)
၆။ အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ (ဒုတိယအကြိမ်)
၇။ သံယောဇဉ်ဖတ်စာ
၈။ သစ်ရွက်တို့၏ ပေါ့ဆခြင်းများ (ကဗျာ)
၉။ ဝတ်မှုန်ကူးတဲ့ကြွယ်
၁၀။ စက္ကူပန်းတွေရဲ့သီချင်း
၁၁။ ကျူးပစ်ကိုယ်တိုင်မသိခဲ့တဲ့ မြားအံကြောင်း
၁၂။ ဗလာကောင်ရေးတဲ့ ဗလာအကြောင်းများ
၁၃။ အခန်းဆက်နှင်းဆီ
၁၄။ ကျွမ်းကျင်စွာပြုလုပ်ထားသောအလွမ်း
၁၅။ ချစ်သူပြောတဲ့ တနင်္ဂနွေပုံပြင်
၁၆။ တစ်ခါတစ်ရံများ
၁၇။ အချစ်အကြောင်း (ကဗျာ)
၁၈။ အဆောင်သူအတွက်
၁၉။ အသည်းကွဲလူရွှင်တော်
၂၀။ တယော
၂၁။ ဒေဝဉယျာဉ်ရဲ့ နောက်ဆုံးနေ့
၂၂။ ဘတ်သီးအော်ပရေးရှင်း
၂၃။ အလွမ်းတွေချိတ်ဆွဲထားတဲ့မိုးတိမ်
၂၄။ မှူကြိုတစ်ဦး၏ ဖာလူဒါအရသာ
၂၅။ လူနောက်

www.burmeseclassic.com

www.burmeseclassic.com


၂၆။ ကတ္တီပါလက်ရေး
၂၇။ လိပ်ပြာငံထောင်ချောက်
၂၈။ ပြယ်လွင့်ခဲ့သော အမှတ်တရ
၂၉။ မမရေးတဲ့နေ့စွဲများ
၃၀။ ပန်းပွင့်အက်ကြောင်း
၃၁။ ဘာညာအထာ
၃၂။ ဘယ်သူမှအရှုံးမဟုတ်ဘူး
၃၃။ ဂိမ်း
၃၄။ ပန်းဝင်စား
၃၅။ အလင်းခက်ဆစ်
၃၆။ ခေါင်းညိတ်ပြေးတဲ့အရိပ်ကလေး
၃၇။ မှဲ့ပြုံးလေးနဲ့အချစ်
၃၈။ နှင်းဆီရောင်မုန်တိုင်း
၃၉။ အလင်းအမှောင်ကကြိုး
၄၀။ သူငယ်ချင်းလွယ်အိတ်ထဲကချစ်သူ
၄၁။ ဟဲလို
၄၂။ မိုးအယ်လ်ဘမ်
ယခု
၄၃။ ကြာပန်းလေးနဲ့ ပြန်မခေါ်ကြေး


www.burmeseclassic.com